


# နောက်ကျကျန်ခဲ့သော တိုင်းပြည်

## မြန်မာနိုင်ငံမှ COVID-19 ကို
## လက်နက်အဖြစ် အသုံးချခြင်း

# နောက်ကျကျန်ခဲ့သော တိုင်းပြည်

## မြန်မာနိုင်ငံမှ COVID-19 ကို လက်နက်အဖြစ် အသုံးချခြင်း

၂၀၂၀ပြည့်နှစ် ဇူလိုင်လ

# မိမိတို့အကြောင်း

“ရှေ့ပြေးအသံအဖွဲ့” သို့မဟုတ် အင်္ဂလိပ်လို “Progressive Voice” သည် မြန်မာနိုင်ငံ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးအတွက် စည်းရုံးလှုံ့ဆော်ရေး လုပ်ဆောင်သည့် အာရှ-ပစိဖိတ်ဒေသတွင်းမှ အဖွဲ့များဖြင့် ၂၀၀၆ ခုနှစ်တွင် ကွန်ရက်အဖြစ် ချိတ်ဆက်ဖွဲ့စည်းခဲ့သည့် မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများအဖွဲ့ (Burma Partnership) မှ ပေါက်ဖွားလာသည့် အဖွဲ့ ဖြစ်ပါသည်။

ရှေ့ပြေးအသံအဖွဲ့သည် အရပ်ဘက်လူထုအသိုင်းအဝိုင်းအားအခြေပြုပြီး လူထု၏ပူးပေါင်းပါဝင်မှုနှင့် အခွင့်အရေးကို အခြေခံသော မူဝါဒပိုင်းဆိုင်ရာသုတေသနနှင့် စည်းရုံးလှုံ့ဆော်ရေး လုပ်ဆောင်နေသောအဖွဲ့ ဖြစ်ပါသည်။ ထို့အပြင် မိမိတို့ ရှေ့ပြေးအသံအဖွဲ့သည် အောက်ခြေလူထုတို့၏ အသံများကို မြှင့်တင်ပေးပြီး လူ့အခွင့်အရေးအခြေခံသည့် မူဝါဒများ ပေါ်ထွန်းလာရေးအတွက် စည်းရုံးလှုံ့ဆော်သည့်အပြင် ထိုအောက်ခြေလူထုအသိုင်းအဝိုင်းနှင့် နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် မူဝါဒရေးဆွဲချမှတ်သူများအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးပါသည်။


**ဆက်သွယ်ရန်**

www.progressivevoicemyanmar.org

info@progressive-voice.org

# မာတိကာ


နိဒါန်း ........ ၁

၁။ COVID-19 နှင့် မြန်မာနိုင်ငံ၏ လုံခြုံရေး အခြေခံသော တုံ့ပြန်ချက် ........ ၅

NDSC နှင့် COVID-19 အရေးပေါ်တုံ့ပြန်ရေးကော်မတီတို့တွင် အဖွဲ့ဝင်များ ထပ်နေခြင်း ........ ၇

၂။ တစ်ရက်တာအတွင်း ကြေညာချက် (၃) ခု ထုတ်ပြန်ခြင်း ........ ၈

၃။ အစိုးရ၏ ကြေညာချက်များက ဖမ်းဆီးမှုများကို လမ်းဖွင့်ပေးခြင်း ........ ၁၃

၄။ အစိုးရ၏ ဖယ်ကြဉ်မှုအခြေအနေအတွင်း COVID-19 ဆိုင်ရာ တိုင်းရင်းသားတို့၏ တုံ့ပြန်ချက်များနှင့် ခုခံမှုများ ........ ၁၈

ချင်းအမျိုးသားတပ်ဦး (Chin National Front - CNF) ........ ၂၀

ကရင်အမျိုးသားအစည်းအရုံး (Karen National Union - KNU) ........ ၂၀

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (Restoration Council of Shan State - RCSS) ........ ၂၁

မွန်ပြည်သစ်ပါတီ (New Mon State Party - NMSP) ........ ၂၁

ကချင်လွတ်မြောက်ရေးအဖွဲ့ (Kachin Independence Organization - KIO) ........ ၂၂

ကရင်နီ EAO များ ........ ၂၂

ရှမ်းပြည်တိုးတက်ရေးပါတီ (Shan State Progess Party - SSPP) နှင့် တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (Ta'ang National Liberation Army - TNLA) ........ ၂၃

၅။ COVID-19 နှင့် ပြည်တွင်းစစ် ........ ၂၆

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် ........ ၂၇

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် မြန်မာစစ်တပ်အကြမ်းဖက်မှုသတင်း – မတ်လ ၂၃ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့ အထိ ........ ၂၉

ကရင်ပြည်နယ် ........ ၃၅

ရှမ်းပြည်နယ် ........ ၃၆

၆။ COVID-19 ပြန့်ပွားနေမှုအပေါ် နိုင်ငံရေးအရ အမြတ်ထုတ်ခြင်း – 'သတင်းအတု'၊ သတင်းအမှားနှင့် အမုန်းစကားများ ........ ၃၈

စီမံကိန်းကို အားပေးမြှင့်တင်ခြင်း ........ ၄၀

COVID-19 သည် နိုင်ငံရေးပါတီ မြှင့်တင်ရေးအတွက် အခွင့်အလမ်းဖြစ်နေခြင်း ........ ၄၁

၇။ ထူးမခြားနား ဗဟိုချုပ်ကိုင်မှု မြင့်မားသော ကျန်းမာရေးစနစ်နှင့် ကူညီထောက်ပံ့ရေးဆိုင်ရာ အဆောက်အအုံ၊ ဗိုင်းရပ်စ်ပိုးအသစ် ........ ၄၅

"လုံလောက်စွာ ဖြည့်ဆည်းပေးထားခြင်း" သို့မဟုတ် "လိုအပ်ချက်များကို လျစ်လျူရှုခြင်း" ........ ၄၆

နိဂုံး ........ ၄၉

အကြံပြုတိုက်တွန်းချက်များ ........ ၅၁

မြန်မာစစ်တပ်နှင့် မြန်မာအစိုးရသို့ ........ ၅၁

နိုင်ငံတကာ အလှူရှင်များ၊ NGO များ၊ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများနှင့်အစိုးရများသို့ ........ ၅၂


DO NOT ENTER
ETHNIC STATES
PEACE IN
PROCESS
WE LOVE YOU!
FIGHT COVID-19
FREE
MASKS
KK
47

“

**COVID-19 တိုက်ဖျက်ရာတွင် မြန်မာနိုင်ငံသည် မည်သူ့ကိုမျှ ဖယ်ချန်မထားပါ"[၁]**

ပဋိပက္ခဒဏ်ခံနေရသော ရခိုင်ပြည်နယ်တွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကပ်ရောဂါတုံ့ပြန်ရေးဆိုင်ရာ အစိုးရ၏ တုံ့ပြန်မှုအား ဖော်ပြထားသည့် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၀ ရက်နေ့ ထုတ်ပြန်ကြေညာချက်

# နိဒါန်း

မြန်မာစစ်တပ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (National League for Democracy - NLD) အစိုးရ၏ အားပေးထောက်ခံမှုဖြင့် တိုင်းရင်းသားလူမှုအသိုင်းအဝိုင်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူ (Human Rights Defender - HRD) များနှင့် သတင်းမီဒီယာများအပေါ် ဖိနှိပ်မှုများ တိုးမြှင့်လုပ်ဆောင်ရန်အတွက် COVID-19 ကို လက်နက်အဖြစ် အသုံးပြုနေသည်။ တစ်ချိန်တည်းတွင် မြန်မာစစ်တပ်သည် နိုင်ငံရေး၌ ၎င်း၏ အခန်းကဏ္ဍ တည်မြဲရေး အာမခံချက်ရှိသည့် တိုင်းပြည်တစ်ရပ် ဖြစ်ပေါ်ရေး မျှော်မှန်းချက်ကိုလည်း ကြိုးပမ်းလုပ်ဆောင်နေသည်။

ရှေ့ပြေးအသံအဖွဲ့က ယခု အစီရင်ခံအတွက် သုတေသနလုပ်ဆောင်ရာတွင် ရှိနှင့်ပြီးသော အချက်အလက်များကို ရှာဖွေစုဆောင်းခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့မှ မေလ ၁၀ ရက်နေ့အကြား ထုတ်ပြန်ထားသော အရပ်ဘက် လူထုအဖွဲ့အစည်း (Civil Society Organization - CSO) များ၊ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (Ethnic Armed Organization - EAO) များ၏ ထုတ်ပြန်ကြေညာချက်များအပေါ် အခြေခံပြီး ဆန်းစစ် သုံးသပ် ရေးသားထုတ်ဝေထားခြင်း ဖြစ်ပါသည်။ ယင်းကဲ့သို့ ဆန်းစစ်ရာတွင် အစိုးရနှင့် EAO များ၏ COVID-19 တုံ့ပြန်ရေးဆိုင်ရာ မဟာဗျူဟာများ၊ အရှိန်မြင့်လာသော ပြည်တွင်းစစ် အခြေအနေများနှင့် ကပ်ရောဂါကာလအတွင်း အမြင်သဘောထားမတူသူများအပေါ် သည်းခံနိုင်မှုလျော့ပါးလာခြင်းများသာမက ဗဟိုချုပ်ကိုင်မှု မြင့်မားသော အကူအညီပေးရေးနှင့် ရန်ပုံငွေဆိုင်ရာ အဆောက်အအုံများ၏ သက်ရောက်မှုများအပေါ် အချက်အလက်များ ကောက်ယူခြင်းနှင့် သုံးသပ်ခြင်းများကိုလည်း ထည့်သွင်းထားသည်။ သတင်းရင်းမြစ်အနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်း နှစ်ခုစလုံးကို လေ့လာကိုးကားထားပြီး ယခု ကပ်ရောဂါကာလအတွင်း အစိုးရအမိန့်ဖြင့် "သတင်းအတုများ" အဖြစ် သတ်မှတ်ခံရပြီး ဝက်ဘ်ဆိုက်များ ပိတ်ဆို့ခံထားရသည့် လွတ်လပ်သော တိုင်းရင်းသားသတင်းဌာနများ၏ သတင်းဖော်ပြချက်များကို အဓိကထား ကိုးကားထားပါသည်။ ရပ်ရွာလူထုအခြေပြုသည့် သဘောသဘာဝရှိသော တိုင်းရင်းသား သတင်းမီဒီယာဌာနများသည် မြန်မာနိုင်ငံရှိ ထိခိုက်အလွယ်ဆုံး ရပ်ရွာအသိုင်းအဝိုင်းများ လက်ရှိရင်ဆိုင်နေရသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံရေး၊ ကျန်းမာရေး အကျပ်အတည်းများအပေါ် နောက်ဆုံးရသတင်းများကို တင်ပြပေးနိုင်သည့် တစ်ခုတည်းသော သတင်းမီဒီယာအဖွဲ့အစည်းများ ဖြစ်နေပြီး ၎င်းတို့ထဲမှ တချို့မှာ အစိုးရက ချမှတ်ထားသည့် အင်တာနက် ပိတ်ဆို့မှု

၁ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြန်ကြားရေးဝန်ကြီးဌာန။ "နိုင်ငံတော် အတိုင်ပင်ခံရုံးက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် အရပ်သား ထိခိုက်မှုများအပေါ် ဝမ်းနည်းကြောင်း ထုတ်ပြန်ကြေညာချက်" ၂၀၂၀ ခုနှစ် ဧပြီလ ၂၂ ရက်နေ့။ Available at: https://www.moi.gov.mm/moi:eng/?q=news/22/04/2020/id-21447

ယခု ဆန်းစစ်သုံးသပ်ချက်ကို အကြောင်းအရာအားဖြင့် (၇) ပိုင်း ခွဲထားပါသည် -

၁ **COVID-19** နှင့် မြန်မာနိုင်ငံ၏ လုံခြုံရေးအခြေခံသော တုံ့ပြန်ချက်

၂ တစ်ရက်တာအတွင်း ကြေညာချက် (၃) ခု ထုတ်ပြန်ခြင်း

၃ အစိုးရ၏ ကြေညာချက်များက ဖမ်းဆီးမှုများကို လမ်းဖွင့်ပေးခြင်း

၄ အစိုးရ၏ ဖယ်ကြဉ်မှုအခြေအနေအတွင်း **COVID-19** ဆိုင်ရာ တိုင်းရင်းသားတို့၏ တုံ့ပြန်ချက်များနှင့် ခုခံမှုများ

၅ **COVID-19** နှင့် ပြည်တွင်းစစ်

၆ **COVID-19** ပြန့်ပွားမှုအပေါ် နိုင်ငံရေးအရ အမြတ်ထုတ်ခြင်း ‘သတင်းအတု’၊ သတင်းအမှားနှင့် အမုန်းစကားများ

၇ ထူးမခြားနား ဗဟိုချုပ်ကိုင်မှု မြင့်မားသော ကျန်းမာရေးစနစ်နှင့် ကူညီထောက်ပံ့ရေးဆိုင်ရာ အဆောက်အအုံ၊ ဗိုင်းရပ်စ်ပိုးအသစ်

ကြောင့် ရှန်းကန်နေကြရသည်။ ၎င်းတို့၏ သတင်းမှတ်တမ်းများနှင့် သတင်းတင်ပြမှုများသည် အလွန်ပင် တန်ဖိုးရှိလှသည်။

ယခု အစီရင်ခံစာပါ အချက်အလက်များကို စုစည်းတင်ပြရာ၌ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့ကို အစပြုချက်အဖြစ် ရွေးချယ်ထားရာ အကြောင်းမှာ ထိုနေ့တွင် မြန်မာအစိုးရမှ အရေးကြီးသော ကြေညာချက် (၃) ခု ထုတ်ပြန်ခဲ့ပြီး ယင်းတို့က မြန်မာစစ်တပ်ကို ပိုမိုအားဖြည့်စေခဲ့ကြောင်း နောက်ပိုင်း၌ တွေ့ရှိလာခဲ့သည်။ ထို ထုတ်ပြန်ခဲ့သော ကြေညာချက် (၃) ခုမှာ နိုင်ငံတွင်း COVID-19 ဖြစ်ပွားမှုရှိနေကြောင်း အတည်ပြုခြင်း၊ ရက္ခိုင့်တပ်တော် (Arakan Army - AA) အား အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာခြင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ "သတင်းအတုများ" ဟူသော စွပ်စွဲချက်ဖြင့် ဝက်ဘ်ဆိုက်များ ပိတ်ဆို့ရန် ဆက်သွယ်ရေးကုမ္ပဏီများသို့ အမိန့်ပေးထုတ်ပြန်ခဲ့ခြင်းတို့ဖြစ်သည်။ မတ်လ ၂၃ ရက်နေ့ ကြေညာချက်များကြောင့် ပဋိပက္ခ ဖြစ်ပွားရာ နယ်မြေများမှ သတင်းပေးပို့နေသည့် လွတ်လပ်သော တိုင်းရင်းသားမီဒီယာဝက်ဘ်ဆိုက်များ ပိတ်ဆို့ခံရခြင်းနှင့် ၎င်းတို့၏အယ်ဒီတာများကို ဥပဒေကြောင်းအရ တရားစွဲခြင်းများအပါအဝင် မြန်မာစစ်တပ်အပေါ်ဝေဖန်ထောက်ပြသောအသံများကိုပိတ်ပင်ခြင်းနှင့် ဖမ်းဆီးခြင်းများ တသီကြီး ဖြစ်လာခဲ့သည်။ ထိုနိပ်ကွပ်မှုများက မြန်မာအစိုးရသည် မြန်မာစစ်တပ်မှ ရန်သူဟု ယူဆသူများကို အန္တရာယ်ရှိသူများအဖြစ် သတ်မှတ်သည့် ညွှန်ကြားလွှာမျိုး ထုတ်ပြန်ပေးပြီး ယင်းကို အစိုးရလုံခြုံရေးတပ်ဖွဲ့များမှ ၎င်းတို့အား ဝေဖန်ဆန့်ကျင်သူများကို ရွေးချယ်နိပ်ကွပ်ရန်အတွက် အသုံးပြုနေသည့် လမ်းကြောင်းပုံစံကို မီးမောင်းထိုး ဖော်ပြနေပါသည်။ ဤအဖြစ်က EAO များနှင့် အနည်းငယ်မျှ ဆက်စပ်သူသို့မဟုတ် ဆက်သွယ်မှုရှိနိုင်သူတို့သည် ထိုနိပ်ကွပ်မှုများ၏ နောက်ထပ် ပစ်မှတ်များ ဖြစ်နိုင်ကြောင်း သတိပေးလိုက်ခြင်းပင် ဖြစ်သည်။

ကြေညာချက်များ ထုတ်ပြန်ပြီး ရက်ပိုင်းအတွင်းမှာပင် မြန်မာစစ်တပ်ကို တိုင်းပြည်၏ COVID-19 အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ ဦးဆောင်မှုနေရာတွင် ခန့်အပ်လိုက်ပြီး ယင်းကော်မတီတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးမျှ မပါဝင်ခဲ့သည့်အပြင် "သတင်းအမှား" ဖြန့်ဝေသည်ဟု ယူဆခံရသူ မည်သူကိုမဆို တရားစွဲ အရေးယူနိုင်သည့် အာဏာများလည်း ပေးထားသည်။ ယင်းကော်မတီဖွဲ့စည်းမှုကို NLD က လက်မှတ်ထိုး အတည်ပြုလိုက်ခြင်းသည် အနှစ်သာရအားဖြင့် မြန်မာစစ်တပ်မှ ၎င်း၏ စစ်ဆင်ရေးများကို ဆက်လက် ဆောင်ရွက်နိုင်ရေးနှင့် COVID-19 ကာကွယ်တားဆီးရေး အမည်ခံ၍ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ထပ်မံချုပ်ချယ်နိုင်ရေး လမ်းဖွင့်ပေးလိုက်ခြင်းပင် ဖြစ်သည်။

မြန်မာစစ်တပ်မှလည်း ယင်းကဲ့သို့ ကေန်အမှန် လုပ်ဆောင်နေခဲ့သည်။ ထိုကဲ့သို့ လုပ်ဆောင်မှုသည် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တစ်နှစ်ကျော်ကြာ ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်ခဲ့ပြီးနောက် မကြာသေးမီကပင် AA အား "အကြမ်းဖက်" အဖွဲ့အဖြစ် ကြေညာပြီး ထိုးစစ်များ ထပ်မံတိုးချဲ့လိုက်သည်။ ယခု အစီရင်ခံစာ ရေးသားနေသည့် အချိန်တိုအတွင်းမှာပင် အကြမ်းဖက်မှုများကြောင့် လူဦးရေ (၁၀,၀၀၀) ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး အနည်းဆုံး အရပ်သားဦးရေ (၄၀) သည်လည်း သတ်ဖြတ်ခြင်း ခံခဲ့ရသည်။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်ဟောင်း မစ္စယန်းဟီးလီက ကပ်ရောဂါကာလအတွင်း မြန်မာစစ်တပ်မှ ဒေသခံအရပ်သားပြည်သူများကို ပစ်မှတ်ထားခြင်းမှာ "စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အား ဆန့်ကျင်သော ရာဇဝတ်မှုများကို" မြောက်စေနိုင်သည်ဟု ဖော်ပြခဲ့သည်။[၂]

COVID-19 ကပ်ရောဂါကာလတစ်လျှောက်လုံးတွင် မြန်မာအစိုးရပိုင်းမှ ထုတ်လွှင့်နေသော အာဘော်များက ၎င်းတို့သည် EAO များ ဖျက်လိုဖျက်ဆီး လုပ်နေသည့်ကြားမှ ထိခိုက်အလွယ်ဆုံးသော လူထုအသိုင်းအဝိုင်းများအား ကူညီစောင့်ရှောက်နိုင်ရန်အတွက် ရနိုင်သမျှ ရင်းမြစ်အားလုံးကို စုစည်းကာ လုပ်ကိုင်ဆောင်ရွက်နေကြောင်း ပုံဖော်ထားသည်။ စင်စစ်အားဖြင့် EAO များမှာ တစ်လကျော်သည့်တိုင်အောင် အစိုးရထံမှ COVID-19 ကာကွယ်တားဆီးရေးအတွက် မည်သည့် အထောက်အပံ့ကမ်းလှမ်းမှုမျှ မရရှိခဲ့ဘဲ ၎င်းတို့ တတ်နိုင်သည့် အနေအထားဖြင့် ၎င်းတို့၏ နယ်မြေများတွင် COVID-19 ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုများ အသီးသီး လုပ်ဆောင်လာ

၂ UN OHCHR. "မြန်မာနိုင်ငံ – လက်ရှိရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များမှ ဖြစ်နိုင်ဖွယ် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အား ဆန့်ကျင်သောရာဇဝတ်မှုများ – ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာအထူးကိုယ်စားလှယ် မစ္စယန်းဟီးလီ" ၂၉ ရက်နေ့ ဧပြီလ ၂၀၂၀ ခုနှစ်။ Available at: https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=25838&LangID=E

ခဲ့ကြသည်။ ယင်းလှုပ်ရှားမှုများမှာ မြန်မာစစ်တပ်၏ ဟန့်တားနှောင့်ယှက်မှုများနှင့် ကြုံခဲ့ကြရပြီး အရပ်သားပြည်သူများကို EAO ဆေးမှူးများထံမှ ပစ္စည်းကိရိယာများ လက်မခံစေရန် ခြိမ်းခြောက်ခြင်းကအစ EAO တို့၏ ကျန်းမာရေးစစ်ဆေးရေးဂိတ်များအား ဖျက်ဆီးခြင်းတို့အထိ လုပ်ဆောင်ခဲ့ကြသည်။ တစ်ချိန်တည်းတွင် ကပ်ရောဂါတုံ့ပြန်ရေးအမည်ဖြင့် ဗဟိုအစိုးရထံသို့ နိုင်ငံတကာအထောက်အပံ့များ စီးဝင်လာပြီး စစ်တပ်ထံသို့ အလိုအလျောက် ရောက်ရှိသွားခဲ့သော်လည်း ပဋိပက္ခဒဏ် ခံနေရသော လူထုအသိုင်းအဝိုင်းများအား ဝန်ဆောင်မှုပေးနေသည့် တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများမှာမူ ရှိနေသည့် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးနေသည့်အဆောက်အအုံများ၏ဘေးဖယ်ကြဉ်ထားမှုကို ခံနေရသည်။

ယခုဖော်ပြထားသော ဖိနှိပ်မှုနှင့် အကြမ်းဖက်မှုတို့မှာ မြန်မာအစိုးရ သို့မဟုတ် မြန်မာစစ်တပ်တို့ အသုံးပြုသည့် နည်းဗျူဟာအသစ်များ မဟုတ်ကြောင်း အလေးပေး ထောက်ပြနိုင်ရန် အလွန်အရေးကြီးပါသည်။ မြန်မာအစိုးရသည် ဆယ်စုနှစ် (၇) ခုကြာ ပြည်တွင်းစစ်အတွင်း နိုင်ငံတကာဥပဒေနှင့် လူသားချင်းစာနာမှုဆိုင်ရာဥပဒေများအား ချိုးဖောက်ခြင်းတို့အပေါ် CSO များနှင့် ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးအဖွဲ့များ၏ စွပ်စွဲခြင်းခံထားရသည်မှာ ကာလရှည်ကြာခဲ့ပြီ ဖြစ်သည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်က ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ဆိုးဝါးလှသော လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် လူမျိုးတုံးသတ်ဖြတ်မှု ကာကွယ်တားဆီးရေးနှင့် အပြစ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Prevention and Punishment of the Crime of Genocide - Genocide Convention) ချိုးဖောက်မှုဖြင့် ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာ တရားရုံး (International Court of Justice - ICJ) ၌ တရားစွဲဆိုခြင်းကို ရင်ဆိုင်နေရသည်။ တစ်ချိန်တည်းတွင် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး (International Criminal Court - ICC) ၏ စီရင်ပိုင်ခွင့်အောက်တွင် ကျရောက်သည့် အတင်းအဓမ္မ နှင်ထုတ်မှု၊ ဖိနှိပ်မှုနှင့် အခြားရာဇဝတ်မှုများ ကျူးလွန်ထားကြောင်း စွပ်စွဲချက်များကိုလည်း ရင်ဆိုင်နေရသည်။ မြန်မာနိုင်ငံအပေါ် စွဲဆိုထားသော ထိုအမှုများ ရှိနေသည့်ကြားမှ မြန်မာစစ်တပ်သည် COVID-19 ကပ်ရောဂါကာလအတွင်း ရှမ်း၊ ကရင်၊ ရခိုင်နှင့် ချင်းပြည်နယ်တို့တွင် စစ်မျက်နှာပေါင်းစုံဖွင့်၍ ထိုးစစ်များနှင့် တိုက်ပွဲများကို ဆက်လက်ဆင်နွှဲနေသည်။ ယင်းသည် NLD မှလွဲ၍ CSO များနှင့် နိုင်ငံအတွင်းရှိနိုင်ငံရေးတက်ကြွလှုပ်ရှားသူအားလုံးနီးပါးက တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး တောင်းဆိုနေသည့်ကြားမှ ဖြစ်ပွားနေခြင်း ဖြစ်သည်။ မြန်မာစစ်တပ်ကမူ ထိုတောင်းဆိုချက်များကို လျစ်လျူရှုထား၍ မေလ ၁၀ ရက် နေ့ကျမှသာ ၎င်း၏ အပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့ပြီး ယခင်ကြေညာချက်များကဲ့သို့ပင် ကြိုတင်သတ်မှတ်ချက်များ တွဲလျက်ပါနေပြီး ပဋိပက္ခဖြစ်ပွားနေသော အဓိကနေရာများကို အသေအချာ ဖယ်ထုတ်ထားသည်။

ယခုအစီရင်ခံစာတွင် ပဋိပက္ခဖြစ်ပွားရာ နယ်မြေများရှိ အရပ်သားပြည်သူများ ကြောက်လန့်သွေးပျက်စေရန်နှင့် ဝေဖန်သူများ နှုတ်ဆိတ်သွားစေရန် COVID-19 ရောဂါပြန့်ပွားမှုကို အခွင့်ကောင်းယူ၍ မြန်မာစစ်တပ်က ဗမာ–ဗုဒ္ဓဝါဒ လွှမ်းမိုးကြီးစိုးရေးဖြစ်သော ၎င်း၏ ရေရှည်မျှော်မှန်းချက် ဖြစ်မြောက်ရေးအတွက် အားထုတ်နေသည့် မဟာဗျူဟာများကို သုံးသပ်တင်ပြထားပါသည်။ NLD အုပ်ချုပ်ရေးပိုင်းအနေဖြင့်မူ အကောင်းဆုံး ဖော့ပြောရလျှင် ယင်းရာဇဝတ်မှုများ၌ အသံတိတ်အားပေးသူ ဖြစ်နေပြီး အဆိုးဆုံးဆိုရလျှင် မိမိတို့ခေတ်၏ အကြီးကျယ်ဆုံး လူထုကျန်းမာရေး အကျပ်အတည်းအတွင်း မြန်မာစစ်တပ်မှ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် အားပေးထောက်ကူသည့် ဥပဒေလမ်းကြောင်းများ ဖွင့်ပေးနေသည်ဟု ဆိုရမည်။

# ၁။ COVID-19 နှင့် မြန်မာနိုင်ငံ၏လုံခြုံရေး အခြေခံသောတုံ့ပြန်ချက်

မြန်မာအစိုးရနှင့် စစ်တပ်တို့သည် ကပ်ရောဂါ တုံ့ပြန်ရေး ဆောင်ရွက်ရာတွင် COVID-19 စမ်းသပ်မှု အနည်းအကျဉ်းနှင့်အတူ ကိန်းဂဏန်းများ ထိန်းထိန်းသိမ်းသိမ်း ထုတ်ပြန်၍ အခြေအနေ ထိန်းထားနိုင်သည့် အတည်ပြုလူနာ အရေအတွက် နည်းနည်းချင်း ဖော်ပြခဲ့သည်။ အစပိုင်းတွင် ကူးစက်မှု အများအပြားကို ပြည်ပတွင် နေခဲ့သူများ သို့မဟုတ် "နိုင်ငံခြားသားများ" နှင့် ထိတွေ့ဆက်ဆံခဲ့သူများ ဟူ၍ ပြင်ပမှ ဝင်ရောက်လာသည့် အနေအထားအဖြစ် ပုံဖော်မှတ်ယူစေခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မေလ ၁၈ ရက်နေ့အထိ မြန်မာနိုင်ငံတွင် ပိုးတွေ့အတည်ပြုလူနာ (၁၈၇) ဦးနှင့် သေဆုံးသူ (၆) ဦးသာ ရှိခဲ့သည်။[၃] မြန်မာနိုင်ငံအတွင်း ပထမဆုံးအတည်ပြုလူနာကို ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ထိုအချိန်တွင် အတည်ပြုလူနာ (၈၀,၀၀၀) ကျော်ရှိနေသည့် တရုတ်နိုင်ငံ အပါအဝင် မြန်မာနိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်နေသည့် နိုင်ငံများ၌ ပျံ့နှံ့နေခဲ့ပြီး ဖြစ်သည်။ မြန်မာနိုင်ငံသည် နိုင်ငံအတွင်း COVID-19 တွေ့ရှိကြောင်း အသိအမှတ်ပြုသည့် ကမ္ဘာပေါ်ရှိ နောက်ဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး အမေရိကန်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံများကဲ့သို့ ပြည်ပနိုင်ငံများမှ ပြန်လာသူများထံတွင် ပိုးတွေ့ရှိကြောင်း ထုတ်ပြန်ခဲ့သည်။ ထိုအချိန်က လူဦးရေ ၅၄ သန်းခန့် ရှိသောနိုင်ငံတွင် COVID-19 အတွက် စမ်းသပ်စစ်ဆေးမှု (၂၁၄) ခုသာ လုပ်ပေးခဲ့သည်။[၄]

နိုင်ငံအတွင်း COVID-19 တွေ့ရှိနေကြောင်း တရားဝင်မထုတ်ပြန်မီ တစ်ပတ်အလိုတွင် အစိုးရရုံး၏ ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုနည်းပါးခြင်းမှာ နိုင်ငံ၏ "လူနေမှုပုံစံနှင့်အစားအသောက်" ကြောင့်လည်းကောင်း၊ အကြွေးဝယ်ကတ်ပြား (Credit Card) မသုံးဘဲ ငွေသားသုံးစွဲသောကြောင့် လည်းကောင်း ဖြစ်သည်ဟု ကြွားဝါ ပြောဆိုခဲ့သည်။[၅] Human Rights Watch (HRW) ကမူ ယင်းမှတ်ချက်များသည် "ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမှုနှင့် ပတ်သက်၍ သိရှိထားသမျှ အချက်အလက်များနှင့် ကွဲလွဲနေကြောင်း" ဖော်ပြခဲ့ပြီး ယင်းစကားများမှာ ပြည်သူလူထုအား "လုံခြုံမှုရှိကြောင်း အတုအယောင် ခံစားချက်" ပေးရန် ပြောဆိုခြင်းသာ ဖြစ်သည်ဟု ဖော်ပြခဲ့သည်။[၆]

၂၀၂၀ ပြည့်နှစ် မတ်လ အလယ်ပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (Union Solidarity and Development Party - USDP) အပါအဝင် မြန်မာစစ်တပ်နှင့် ဆက်စပ်နေသည့် နိုင်ငံရေးပါတီ (၁၅) ဖွဲ့တို့က ပူးတွဲထုတ်ပြန်ကြေညာချက်တစ်စောင် ထုတ်ပြန်ကာ COVID-19 ကို အရိပ်ထိုးနေသည့် အမျိုးသားရေးအန္တရာယ်အဖြစ် ဖော်ပြပြီး အစိုးရ၏ တုံ့ပြန်ရေး အစီအစဉ်ကို ကြိုဆို၍ ကပ်ရောဂါကာလအတွင်း အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (National Defense and Security - NDSC) မှ နိုင်ငံကို ဦးဆောင်ရန် တိုက်တွန်းတောင်းဆိုခဲ့သည်။ NDSC ၏ အဖွဲ့ဝင် (၁၁) ဦးအနက် (၆) ဦးမှာ စစ်တပ် ကိုယ်စားလှယ်များဖြစ်ပြီး အကျပ်အတည်းကာလများ သို့မဟုတ် အရေးပေါ်ကာလများအတွင်း တိုင်းပြည်၏ အာဏာအရှိဆုံး အဆုံးအဖြတ်ပေးသည့်အဖွဲ့ဟု ဖော်ပြထားသော

---

၃ Worldometer. Myanmar: Coronavirus Cases. Available at: https://www.worldometers.info/coronavirus/country/myanmar/

၄ AFP. "Myanmar confirms first coronavirus cases." Bangkok Post. 24 March 2020. Available at: https://www.bangkokpost.com/world/1884820/myanmar-confirms-first-coronavirus-cases

၅ Amanda Holpuch. "Myanmar has zero coronavirus cases, claims Aung San Suu Kyi." The Guardian. 17 March 2020. Available at: https://www.theguardian.com/world/2020/mar/17/myanmar-has-zero-coronavirus-cases-claims-leader-suu-kyi

၆ Phil Robertson. "Myanmar Denials Define COVID-19 Response." Human Rights Watch. 17 March 2020. Available at: https://www.hrw.org/news/2020/03/17/myanmar-denials-define-covid-19-response

NDSC တွင် မြန်မာစစ်တပ်က အများစု နေရာကို ရယူထားသည်။[၇]

အရေးပေါ် အစည်းအဝေး ကျင်းပရန် NDSC ကို အစိုးရက မခေါ်ခဲ့သော်လည်း စင်စစ်အားဖြင့် ခေါ်စရာလည်း မလိုခဲ့ပေ။ ယင်း၏ အဖွဲ့ဝင် အများစုသည် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီတွင် ပါဝင်နေပြီးဖြစ်သည်။ ယင်းကော်မတီမှာ ပထမဆုံး COVID-19 ကူးစက်မှုကို အတည်ပြုပြီး တစ်ပတ်အကြာ မတ်လ ၃၀ ရက်နေ့တွင် NLD ၏ သမ္မတဦးဝင်းမြင့်က လက်မှတ်ရေးထိုး အတည်ပြု ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်သည်။ ယင်းကော်မတီကို ဗိုလ်ချုပ်ကြီးဟောင်းတစ်ဦး ဖြစ်ပြီး လက်ရှိ NDSC အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည့် စစ်တပ်ခန့်အပ်ထားသော ဒုသမ္မတ (၁) ဦးမြင့်ဆွေက ဦးဆောင်၍ ကာကွယ်ရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦးတို့ ပါဝင်နေသည်။ ယင်းမှာ ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ရေးကော်မတီ ဖြစ်သော်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပုဂ္ဂိုလ်များ ပါဝင်ခြင်း မရှိသည်ကို သတိပြုမိသည်။ ထိုအချိန်မှစ၍ COVID-19 တုံ့ပြန်ရေးဆိုင်ရာ အကောင်အထည်ဖော်မှုများကို ယင်းကော်မတီက ဦးဆောင်ခဲ့ပုံရပြီး အစောပိုင်း နှစ်ပတ်လောက်က ဖွဲ့စည်းခဲ့သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားအဆင့်ကော်မတီက ကြီးကြပ်နေသည်ဟု သိရသည်။[၈]

ကပ်ရောဂါဆိုင်ရာ တုံ့ပြန်ရေးတွင် မြန်မာစစ်တပ်ကို ဦးဆောင်မှုနေရာ ပေးထားသော COVID-19 အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အပ်နှင်းထားသည့် ကျယ်ပြန့်သော အာဏာရပ်များမှာ စိုးရိမ်စရာဖြစ်နေသည်။ NDSC ထဲ ပါဝင်နေသည့် မြန်မာစစ်တပ်မှ ထိန်းချုပ်ထားသည့် ဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာ အားလုံးတို့မှာ COVID-19 ကော်မတီထဲ၌လည်း ကိုယ်စားပြုပါဝင်နေကြသည်။ ထို့ကြောင့် ထိုလုပ်ပိုင်ခွင့်အာဏာက COVID-19 ပြန့်ပွားမှုတွင် ကျန်းမာရေးထက် လုံခြုံရေးအတွက် ပိုမိုစိုးရိမ်ပူပန်နေမှုကို ထင်ဟပ်ပြနေသည်မှာ မဆန်းလှပေ။ ကော်မတီ၏ တာဝန်ထဲတွင် COVID-19 ဖြစ်ပွားမှုများဆိုင်ရာ "စုံစမ်းစစ်ဆေးရေး" နှင့် သီးခြားခွဲနေခြင်း (Quarantine) နှင့် သွားလာမှု ပိတ်ပင်တားမြစ်ခြင်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ ပါဝင်နေသည်။ ထို့အပြင် "ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုအခြေအနေ" ဖြစ်ပေါ်စေနိုင်သော "သတင်းမှားဖြန့်ဝေသူများ" အား ဥပဒေပိုင်းဆိုင်ရာ အရေးယူနိုင်ရန်လည်း လုပ်ပိုင်ခွင့်ပေးထားသည်။ ယင်းကော်မတီ ဖွဲ့စည်းလိုက်ခြင်းဖြင့် ကပ်ရောဂါကာလအတွင်း NDSC ခေါ်ယူရေးဖိအားကို NLD က ရှောင်လွှဲရာရောက်သကဲ့သို့ ယင်းကော်မတီကပင် NLD ၏ ဆုံးဖြတ်ခွင့်ကို ကျော်လွန်သွားနိုင်ပြီး COVID-19 ကာကွယ်တားဆီးရေး အမည်အောက်၌ စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်ကာ လူ့အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ပိုမိုကန့်သတ်ချုပ်ချယ်နိုင်မည့် လမ်းကြောင်းတစ်ခု ဖွင့်ပေးခြင်းလည်း ဖြစ်သွားနိုင်သည်။

၇ San Yamin Aung. “Myanmar Military Eyes More Powers for National Security Council.” The Irrawaddy. 20 September 2019. Available at: https://www.irrawaddy.com/news/burma/myanmar-military-eyes-powers-national-security-council.html

၈ Phu Ei Ei Nwe. “COVID-19 prevention and containment committee set up and led by Myanmar State Counsellor.” Mizzima News. 14 March 2020. Available at: http://mizzima.com/article/covid-19-prevention-and-containment-committee-set-and-led-myanmar-state-counsellor

## NDSC နှင့် COVID-19 အရေးပေါ်တုံ့ပြန်ရေးကော်မတီတို့တွင် အဖွဲ့ဝင်များထပ်နေခြင်း

| တာဝန် | အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ (NDSC) အဖွဲ့ဝင်များ (၁၁) ဦး | Coronavirus Disease 2019 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ အဖွဲ့ဝင်များ (၁၀) ဦး |
|---|---|---|
| သမ္မတ | အဖွဲ့ဝင် | |
| ဒုသမ္မတ (၁)* | အဖွဲ့ဝင် | အဖွဲ့ဝင် |
| ဒုသမ္မတ (၂) | အဖွဲ့ဝင် | |
| အထက်လွှတ်တော်ဥက္ကဋ္ဌ | အဖွဲ့ဝင် | |
| အောက်လွှတ်တော်ဥက္ကဋ္ဌ | အဖွဲ့ဝင် | |
| ကာကွယ်ရေးဦးစီးချုပ်* | အဖွဲ့ဝင် | |
| ဒုကာကွယ်ရေးဦးစီးချုပ်* | အဖွဲ့ဝင် | |
| နိုင်ငံခြားရေးဝန်ကြီး | အဖွဲ့ဝင် | |
| အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး | | အဖွဲ့ဝင် |
| သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး | | အဖွဲ့ဝင် |
| ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး | | အဖွဲ့ဝင် |
| လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး | | အဖွဲ့ဝင် |
| ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး | | အဖွဲ့ဝင် |
| ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)* | | အဖွဲ့ဝင် |
| နယ်စပ်ရေးရာဝန်ကြီး* | အဖွဲ့ဝင် | အဖွဲ့ဝင် |
| ပြည်ထဲရေးဝန်ကြီး* | အဖွဲ့ဝင် | အဖွဲ့ဝင် |
| ကာကွယ်ရေးဝန်ကြီး* | အဖွဲ့ဝင် | အဖွဲ့ဝင် |

* စစ်တပ်မှ ခန့်အပ်မှုကို ဖော်ညွှန်းသည်

# ၂။ တစ်ရက်တာအတွင်း ကြေညာချက် (၃) ခု ထုတ်ပြန်ခြင်း

| | |
|---|---|
| မတ်လ ၂၃ | မြန်မာနိုင်ငံတွင် COVID-19 ၏ ပထမဆုံး လူနာ နှစ်ဦး ရှိကြောင်း အတည်ပြု ကြေညာခြင်း |
| | ရက္ခိုင့်တပ်တော်ကို အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာ ခြင်း |
| | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဆက်သွယ်ရေးကုမ္ပဏီများအား "သတင်းအတု" များပိတ်ဆို့ရန် အမိန့်ပေးထုတ်ပြန်ကြေညာခြင်း |

၂၀၁၈ ခုနှစ်မှစ၍ မြန်မာစစ်တပ်သည် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် AA အပေါ် ထိုးစစ်ဆင်မှုများ တိုးမြှင့် လုပ်ဆောင်လာခဲ့ပြီး ၎င်းဒေသများသို့ မြန်မာစစ်တပ်၌ရှိသော ခြေမြန်တပ်မအားလုံး၏ ထက်ဝက်လောက်ကို "မကြုံစဖူး" ပို့ဆောင်ဖြန့်ကြက်ခဲ့သည်။[၉] AA ၏ တောင်းဆိုချက်များထဲတွင် ရခိုင်ပြည်နယ်အတွင်း၌ ရခိုင်ပြည်သူများအတွက် ကွန်ဖက်ဒရေးရှင်းပုံစံ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပါဝင်ပြီး ၎င်းတို့နယ်မြေအတွင်း နိုင်ငံရေးနှင့် ဖွံ့ဖြိုးရေးအပေါ် ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်သည့် အာဏာရရန် ဖြစ်သည်။[၁၀] ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ဆက်စပ်ညှိနှိုင်းရေးရုံး (Office for the Coordination of Humanitarian Affairs - OCHA) ၏အဆိုအရ ယမန်နှစ် တစ်နှစ်တည်းမှာပင် တိုက်ပွဲများကြောင့် လူဦးရေ (၇၀,၀၀၀) နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ၂၀၁၉ ခုနှစ် နှောင်းပိုင်းလောက်တွင် ယခင်နှစ်များထက် ၄၀ ရာခိုင်နှုန်း တိုးမြင့်လာခဲ့သည်။[၁၁] ကုလသမဂ္ဂ၏ ထုတ်ပြန်ကြေညာချက်တစ်ခုအရ ၂၀၁၈ ခုနှစ်မှစတင်၍ လူဦးရေ (၁၅၇,၀၀၀) ကျော် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီ ဖြစ်သည်။[၁၂]

မြန်မာနိုင်ငံတွင် COVID-19 တွေ့ရှိကြောင်း ကြေညာသည့် တစ်ရက်တည်းမှာပင် အစိုးရက AA အား အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်သော ကြေညာချက် ထုတ်ပြန်လိုက်သည်မှာ ထူးခြားလှသည်။ ယင်းအမိန့်ကြေညာချက်ထဲတွင် သမ္မတ ဦးဝင်းမြင့်မှ AA သည် "တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အရပ်သားပြည်သူများ အေးချမ်းသာယာရေးကို အန္တရာယ်ဖြစ်စေသည်"[၁၃] ဟု ဖော်ပြထားပြီး ကိုလိုနီခေတ်မှ မတရားအသင်းများအက်ဥပဒေ ပုဒ်မ

၉ Anthony Davis. "Why Myanmar is losing the Rakhine war." 3 July 2019. Asia Times. Available at: https://asiatimes.com/2019/07/why-myanmar-is-losing-the-rakhine-war/

၁၀ Nan Lwin Hnin Pwint. "Confederation the Only Option for Arakanese People, AA Chief Says." 11 January 2019. The Irrawaddy. Available at: https://www.irrawaddy.com/news/confederation-option-arakanese-people-aa-chief-says.html

၁၁ UNOCHA. Asia and the Pacific: Weekly Regional Humanitarian Snapshot (24 - 30 March 2020). 31 March 2020. Reliefweb. Available at: https://reliefweb.int/report/myanmar/asia-and-pacific-weekly-regional-humanitarian-snapshot-24-30-march-2020

၁၂ UN OHCHR. "Myanmar: "Possible war crimes and crimes against humanity ongoing in Rakhine and Chin States"– UN Special Rapporteur Yanghee Lee." 29 April 2020. Available at:https://www.ohchr.org/en/NewsEvents/Pages/DisplayNews.aspx?NewsID=25838&LangID=E

၁၃ Thet Naing & Rikkar Hussein. "More Violence Feared As Myanmar Names Arakan Army Terrorist

၁၅ (၂) အရ မတရားအသင်း ဖြစ်သည်ဟု ဖော်ပြခဲ့သည်။ အမှန်တကယ်မှာမူ AA ကို "အကြမ်းဖက်အဖွဲ့" အဖြစ် သတ်မှတ်နိုင်ရန် မြန်မာအစိုးရက လက်ညှိုးထိုးခဲ့သော ရာဇဝတ်မှုများဖြစ်သည့် ဒေသခံလူကြီးများကို ဖမ်းဆီးနှိပ်စက်ခြင်း၊ ပစ်ခတ်ခြင်း၊ မြေမြှုပ်မိုင်းများ အသုံးပြုခြင်း၊ ပိုင်ဆိုင်မှုများ ဖျက်ဆီးခြင်း၊ အရပ်သားပြည်သူများ၏ လုံခြုံရေးကို ခြိမ်းခြောက်ခြင်း စသည်တို့မှာ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် (Independent International Fact-Finding Mission on Myanmar - IIFFMM) က မြန်မာစစ်တပ်အား စွပ်စွဲထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်လည်း ထပ်တူ ဖြစ်နေသည်။[၁၄]

AA အပေါ် အမိန့်ကြေညာချက်ကို NLD အစိုးရက ထုတ်ပြန်ခဲ့ပြီး ၎င်းကို မြန်မာစစ်တပ်က ခန့်အပ်ထားသည့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းက လက်မှတ်ရေးထိုး အတည်ပြုထားသည်။ ဤသို့ ရွေးကောက်ခံ အုပ်ချုပ်ရေးအဖွဲ့နှင့် လက်နက်ကိုင်အဖွဲ့ ပူးပေါင်းလုပ်ဆောင်မှုက ပြသနေသည်မှာ EAO များအပေါ် အချိန်ကြာမြင့်စွာ သုံးလာခဲ့သော သွေးခွဲအုပ်ချုပ်ရေးနည်းနာကျင့်သုံးမှု၊ AA ကို သီးသန့်ဖယ်ကြဉ်ထားမှုနှင့် မြန်မာစစ်တပ်က ရန်သူ အဖြစ် သတ်မှတ်ထားသူများကို ဖမ်းဆီးပြစ်ဒဏ်ပေးနိုင်မည့် ဥပဒေအစဉ်အလာ ဖန်တီးနေမှုတို့ကို ဖော်ပြနေသည်။

ထိုကြေညာချက်အပြီးတွင် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များ၌ ဖြစ်ပွားနေသော မြန်မာစစ်တပ်၏ အကြမ်းဖက်မှုများကို ဝေဖန်ရှုတ်ချသူများအား ပိတ်ပင်ခြင်းနှင့် ဖမ်းဆီးခြင်းများ တသီကြီး လုပ်ဆောင်လာပြီး ထိုဒေသများတွင် မြန်မာစစ်တပ်နှင့် AA တို့အကြား ဖြစ်ပွားသော ပြင်းထန်လာနေသည့် တိုက်ပွဲများတွင် မြန်မာစစ်တပ်ဘက်မှ ကျရှုံးမှု များနေသည်ဟု လေ့လာသုံးသပ်သူများက ကြာမြင့်စွာကပင် သုံးသပ်ထားသည်။[၁၅] AA အပေါ် သတ်မှတ်ချက်အကြောင်း မီဒီယာနှင့် ဆွေးနွေးရာတွင် မြန်မာစစ်တပ်၏ ပြောရေးဆိုခွင့်ရှိသူက ဒေသခံများ၊ သတင်းထောက်များအနေဖြင့် AA နှင့် အဆက်အသွယ်လုပ်ပါက တရားစွဲဆိုခံရမည်ဟု ဧရာဝတီသတင်းဌာနအား ပြောခဲ့သည်။[၁၆] AA နှင့် အင်တာဗျူးများ လုပ်ဆောင်ခဲ့ပြီး ရခိုင်ပြည်နယ် ပဋိပက္ခအကြောင်း သတင်းပို့ရေးသားခဲ့သော မီဒီယာဌာနများ အသံတိတ်စေမည့် လုပ်ရပ်များကို ချက်ချင်း စတင်လုပ်ဆောင်လာခဲ့သည်။

"အကြမ်းဖက်အဖွဲ့" အဖြစ် ကြေညာချက်နှင့် ပထမဆုံး COVID-19 အတည်ပြုလူနာ တွေ့ရှိသည့် မတ်လ ၂၃ ရက်နေ့ တစ်နေ့တည်းမှာပင် NLD ဦးဆောင်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဆက်သွယ်ရေးဝန်ဆောင်မှု ကုမ္ပဏီများ အားလုံးမှ ဝက်ဘ်ဆိုက်ပေါင်း (၂၂၀) ကျော်ကို ပိတ်ဆို့ရန် အမိန့်ညွှန်ကြားချက် ထုတ်ပြန်ခဲ့ရာ ထိုအထဲတွင် "သတင်းအတုများ" ဖြန့်ချိနေသည်ဆိုသော ဝက်ဘ်ဆိုက်ပေါင်း (၆၀) ကျော်လည်း ပါဝင်သည်။[၁၇] ယင်းအမိန့်ညွှန်ကြားချက်အရ ပိတ်ဆို့ရမည့် သတင်းဝက်ဘ်ဆိုက်များထဲတွင် လွတ်လပ်သည့် တိုင်းရင်းသား သတင်းမီဒီယာဝက်ဘ်ဆိုက်များလည်း ပါဝင်သည်။ မိုဘိုင်းလ်ဝန်ဆောင်မှု ပေးနေသည့် ကုမ္ပဏီများမှာလည်း အမိန့်အား ခုခံဆန့်ကျင်လိုသည့်ပုံ မတွေ့ရဘဲ နာခံခဲ့ကြပြီး အထူးသဖြင့် ပဋိပက္ခ ဖြစ်ပွားမှုနှင့် COVID-19 ကပ်ရောဂါဆိုင်ရာ နောက်ဆုံးရ သတင်းများ ရေးသားဖော်ပြပေးနေသည့် တိုင်းရင်းသား သတင်းဌာန (၃) ခု၏ဝက်ဘ်ဆိုက်များကို ပိတ်ဆို့ခဲ့သည်။

---

Organization." 24 March 2020. VOA News. Available at: https://www.voanews.com/extremism-watch/more-violence-feared-myanmar-names-arakan-army-terrorist-organization

၁၄ FFM Myanmar. Report of the Independent International Fact-Finding Mission on Myanmar. 18 September 2018. Available at: https://www.ohchr.org/EN/HRBodies/HRC/Pages/NewsDetail.aspx?NewsID=23575&LangID=E

၁၅ Anthony Davis. "Why Myanmar is losing the Rakhine war." Asia Times. 3 July 2019. Available at: https://asiatimes.com/2019/07/why-myanmar-is-losing-the-rakhine-war/

၁၆ Nyein Nyein. "Myanmar Government Declares Arakan Army a Terrorist Organization." The Irrawaddy. 24 March 2020. Available at: https://www.irrawaddy.com/news/burma/myanmar-govt-declares-arakan-army-terrorist-group.html

၁၇ ARTICLE 19. "Myanmar: Immediately lift ban on ethnic news websites." 1 April 2020. Available at: https://www.article19.org/resources/myanmar-immediately-lift-ban-on-ethnic-news-websites/

ယင်းတို့မှာ ရခိုင်ပြည်နယ်အခြေစိုက် နိရဉ္စရာ[၁၈]၊ Development Media Group[၁၉] နှင့်ကရင်သတင်းဌာန (Karen Information Center)[၂၀] တို့ဖြစ်သည်။ ၎င်းတို့သည် တိုင်းရင်းသားသတင်းမီဒီယာ ညွန့်ပေါင်းအဖွဲ့ဖြစ်သော နိုင်ငံတကာ မြန်မာသတင်းအဖွဲ့ (Burma News International - BNI)[၂၁] ၏ အဖွဲ့ဝင်များလည်းဖြစ်ကြသည်။ ယင်းညွန့်ပေါင်းအဖွဲ့မှာ အထူးသဖြင့် အခြားနိုင်ငံတကာနှင့် ရန်ကုန်အခြေစိုက် သတင်းမီဒီယာများမှ လက်လှမ်းမီလေ့မရှိသော ဒေသများရှိ ပဋိပက္ခနှင့် လူ့အခွင့်အရေး ပြဿနာရပ်များအပေါ် ဒေသခံသတင်းပေးပို့မှုများကို မြှင့်တင်ပေးနိုင်သည့် လမ်းကြောင်းတစ်ခုဖြစ်သည်။

တစ်ပတ်အကြာတွင် COVID-19 အရေးပေါ် တုံ့ပြန်ရေးကော်မတီ၌ တာဝန်ထမ်းဆောင်ရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ရွေးချယ်ခဲ့ရာ ယင်း၏ တာဝန်တစ်ခုမှာ သတင်းအမှားဟု ယုံကြည်ရသည့် ဖြန့်ချိမှုများကို ဥပဒေအရ အရေးယူနိုင်ရန် ဖြစ်သည်။ ၎င်းဝန်ကြီးဌာနကို ကော်မတီထဲသို့ ထည့်သွင်းထားလိုက်ခြင်းသည် ကပ်ရောဂါ ကာကွယ်တားဆီးရေးအမည်အောက်၌ သတင်းအချက်အလက်များ ပိုမိုပိတ်ဆို့နိုင်ရန် တံခါးဖွင့်ပေးလိုက်ခြင်းပင် ဖြစ်သည်။

၂၀၁၉ ခုနှစ် ဇွန်လက NLD အစိုးရ ချမှတ်ခဲ့သည့် အင်တာနက်ပိတ်ဆို့ဖြတ်တောက်မှုသည် ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်းတို့မှ စစ်မက်ဖြစ်ပွားရာ မြို့နယ် (၈) ခုတွင်[၂၂] ဆက်လက်ရှိနေရာ ယင်းဒေသရှိ ရပ်ရွာလူထုများမှာ လက်ရှိ ပြည်တွင်းစစ် သို့မဟုတ် COVID-19 ကပ်ရောဂါနှင့် ပတ်သက်သော နောက်ဆုံးရသတင်းများကို မရရှိနိုင်ဘဲ ဖြစ်နေ၍ CSO များကလည်းကောင်း၊[၂၃] "ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ နေရာအားလုံးတွင် မိုဘိုင်းလ်အင်တာနက် ပြန်ဖွင့်ပေးရန်" တောင်းဆိုခဲ့သော[၂၄] ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်ဟောင်း မစ္စယန်းဟီးလီတို့မှ တွင်တွင်ကျယ်ကျယ် ရှုတ်ချခဲ့သည့် လုပ်ရပ်ဖြစ်သည်။ ကနဦး အင်တာနက်ပိတ်ဆို့မိန့် ထုတ်ပြန်ရာတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ၎င်း၏လုပ်ရပ် မှန်ကန်ကြောင်း ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၇၇ ကို ကိုးကားခဲ့ပြီး ယင်းဥပဒေက အရေးပေါ်ကာလ၌ ဆက်သွယ်ရေးဝန်ဆောင်မှုများ ရပ်ဆိုင်းခွင့်ပေးထားသည်။[၂၅] အစိုးရအရာရှိများက အင်တာနက်အမှောင်ချမှုကို "အများပြည်သူအကျိုး" အတွက် ကျင့်သုံးရသည့် လုံခြုံရေး စီမံကိန်းတစ်ခုအဖြစ် ထိုစဉ်ကတည်းက ဆင်ခြေပေးခဲ့ကြသည်။[၂၆] ယခု နောက်ဆုံးထုတ်ပြန်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏အမိန့်စာ ထုတ်ပြန်လိုက်သည်နှင့်တစ်ပြိုင်နက် အဆိုပါဒေသများတွင် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုများ ချက်ချင်း တိုးများလာခဲ့သည်။ ထိုသို့ဖြစ်ခဲ့သည့် အခြင်းအရာကို ယခုအစီရင်ခံစာ၏ နောက်ပိုင်းအခန်းများတွင် ဖော်ပြပေးသွားမည်ဖြစ်သည်။

၁၈ Narinjara News. https://www.narinjara.com/

၁၉ Development Media Group. https://www.dmediag.com/

၂၀ Karen Information Center/Karen News. http://karennews.org/

၂၁ BNI Multimedia Group. https://www.bnionline.net/en

၂၂ အင်တာနက် ပိတ်ဆို့မှုတွင် မြို့နယ် (၉) ခု ပါဝင်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ် မေလအစောပိုင်းတွင် အစိုးရက ရခိုင်ပြည်နယ် မောင်တောမြို့နယ်တစ်ခုတည်း၌ အင်တာနက် ပြန်ဖွင့်ပေးခဲ့သည်။ ယခင်က အခြားမြို့နယ်များတွင် ပိတ်ဆို့မှုကို ယာယီ ဖွင့်ပေးခဲ့ဖူးပြီး ပြန်လည်ပိတ်ဆို့ခဲ့သည်။ မောင်တောမြို့နယ်တွင် ပြန်ပိတ်မည် မပိတ်မည်၊ မည်သည့် အချိန်တွင် ပြန်ပိတ်မည်ကို မသိရပေ။

၂၃ ရခိုင်ပြည်နယ်တွင် ကမ္ဘာ့အရှည်ကြာဆုံး အင်တာနက် ပိတ်ဆို့မှု တစ်ခုကို ရှုတ်ချသည့် ပူးတွဲ ထုတ်ပြန်ကြေညာချက်။ ၂၁ ရက်နေ့ ဒီဇင်ဘာလ ၂၀၁၉ ခုနှစ်။ Available at: https://progressivevoicemyanmar.org/2019/12/21/joint-statement-condemning-one-of-the-worlds-longest-internet-shutdowns-in-rakhine-state/

၂၄ UN OHCHR. "Myanmar must allow free flow of information and aid to protect right to health in COVID-19 crisis – UN Special Rapporteur Yanghee Lee." 9 April 2020. Available at: https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=25783&LangID=E

၂၅ Human Rights Watch. Myanmar: Internet Shutdown Risks Lives. 28 June 2019. Available at: https://www.hrw.org/news/2019/06/28/myanmar-internet-shutdown-risks-lives

၂၆ Thu Thu Aung & Sam Aung Moon. "Myanmar reimposes internet shutdown in conflict-torn Rakhine, Chin states: telco operator." 5 February 2020. Reuters. Available at: https://www.reuters.com/article/us-myanmar-rakhine/myanmar-reimposes-internet-shutdown-in-conflict-torn-rakhine-chin-states-telco-operator-idUSKBN1ZZ0LC

ယိုယွင်းကျဆင်းလာသော လူသားချင်းစာနာမှုဆိုင်ရာ အခင်းအကျင်းအတွင်း ပိတ်ဆို့ထားမှုကို ပြန်လည်ဖွင့်လှစ်ပေးရန် မြန်မာအစိုးရက ငြင်းဆိုနေခြင်းသည် ယင်းဒေသများကို အသံတိတ်စေလိုသည့် မြန်မာစစ်တပ်ကိုသာ ဝန်ဆောင်မှုပေးနေခြင်းဖြစ်ပြီး ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံး (Office of Higher Commissioner for Human Rights – OHCHR) သတ်မှတ်ထားသော "အကျပ်အတည်းကာလတွင် အလွန်အရေးပါသည့်" အင်တာနက်လက်လှမ်းမီခွင့်နှင့် ကွဲလွဲနေသည်။[၂၇] ချင်းပြည်နယ်ရှိ ပလက်ဝမြို့နယ်တွင် CSO များက အရပ်သားပြည်သူများအတွက် COVID-19 နှင့်ပတ်သက်သော ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်မှုများကို အသံချဲ့စက်များသုံး၍ လုပ်ဆောင်ခဲ့ရသည်။[၂၈] နိုင်ငံတကာနှင့် ပြည်တွင်းဝေဖန်မှုများ ရှိသော်လည်း အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူများကမူ ထိုဒေသများတွင် အင်တာနက် အမှောင်ချထားမှုကို တောက်လျှောက်ကာကွယ်ခဲ့ကြပြီး အကျပ်အတည်းကာလအတွင်း ပေးစာများ၊ ဖုန်းဆက်သွယ်မှုများနှင့် ကြေးနန်းများကို လုံလောက်သော အများပြည်သူ ဆက်သွယ်ရေးလမ်းကြောင်းများအဖြစ် ညွှန်းဆိုခဲ့သည်။ သို့သော် အင်တာနက်လက်လှမ်းမီမှု မရှိသောကြောင့် အထူးသဖြင့် ကျေးလက်အသိုင်းအဝိုင်းများ၏ ဘေးကင်းလုံခြုံရေးအတွက် အဓိကကျသည့် သတင်းအချက်အလက်များ လက်လှမ်းမီမှု မရှိခြင်းတို့ ဖြစ်နေပြီး HRD များ၊ သတင်းထောက်များ၊ ကူညီထောက်ပံ့မှု ပေးသူများ၏ တုံ့ပြန်ချိန်မှာလည်း သိသိသာသာ နှောင့်နှေးနေမည်ဖြစ်သည့်အတွက် အရပ်သားပြည်သူများ၏ အသက်များကို ဆုံးရှုံးစေမည် ဖြစ်သည်။

## စီးပွားရေးလုပ်ငန်းစရိတ် ဖြစ်သွားရသော နာခံမှု

ဝက်ဘ်ဆိုက်များ ပိတ်ဆို့ရန် ထုတ်ပြန်ထားသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ အမိန့်ကို မြန်မာစစ်တပ် ကျောထောက်နောက်ခံပြုထားသည့် မြန်မာစာတိုက်နှင့် ကြေးနန်းလုပ်ငန်း (Myanmar Post and Telecommunications - MPT) နှင့် မိုင်တယ်လ် (Mytel) တို့က လိုက်နာခဲ့သော်လည်း မိုဘိုင်းလ်ဝန်ဆောင်မှုပေးသော ကုမ္ပဏီတစ်ခုဖြစ်သည့် တယ်လီနော (Telenor) ၏ သတင်းထုတ်ပြန်ချက်တစ်ခုတွင် ၎င်းသည် ပိတ်ဆို့ရန် ပန်ကြားချက်ကို “အစပိုင်းတွင် မလိုက်နာခဲ့ပါ” ဟု ဆိုထားသည်။ သို့ရာတွင် ရက်ပိုင်းအနည်းငယ်အတွင်း ကြီးမားသော အစိုးရ၏ ဖိအားများ ရှိပုံရပြီး ယင်းဆက်သွယ်ရေးကုမ္ပဏီကြီးက "အမိန့်ညွှန်ကြားချက်ကို မလိုက်နာခြင်း၏ အန္တရာယ်ကို တွက်ဆမိ" ခဲ့ပြီး "သတင်းအတုများ" ဟု စွပ်စွဲခံရမှုကို လမ်းဖွင့်ပေးထားခြင်းမှာ "အများပြည်သူအတွက် ဝန်ဆောင်မှုပေးရာတွင် ပိုမိုကျယ်ပြန့်သည့် ရိုက်ခတ်မှု အလားအလာများ ရှိလာနိုင်သည်" ဟု ဆုံးဖြတ်ခဲ့သည်။ သို့ဖြင့် မတ်လ ၃၁ ရက်နေ့တွင် Telenor မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက တောင်းဆိုထားသော ဝက်ဘ်ဆိုက်ပေါင်း (၂၃၀) ကို ၎င်း၏ ကွန်ရက်များပေါ်မှ ပိတ်ဆို့သွားမည်ဟု ကြေညာခဲ့သည်။[၂၉]

နော်ဝေနိုင်ငံ အစိုးရသည် ၎င်းကုမ္ပဏီတွင် အဓိကအစုရှယ်ယာဝင် ဖြစ်နေပြီး ယင်းအနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ဆောင်ရာ၌ "ဂုဏ်သိက္ခာပိုင်းဆိုင်ရာနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ဆိုးကျိုးသက်ရောက်မှု" နှင့် ရင်ဆိုင်ရသည်မှာ ပထမဆုံးအကြိမ်တော့ မဟုတ်ပေ။ ၂၀၁၇ ခုနှစ် ဩဂုတ်လက ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ အလယ်သံကျော်တွင်ရှိသော Telenor ဆက်သွယ်ရေး တာဝါတိုင်ကို အသုံးပြုပြီး မြန်မာစစ်တပ်

၂၇ David Kaye, Harlem Désir, & Edison Lanza. “COVID-19: Governments must promote and protect access to and free flow of information during pandemic – International experts.” UN OHCHR. 19 March 2020. Available at: https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=25729

၂၈ Khonumthung News. “Without Internet or Sufficient Medical Supplies, Fear of COVID-19 Reaching Paletwa Looms.” 31 March 2020. Available at: https://english.khonumthung.org/without-internet-or-sufficient-medical-supplies-fear-of-covid-19-reaching-paletwa-looms/

၂၉ Telenor Myanmar. “Blocking of 230 websites in Myanmar based on directive from the authorities.” 30 March 2020. Available at: https://www.telenor.com.mm/en/article/blocking-230-websites-myanmar-based-directive-authorities

၏ လက်ဖြောင့်တပ်သားများက ထွက်ပြေးနေသော ရိုဟင်ဂျာအရပ်သားပြည်သူများအား ပစ်ခတ်ခဲ့ကြောင်း မျက်မြင်သက်သေ ပြောကြားချက်များဖြင့် ရိုဟင်ဂျာသတင်းဌာနတစ်ခုက ၂၀၁၈ ခုနှစ်တွင် ထုတ်ဖော်ခဲ့ဖူးသည်။[၂၀] ထိုတာဝါတိုင်သည် အစုလိုက်အပြုံလိုက်မြုပ်နှံရာ သင်္ချိုင်းလည်း ဖြစ်နေသည်။ Telenor အရာရှိများက ထိုစွပ်စွဲချက်များနှင့်ပတ်သက်၍ စိုးရိမ်မိကြောင်း ပြောခဲ့ပြီး အလယ်သံကျော်ဖြစ်စဉ်ကို သိရှိနိုင်ရန်အတွက် အာဏာပိုင်များနှင့် "စေ့စပ်ဆွေးနွေးပွဲစတင်ခဲ့" သည်။[၂၁] ထိုနောက်ပိုင်းတွင် မြန်မာနိုင်ငံသည် ၎င်းအချိန်ကာလအတွင်း ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးဆိုးဝါးဝါး ကျူးလွန်ခဲ့ခြင်းကြောင့် Genocide Convention ကို ချိုးဖောက်မှုဖြင့် ICJ တရားရုံး၌ ဂမ်ဘီယာနိုင်ငံ၏ တရားစွဲဆိုမှု ဖြစ်ပေါ်လာခဲ့သည်။

၂၀၁၉ ခုနှစ် ဇွန်လမှစ၍ မောင်တောမြို့သည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက အင်တာနက်ပိတ်ဆို့ခဲ့သောမြို့နယ် (၉) ခုထဲတွင် ပါဝင်သည်။ မိုဘိုင်းလ်ဖုန်း အင်တာနက်ပိတ်ရန် အမိန့်ထွက်ပြီးနောက် Telenor က လိုက်နာခဲ့သည့် တစ်ချိန်တည်းတွင် အစိုးရနှင့် "ဆက်လက်စေ့စပ်ဆွေးနွေးပွဲ" လုပ်ဆောင်ရာ၌ "ပိတ်ဆို့မှု၏အချိန်ကာလနှင့်အတိုင်းအတာအတွက် အချိုးအစားများနှင့် ကန့်သတ်ချက်များထားရှိရေးသေချာစေရန် ဆွေးနွေး" ခဲ့သည်ဟုလည်း ဆိုသည်။[၂၂] (၁၀) လ ကြာပြီးနောက် မောင်တောတွင် အင်တာနက်ပိတ်ဆို့မှု ရုပ်သိမ်းခဲ့သော်လည်း ကျန်ရှိနေသော အခြား (၈) မြို့နယ်တွင်မူ ပိတ်ဆို့မှုများ ဆက်လက်အသက်ဝင်နေဆဲဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသားသတင်းမီဒီယာများအပေါ် ပိတ်ဆို့ရန်လုပ်ဆောင်သည့် လက်ရှိအစိုးရ၏ အမိန့်က ဖော်ပြနေသည်မှာ ပြည်ပ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် စည်းကမ်းလိုက်နာရေး သတ်မှတ်မှု မည်မျှရှိစေကာမူ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်နေသည့်ကုမ္ပဏီများမှာ ၎င်း၏ပြည်သူများအပေါ် စစ်ပွဲဆက်လက်ဆင်နွှဲနေသော မြန်မာအစိုးရ၏ ဖိနှိပ်ရေးအမိန့်များကို ရှောင်လွှဲ၍မရဘဲ အကောင်အထည်ဖော်ပေးရမည်ဟူသော စည်းကမ်းကို ကျော်ခွသွားနိုင်မည် မဟုတ်ကြောင်း နှစ်ပေါင်းများစွာအတွင်း တတိယအကြိမ်မြောက် ထပ်မံသတိပေးလိုက်ခြင်းပင် ဖြစ်လေသည်။

၂၀ Kaladan Press Network. "The Killing Fields of Alethankyaw." 22 November 2018. Available at: https://progressivevoicemyanmar.org/2018/11/22/the-killing-fields-of-alethankyaw/

၂၁ Frontier Myanmar. "Telenor seeks answers over Rakhine telecom tower snipers report." 30 November 2018. Availablet at: https://frontiermyanmar.net/en/telenor-seeks-answers-over-rakhine-telecom-tower-snipers-report

၂၂ Telenor Myanmar. "Network Shutdown in Myanmar: 21 June 2019." 21 June 2019. Available at: https://www.telenor.com/network-shutdown-in-myanmar-21-june-2019/?fbclid=IwAR2b3I5kL5yr_Vt0Nharlb2teGqJ9A_Daadx8VphL8CNeBIJwVG0KD5XFIo

# ၃။ အစိုးရ၏ ကြေညာချက်များက ဖမ်းဆီးမှုများကို လမ်းဖွင့်ပေးခြင်း

အစိုးရမှ ကြေညာချက်ထုတ်ပြန်ပြီး တစ်ပတ်အကြာ မတ်လ ၃၁ ရက်နေ့တွင် ရဲများနှင့် မြန်မာစစ်တပ်၏ အထူးစုံစမ်းစစ်ဆေးဌာနမှ အရာရှိများက နိုရဌရာ ရခိုင်တိုင်းရင်းသားသတင်းဌာနရုံးကို ဝင်ရောက်စီးနင်း ပိတ်သိမ်းခဲ့ခြင်းနှင့် သတင်းထောက်များအား စစ်ဆေးမေးမြန်းမှုများ လုပ်ဆောင်ခဲ့ခြင်းတို့အပြင် အယ်ဒီတာ ခိုင်မြတ်ကျော်ကို ဖမ်းဆီးရန် ဝရမ်းထုတ်ခဲ့ပြီး ၎င်းသည် AA နှင့် အင်တာဗျူးကို ထုတ်ဝေခဲ့ခြင်းကြောင့် ၂၀၁၄ ခုနှစ် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ချိုးဖောက်မှုဖြင့် တရားစွဲဆိုခြင်း ခံထားရသည်။[၃၃] နောက်ထပ်ပြည်တွင်း သတင်းမီဒီယာဌာနတစ်ခုဖြစ်သော ရန်ကုန်ခေတ်သစ်မီဒီယာ၏ အယ်ဒီတာ သာလွန်ဇောင်းထက်ကိုလည်း အလားတူ စွပ်စွဲချက်များဖြင့် အမှုဖွင့်ထားသည်။[၃၄] မန္တလေးအခြေစိုက် Voice of Myanmar ၏ အယ်ဒီတာ နေမျိုးလင်းကို ယင်းဥပဒေ ချိုးဖောက်မှုဖြင့်ပင် ဖမ်းဆီးတရားစွဲခဲ့သည်။[၃၅]

တိုင်းရင်းသား သတင်းမီဒီယာ ညွန့်ပေါင်းအဖွဲ့ဖြစ်သည့် BNI တွင် နိုရဌရာ ပါဝင်နေပြီး ထိုညွန့်ပေါင်းအဖွဲ့မှ ပြီးခဲ့သော ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂ ရက်နေ့တွင် သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ အိတ်ဖွင့်ပေးစာတစ်စောင်ရေးကာ အယ်ဒီတာများအပေါ် တရားစွဲဆိုထားမှုများကို ရုပ်သိမ်းပေးရန် ပန်ကြားခဲ့သည်။[၃၆] ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်ဟောင်း မစ္စယန်းဟီးလီကလည်း အလားတူ တောင်းဆိုခဲ့ပြီး လက်နက်ကိုင် ပဋိပက္ခအကြောင်း ပွင့်ပွင့်လင်းလင်း ဆက်လက် သတင်းတင်ပြနိုင်ရေး လိုအပ်မှုကို ထောက်ပြခဲ့သည်။[၃၇] Transparency International က အဆိုပါတရားစွဲဆိုမှုသည် "နိုင်ငံတွင်း အခြေအနေများကို ပြည်သူလူထုအား အသိပေးခြင်းဖြစ်သည့်အတွက် အကြမ်းဖက်မှုဖြင့် တရားစွဲဆိုသော ဝက်ဖဲ" ဖြစ်သည်ဟု ရှုတ်ချခဲ့သည်။[၃၈]

နေမျိုးလင်းကို ဖမ်းဆီးပြီး ၁၀ ရက်အကြာတွင် ပြန်လွှတ်ပေးခဲ့ပြီး တရားစွဲဆိုမှုကို ရုပ်သိမ်းခဲ့သည်။ နေမျိုးလင်းမှ ၎င်းလွတ်မြောက်လာသည့်နောက်ပိုင်းတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ချိုးဖောက်မှုဖြင့်

---

၃၃ Saw Nang & Richard C. Paddock. "Myanmar Journalists Who Quoted Rebel Spokesman Face Arrest." New York Times. 3 April 2020. Available at: https://www.nytimes.com/2020/04/03/world/asia/myanmar-journalists-arrest-arakan.html

၃၄ RFA Myanmar Service. "Two Myanmar Editors in Hiding Over Interview With Banned Arakan Army." 15 April 2020. Radio Free Asia. Available at: https://www.rfa.org/english/news/myanmar/editors-charges-04152020212228.html

၃၅ Reuters. "Myanmar charges journalist under terrorism law, blocks news websites." 31 March 2020. Al Jazeera. Available at: https://www.aljazeera.com/news/2020/04/myanmar-charges-journalist-terrorism-law-blocks-news-site-200401055032109.html

၃၆ BNI Multimedia Group. "BNI Multimedia Group's Open Letter to the State Counsellor and President." 7 April 2020.Mizzima. Available at: https://www.bnionline.net/en/news/bni-multimedia-groups-open-letter-state-counsellor-and-president

၃၇ Khaymani Win. "Voice of Myanmar Journalist Freed 10 Days After Arrest for Interview of Banned Arakan Army. 9 April 2020. RFA Myanmar Service. Available at: https://www.rfa.org/english/news/myanmar/journalist-freed-04092020165042.html

၃၈ RFA Myanmar Service. "Two Myanmar Editors in Hiding Over Interview With Banned Arakan Army." Radio Free Asia. 15 April 2020. Available at: https://www.rfa.org/english/news/myanmar/editors-charges-04152020212228.html




*မြစ်ကြီးနားမြို့ဘုတာရုံတိုက်တန်းတွင် "အိမ်မှာနေခြင်းဖြင့် အသက်ကယ်ကြပါ" ဟု အဓိပ္ပာယ်ရသော "Stay at Home, Save Lives" ဆိုသည့် နံရံပန်းချီကို COVID-19 ဆိုင်ရာ အသိပညာပေးရန် ရည်ရွယ်၍ သရုပ်ဖော်ရေးဆွဲခဲ့သော်လည်း အနုပညာဖန်တီးသူ ဇေယျာနောင်၊ စီစီလျာဂျာဆိုင်းနှင့် နော်ထွန်းအောင်တို့မှာ ဗုဒ္ဓဘာသာကို စော်ကားမှုဖြင့် ဖမ်းဆီးခံရမှုကို ဦးတည်စေခဲ့သည်။ (ဓာတ်ပုံ - Kachin News Group)*

တရားစွဲဆိုခံထားပြီး အဖမ်းမခံရစေရန် ပုန်းရှောင်နေရသော ခိုင်မြတ်ကျော်နှင့် သာလွန်ဇောင်းထက်တို့ကိုလည်း အလားတူ ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့သည်။

သတင်းအယ်ဒီတာများအပေါ် နှိပ်ကွပ်မှုက မီးမောင်းထိုးပြနေသည်မှာ အစိုးရအနေဖြင့် မြန်မာစစ်တပ်က ရန်သူဟု ယူဆထားသူများကို အန္တရာယ်ရှိသူများအဖြစ် သတ်မှတ်သော အမိန့်ညွှန်ကြားချက်ထုတ်ပြန်ပေးပြီး ယင်းကို နိုင်ငံတော်လုံခြုံရေး တပ်ဖွဲ့များမှ ၎င်းတို့အား ဝေဖန်သူများကို ရွေးချယ်နှုတ်ပိတ်ရန် အသုံးပြုနေသည်။ တချို့သူများအပေါ် တရားစွဲဆိုခြင်းများသည် ကျန်ရှိသေးသော ဝေဖန်မည့်သူများကို ၎င်းတို့ဘာသာ နှုတ်ပိတ်သွားစေရန်အတွက် ဆင်ဆာဖြတ်သည့် ခြောက်လှန့်ခြင်းနည်းနာ တစ်မျိုးလည်း ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းစစ်နှင့် ကပ်ရောဂါ ဖြစ်နေသော်လည်း မြန်မာနိုင်ငံအတွင်းရှိ လွတ်လပ်သော သတင်းမီဒီယာများမှာ နှုတ်ဆိတ်နေရမည်လား သို့မဟုတ် ဖိနှိပ်သည့် အစိုးရ၏ အမိန့်များကို အာခံ၍ ပြစ်ဒဏ်ကျခံကြမည်လားဆိုသည့် ရွေးချယ်ရခက်သည့် အခြေအနေကြားထဲတွင် တွန်းပို့ခံနေရသည်။

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ရာဇဝတ်မှုကြောင်းအရ တရားစွဲဆိုမှုများသည် အနုပညာဖန်တီးသူများထံသို့ပင် သက်ရောက်မှုရှိနေသည်။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် ပန်းချီရေးဆွဲသူ (၃) ဦး ဖြစ်သော ဇေယျာနောင်၊ စီစီလျာဂျာဆိုင်းနှင့် နော်ထွန်းအောင်တို့မှ COVID-19 သည် ပြည်သူ့ကျန်းမာရေးအတွက် ခြိမ်းခြောက်မှု ဖြစ်နေကြောင်း သရုပ်ဖော်ထားသည့် နံရံပန်းချီကို အများပြည်သူ မြင်ကွင်းတွင် ရေးဆွဲခဲ့ပြီးနောက် ဗုဒ္ဓဘာသာကို စော်ကားမှုဖြင့် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုခြင်းကို ရင်ဆိုင်ကြရသည်။ "အိမ်မှာ နေခြင်းဖြင့် အသက်ကယ်ကြပါ" ဟု အဓိပ္ပာယ်ရသည့် "Stay Home, Save Lives" အမည်တပ်ထားသော ပန်းချီတွင် နီစွေးသောဝတ်ရုံ ဝတ်ထားသည့် သေမင်းတမန်ပုံ ရေးဆွဲထားခြင်းကို မြန်မာအွန်လိုင်းသုံးစွဲမှုများက ဗုဒ္ဓဘာသာဘုန်းကြီးသင်္ကန်းနှင့် တူအောင် ရေးဆွဲထားသည်ဟု စွပ်စွဲခဲ့ကြသည်။ ၎င်းကိုယ်တိုင်က ဗုဒ္ဓဘာသာဝင်ဖြစ်သည့် အဓိက ပန်းချီရေးဆွဲသူက ယင်းပန်းချီကားတွင် မည်သည့်ဘာသာရေး အနက်အဓိပ္ပာယ်မှ မပါဝင်ကြောင်း၊ လက်ရှိ ကပ်ရောဂါကာလ၏ ဆိုးဝါးသောအန္တရာယ်ကို အများပြည်သူ သိရှိစေရန် ရည်ရွယ်ရုံသက်သက်သာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။[၃၉]

ယင်း ပန်းချီရေးဆွဲသူများ ချိုးဖောက်သည်ဟု စွပ်စွဲခံထားရသောဥပဒေမှာ မြန်မာနိုင်ငံ၏ ရာဇသတ်ကြီး ပုဒ်မ ၂၉၅ (က) ဖြစ်ပြီး ယင်းမှာ ကိုလိုနီခေတ်ကတည်းက တည်ရှိခဲ့သော ဥပဒေ ဖြစ်ပြီး "ဘာသာရေး ခံစားချက်များ ထိုးဆွ တွန်းတိုက်ပေး" သော ရည်ရွယ်ချက်ဖြင့် "တမင်

၃၉ Kachin News Group. "Myitkyina Painters Promoting COVID-19 Awareness Charged With Insulting Buddhism." 6 April 2020. Available at: https://kachinnews.com/2020/04/06/myitkyina-painters-promoting-covid-19-awareness-charged-with-insulting-buddhism/

တကာ မလိုမုန်းထားသော လုပ်ဆောင်မှုများ" ကျူးလွန်ခြင်းကို ပြစ်ဒဏ်ပေးသည့်ဥပဒေ ဖြစ်သည်။ ယင်းဥပဒေကို လွန်ခဲ့သော (၅) နှစ်က ဗုဒ္ဓပုံကို နားကြပ်များ တပ်ဆင်၍ ယမကာအရောင်းမြှင့်တင်သည့် အရက်ဆိုင်ရှင်များအား တရားစွဲရန်နှင့် ဗုဒ္ဓဘာသာကို အမျိုးသားရေး ရည်ရွယ်ချက်အတွက် အသုံးပြုနေမှုကို လူသိရှင်ကြား ဝေဖန်ခဲ့သော NLD ပါတီဝင်တစ်ဦးအား တရားစွဲရာတွင်လည်း သုံးခဲ့ဖူးသည်။[၄၀] တရားခွင် နှစ်ခုစလုံးတွင် အမျိုးသားရေးအစွန်းရောက် ဗုဒ္ဓဘာသာ အဖွဲ့အစည်းဖြစ်သည့် အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (မဘသ)[၄၁] အဖွဲ့ဝင်များ ထင်ထင်ရှားရှား တက်ရောက်ခဲ့ကြပြီး နှစ်မှုစလုံးမှာ အလုပ်ကြမ်းနှင့် ထောင်ဒဏ်များ ချမှတ်ခြင်းခံခဲ့ရသည်။

မြန်မာနိုင်ငံတွင် သတင်းအချက်အလက် ရယူပိုင်ခွင့်အပေါ် ကျယ်ပြန့်စွာ နှိပ်ကွပ်နေခြင်း၏အစိတ်အပိုင်းအဖြစ် တရားစွဲဆိုမှုများကို HRW က ရှုတ်ချခဲ့ပြီး[၄၂] အနုပညာဖန်တီးသူများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပေါ် ဖိနှိပ်မှုမှာ မြန်မာစစ်တပ်မှ ရေးဆွဲခဲ့သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ယင်းအခြေခံလွတ်လပ်ခွင့်များကို ကာကွယ်စောင့်ရှောက်မှု ကင်းမဲ့နေခြင်းအပေါ် အခြေခံနေသည်ဟု ကချင်ပြည်နယ် အခြေစိုက် ဥပဒေအထောက်အကူပြုကွန်ရက် (Legal Aid Network – LAN) က သုံးသပ်ခဲ့သည်။[၄၃]

မှတ်သားစရာတစ်ခုမှာ ယင်းအမှုကို NLD ဦးဆောင်သည့် သာသနာရေးဝန်ကြီးဌာန အောက်ရှိ ကချင်ပြည်နယ် သာသနာရေးဝန်ကြီးဌာန၏ ဒုညွှန်ကြားရေးမှူးမှ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုအဆင့် သာသနာရေးဝန်ကြီးသည် စစ်ဗိုလ်ချုပ်ဟောင်းတစ်ဦးဖြစ်ပြီး စစ်တပ်က ဦးဆောင်သော မြန်မာနိုင်ငံ COVID-19 အရေးပေါ်တုံ့ပြန်ရေးကော်မတီထဲ၌လည်း ပါဝင်နေသည်။

## လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ပိုမိုချုပ်ချယ်လာခြင်း – အဆိုပြုထားသည့် ကူးစက်ရောဂါတားဆီးရေးနှင့် ထိန်းချုပ်ရေးဥပဒေကြမ်း

၁၉၉၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေအား အစားထိုးနိုင်ရန် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး ဥပဒေကြမ်းကို[၄၄] ၂၀၂၀ ပြည့်နှစ် မေလ ၁၈ ရက်နေ့၌ အမည်တူဥပဒေတစ်ခုကို အောက်လွှတ်တော်သို့ တင်သွင်းထားခဲ့သည်။ ယင်းဥပဒေကို ဆန်းစစ်ကြည့်ရာတွင် စောင့်ကြည့်ထောက်လှမ်းသည့် အလေ့အထ ပိုမိုအားကောင်းလာနိုင်ခြင်းအပါအဝင် စိုးရိမ်ပူပန်စရာတချို့ ပေါ်ပေါက်လာခဲ့သည်။[၄၅] စိုးရိမ်ဖွယ်အကောင်းဆုံးမှာ ယင်းဥပဒေက သတင်းအချက်အလက်ရရှိခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ကို အားနည်းစေနိုင်ခြင်းပင် ဖြစ်သည်။ COVID-19 ပျံ့နှံ့မှု ကာကွယ်တားဆီးရေးအတွက် အားသွန်ခွန်စိုက်

---

၄၀ Oliver Slow. "The left-over laws: Myanmar's colonial hangover." Frontier Myanmar. 27 February 2016. Available at: https://frontiermyanmar.net/en/the-left-over-laws-myanmars-colonial-hangover

၄၁ မြန်မာနိုင်ငံ အမျိုးသားရေးဝါဒီအဖွဲ့ဟုလည်းကောင်း၊ အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေးအဖွဲ့ဟုလည်းကောင်း လူသိများသည့် မဘသသည် မြန်မာမွတ်စလင်မ်လူထုများကို ဦးတည်သည့် ခွဲခြားဆက်ဆံရေး ဥပဒေများ ရေးဆွဲရာတွင် ဩဇာကြီးခဲ့ပြီး ဘာသာပြောင်းမှု၊ ဘာသာခြားနှင့် လက်ထပ်ထိမ်းမြားမှု၊ ကလေးမွေးနှုန်း ကန့်သတ်မှုများ လုပ်ခဲ့သည်။ ၎င်းအဖွဲ့သည် ရိုဟင်ဂျာ လူနည်းစုအပေါ် အမုန်းစကားကမ်ပိန်းများ ဆင်နွှဲရာ၌လည်း အခရာ ကျခဲ့သည်။ မဘသကို တရားဝင်အားဖြင့် ဖျက်သိမ်းခဲ့သော်လည်း မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ အမျိုးသားရေးဝါဒထဲတွင် တက်ကြွပြီး ဩဇာရှိသည့် ဇာတ်ကောင် ဆက်ဖြစ်နေသည်။

၄၂ Human Rights Watch. "Myanmar: 3 Charged for COVID-19 Street Art." 8 April 2020. Available at: https://www.hrw.org/news/2020/04/08/myanmar-3-charged-covid-19-street-art

၄၃ Kachin News Group. "Calls Grow to Drop Charges Against Artists Over COVID-19 Mural." 6 May 2020. Available at: https://kachinnews.com/2020/05/06/calls-grow-to-drop-charges-against-artists-over-covid-19-mural/

၄၄ Prevention and Control of Communicable Disease Bill. Available at:https://pyidaungsu.hluttaw.mm/uploads/pdf/mu4lWS_CD%20Law%20%2011.12.19%20(Annex%203)%20PDF.pdf

၄၅ The Ananda. "Bill Analysis: Prevention and Control of Communicable Disease Bill." 8 April 2020. Available at: https://theananda.org/en/blog/view/-Bill-Analysis_PCCD-Bill

တုံ့ပြန်ရာ၌ သတင်းအချက်အလက်သည် အချက်အချာကျနေသော်လည်း ယင်းဥပဒေကြမ်းက "အများပြည်သူ စိုးရိမ် ကြောက်လန့်မှုဖြစ်စေနိုင်သည့် နေရာ၊ လူပုဂ္ဂိုလ်၊ အရာဝတ္ထု၊ တိရစ္ဆာန်၊ ယာဉ်၊ အကြောင်းအရာနှင့် လှုပ်ရှားမှုများဆိုင်ရာ သတင်းအချက်အလက်များ" အပါအဝင် ကူးစက်ရောဂါပြန့်ပွားမှုအကြောင်း သတင်းအချက်အလက်မျှဝေခြင်းကို ရာဇဝတ်မှုမြောက်စေမည်ဖြစ်သည်။[၄၆] ယခုအဆိုပြုထားသည့် ဥပဒေကြမ်း၏ ပုဒ်မ ၂၀ အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် "အထိတ်တလန့်ဖြစ်စေနိုင်သည့်" သတင်းပို့ချက်များကို တားမြစ်နိုင်ရန်အတွက် ဒေသခံ အရာထမ်းများအား အခွင့်အာဏာ ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။[၄၇] ပထမအကြိမ် ကျူးလွန်ပါက ဒဏ်ငွေ ကျပ် (၁၀၀,၀၀၀) အထိ ချမှတ်နိုင်ပြီး ဒုတိယအကြိမ် ထပ်မံကျူးလွန်သူများကို ထောင်ဒဏ် (၆) လနှင့် ဒဏ်ငွေ ကျပ် (၅၀၀,၀၀၀) အထိ ချမှတ်နိုင်သည်။

ကုလသမဂ္ဂ၏ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာကော်မတီ (Committee on Economic, Social and Cultural Rights) က "သတင်းအချက်အလက်များ လက်လှမ်းမီရရှိရေး" ကို အလေးပေးဖော်ပြထားပြီး ကျန်းမာရေးနှင့်ဆက်စပ်သော သတင်းအချက်အလက်များကို ပြည်သူများ လက်လှမ်းမီရရှိနိုင်ရေး သေချာစေရန်အတွက် အစိုးရမှ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားကို ချမှတ်ထားသည်။ မြန်မာနိုင်ငံသည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights - ICESCR) ကို ၂၀၁၇ ခုနှစ်တွင် အတည်ပြု လက်မှတ်ရေးထိုးခဲ့သည်။ ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက် ရယူနိုင်ရေး အာမခံရန် တာဝန်ရှိသည်ဟု သတ်မှတ်ထားသည်။ ယင်းကဲ့သို့ သတင်းအချက်အလက် "ရယူပိုင်ခွင့်ထဲတွင် သတင်းအချက်အလက်နှင့် အတွေးအခေါ်များ ရှာဖွေခွင့်၊ လက်ခံခွင့်နှင့် ဝေမျှခွင့်" တို့ ပါဝင်သည်။[၄၈] ဥပဒေကြမ်းထဲတွင် ပါဝင်သော "အထိတ်တလန့်ဖြစ်စေနိုင်သည့်" ဟူသော ဝေါဟာရမှာ အလွန်တရာ ဝေဝါးလှပြီး "မည်သည့်စကားလုံးကို တားမြစ် ထားသည်ဆိုသည်ကို ပြည်သူများ သိရှိနိုင်ရန် ဥပဒေထဲတွင် စကားရပ်များ တိတိကျကျ ကန့်သတ်၍ ကောင်းစွာ ရှင်းလင်းစေရမည်ဟု သတ်မှတ်ထားသည့် နိုင်ငံတကာဥပဒေကို ချိုးဖောက်နေသည်" ဟု HRW က ဆိုသည်။[၄၉]

ယင်းကဲ့သို့သော ဥပဒေပြဋ္ဌာန်းချက်ကို မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ကျဆင်းနေသည့် အခင်းအကျင်းကြီး၏ အကြောင်းရင်းများအဖြစ် အဓိပ္ပာယ်ကောက်ရပေမည်။ ဒေသခံ အဖွဲ့အစည်းတစ်ခုဖြစ်သော 'အသံ - လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့' ၏ အဆိုအရ မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ၊ ရာဇသတ်ကြီးဥပဒေမှ ပုဒ်မများ၊ ယခုနောက်ဆုံးထုတ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အပါအဝင် ဥပဒေများ သုံး၍ လွန်ခဲ့သော (၄) နှစ် အတွင်း NLD အစိုးရလက်ထက်တွင် သတင်းထောက်များ၊ တက်ကြွလှုပ်ရှားသူများ၊ အစိုးရနှင့် စစ်တပ်အား ဝေဖန်ပြစ်တင်သည်ဟု ယူဆခံရသူ လူပုဂ္ဂိုလ် (၁,၀၅၁) ဦးကို အမှု (၅၃၉) မှုဖြင့် နှိပ်ကွပ် အသံတိတ်စေခဲ့သည်။[၅၀] အထက်ဖော်ပြပါဥပဒေကို ထပ်မံပြဋ္ဌာန်းလိုက်

---

၄၆ Ibid.

၄၇ Article 19. “Myanmar: Restriction on expression in communicable diseases bill would undermine COVID-19 response.” 12 May 2020. Available at: https://www.article19.org/resources/myanmar-restriction-on-expression-in-communicable-diseases-bill-would-undermine-covid-19-response/

၄၈ UN Committee on Economic, Social and Cultural Rights. General Comment No. 14: The Right to the Highest Attainable Standard of Health (Art. 12). UN Doc. E/C.12/2000/4 (2000). Available at: https://digitallibrary.un.org/record/425041?ln=en

၄၉ Human Rights Watch. “Statement attributable to Phil Robertson, Deputy Asia Director, Human Rights Watch onMyanmar’s draft law on Prevention and Control of Communicable Diseases.” 21 May 2020. Available at: https://www.facebook.com/hrwburma/posts/2692350457757450

၅၀ Athan. “Analysis on Freedom of Expression Situation in Four Years under the Current Regime.” 2 May 2020. Available at: https://www.athanmyanmar.org/analysis-on-freedom-of-expression-situation-in-four-years-under-

ပါက ဝေဖန်သူများကို ထပ်မံနှိပ်ကွပ်ရန်နှင့် နှုတ်ပိတ်စေရန် နောက်ထပ်လက်နက်တစ်ခု ဖြစ်သွားပေလိမ့်မည်။ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ဖော်ထုတ်ပြောဆိုခွင့်ဆိုင်ရာ အခွင့်အရေးများကို မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် အပါအဝင် ကျွမ်းကျင်သူတချို့ ပြောဆိုခဲ့ကြသည့် အတိုင်း "ကပ်ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ရာဇဝတ်မှုမြောက်စေရန် အားထုတ်မှုမှန်သမျှသည် အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များအပေါ် ယုံကြည်မှုကင်းမဲ့စေမှု၊ ယုံကြည်စိတ်ချရသော သတင်းအချက်အလက်ရယူနိုင်ရေး နှောင့်နှေးမှုနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ချုပ်ချယ်တားမြစ်မှု ဖြစ်လာနိုင်ပေသည်။"[၅၁]

---

the-currentregime/

၅၁ Athan. "Analysis on Freedom of Expression Situation in Four Years under the Current Regime." 2 May 2020. Available at: https://www.athanmyanmar.org/analysis-on-freedom-of-expression-situation-in-four-years-under-

# ၄။ အစိုးရ၏ ဖယ်ကြဉ်မှုအခြေအနေအတွင်း COVID-19 ဆိုင်ရာ တိုင်းရင်းသားတို့၏ တုံ့ပြန်ချက်များနှင့် ခုခံမှုများ

Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီသည် COVID-19 တားဆီးရေး၊ ထိန်းချုပ်ရေး၊ ကုသရေး အတွက် CSO များ၊ အခြား "သက်ဆိုင်ရာ အဖွဲ့အစည်းများ" နှင့် လက်တွဲလုပ်ကိုင်ရန် လုပ်ပိုင်ခွင့်အာဏာ ရထားသော်လည်း EAO များနှင့် CSO များ နှစ်မျိုးစလုံးတို့ကမူ တိုင်းရင်းသားပြည်နယ်များတွင် COVID-19 ကာကွယ်တားဆီးရာ၌ အစိုးရဘက်မှ ပူးပေါင်းဆောင်ရွက်မှု ချို့တဲ့နေကြောင်း ဖော်ထုတ်ခဲ့ကြသည်။

EAO များသည် ၎င်းတို့နယ်မြေများအတွင်း၌ ၎င်းတို့ဘာသာ COVID-19 ဆိုင်ရာ အသိပညာပေးရေးနှင့် ကာကွယ်တားဆီးရေး လှုပ်ရှားမှုများ စတင်လုပ်ဆောင်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် COVID-19 ကူးစက်မှုရှိကြောင်း ပထမဆုံးအတည်ပြုပြီး တစ်လကျော်ကြာသည့်တိုင် တိုင်းရင်းသား ရှေ့ဆောင်လှုပ်ရှားမှုများအတွက် မြန်မာအစိုးရထံမှ အားပေးထောက်ကူမှု သို့မဟုတ် ပူးပေါင်းလုပ်ဆောင်မှု ကမ်းလှမ်းချက်တစ်ခုမျှ မရှိခဲ့ခြင်းကြောင့် မြန်မာအစိုးရသည် နိုင်ငံ၏ အပစ်ပယ်ခံရဆုံးနှင့် အခွင့်အလမ်းအမဲ့ဆုံး နယ်မြေများသို့ ရောဂါပိုး မရောက်နိုင်အောင် အပြည့်အဝ တားဆီးပေးရန် စိတ်ဆန္ဒမရှိသည့်သဘောဟု ယူဆရပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၇ ရက်နေ့တွင်မူ သမ္မတဦးဝင်းမြင့်က COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးအတွက် EAO များနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ ဖွဲ့စည်းခြင်းကို လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။ ယင်းနိုင်ငံအဆင့် ကော်မတီကို COVID-19 ကာကွယ်တားဆီး ရေးအတွက် EAO များ၏ ကျန်းမာရေးအဖွဲ့များနှင့် ထိတွေ့ဆက်ဆံမှု လုပ်ဆောင်ရန် တာဝန်ပေးအပ်ထားသည်။ ကော်မတီအဖွဲ့ဝင် (၄) ဦးထဲတွင် အစိုးရ၏ လက်ရှိ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့များမှ ကိုယ်စားလှယ် (၃) ဦး၊ အစိုးရ ခန့်အပ်ထားသော တိုင်းရင်းသားရေးရာ ဒုတိယဝန်ကြီးတို့ ပါဝင်သည်။[၅၂] သို့သော် လက်တွေ့တွင် ကော်မတီက ယင်း၏ လုပ်ပိုင်ခွင့်အာဏာကို မည်သို့ကျင့်သုံးမည်၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် မည်ကဲ့သို့ ညှိနှိုင်းလုပ်ဆောင်မည် ဆိုသည်မှာမူ ရှင်းလင်းမှု မရှိသေးပေ။[၅၃] ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းမှာ အစိုးရ၏ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးကောင်စီ (National Reconciliation and Peace Council – NRPC) ၏ ဒုဥက္ကဋ္ဌလည်း ဖြစ်နေသဖြင့် EAO များအနေဖြင့် ပူးပေါင်းလုပ်ဆောင်ရေးနှင့် ပတ်သက်၍ ကော်မတီက "၎င်းတို့၏ နယ်မြေအုပ်ချုပ်ရေးတွင် ဝင်ရောက်စွက်ဖက်မည်" ကို စိုးရိမ်ခြင်းကြောင့် သတိထားနေရသည်ဟု ဖော်ပြကြသည်။[၅၄]

the-currentregime/

၅၂ Nyein Nyein. "Myanmar Sets Up COVID-19 Committee With Rebel Armies." 28 April 2020. The Irrawaddy. Available at: https://www.irrawaddy.com/specials/myanmar-covid-19/myanmar-sets-covid-19-committee-rebel-armies.html

၅၃ Ja Tu Hkawng, Emily Fishbein & Yuichi Nitta. "Myanmar's ethnic conflicts obstruct COVID-19 aid to minorities. 3 May 2020. Nikkei Asian Review. Available at: https://asia.nikkei.com/Spotlight/Coronavirus/Myanmar-s-ethnic-conflicts-obstruct-COVID-19-aid-to-minorities

၅၄ Kachin News Group. "EAOs Cautious About Collaboration With Government's COVID-19 Coordination Committee, Insiders Say." 12 May 2020. Available at: https://kachinnews.com/2020/05/12/eaos-cautious-about-collaboration-with-govts-covid-19-coordination-committee-insiders-say/

EAO ထိန်းချုပ်နယ်မြေများရှိ ကျန်းမာရေးအဖွဲ့အစည်းများကို ကိုယ်စားပြုသော တိုင်းရင်းသားကျန်းမာရေးကော်မတီ (Ethnic Health Committee - EHC) အဖွဲ့ဝင်များက ဆက်စပ်ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းရာ၌ တိုင်းရင်းသား ကျန်းမာရေး မိတ်ဖက်များအား အစိုးရက အသိအမှတ်ပြုခြင်းကို "ကြိုဆိုခဲ့ကြသည်။"[၅၅] သို့ရာတွင် တိုင်းရင်းသားနယ်မြေများတွင် COVID-19 ကာကွယ်တားဆီးရေး လုပ်ရှားမှုများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဗဟိုချုပ်ကိုင်မှုစနစ်ကို ထပ်မံလျှော့ချရန် လိုအပ်ကြောင်းလည်း အလေးပေး ထောက်ပြခဲ့ကြသည်။ မေလ ၆ ရက်နေ့က ထုတ်ခဲ့သည့် ထုတ်ပြန်ကြေညာချက်ထဲတွင် ၎င်းတို့က ပြည်နယ်/တိုင်းဒေသကြီးအဆင့်[၅၆] ဆက်စပ်ညှိနှိုင်းရေးယန္တရားများ ထပ်မံထူထောင်ရန် တောင်းဆိုခဲ့ကြပြီး ယင်းယန္တရားများမှာ တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်ကိုင်ရန်ဖြစ်ပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရ၏ ကျန်းမာရေးဌာနမှ ကိုယ်စားလှယ်များကိုလည်း ထားရှိရမည် ဖြစ်သည်။

ပြည်နယ်ဆက်စပ်ညှိနှိုင်းရေးယန္တရားများ တည်ထောင်ရေးနှင့်မြန်မာနိုင်ငံ၏COVID-19တုံ့ပြန်ရေးတွင် ပေါင်းစည်းထည့်သွင်းရေး တောင်းဆိုရခြင်းမှာ ပြည်နယ်အစိုးရများနှင့် မြန်မာစစ်တပ်တို့က EAO များ၏ COVID-19 ကာကွယ်တားဆီးရေးလှုပ်ရှားမှုများထဲ ဝင်ရောက်စွက်ဖက်မှုများကြောင့်လည်း ဖြစ်နိုင်သည်။ ယင်းစွက်ဖက်မှုများထဲတွင် COVID-19 ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် EAO အာဏာပိုင်များ ချမှတ်ထားသည့် ခရီးသွားလာမှု ကန့်သတ်ချက်များကို ဆန့်ကျင်ခြင်းနှင့် ကျန်းမာရေးစစ်ဆေးရာ စခန်းများကို အတင်းအကြပ် ပိတ်သိမ်းခိုင်းခြင်းများ ပါဝင်သည်။ EAO များ၏ ရှေ့ဆောင်လှုပ်ရှားမှုများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာအမိန့်ညွှန်ကြားချက်များနှင့် ကိုက်ညီနေသည့်ကြားမှ နှောင့်ယှက်မှုများ လုပ်ဆောင်ခံခဲ့ရခြင်းဖြစ်ပြီး အကယ်၍ ထိုကဲ့သို့သော EAO များ၏ ဆောင်ရွက်ချက်များကို အသိအမှတ်ပြုခြင်းနှင့် အားပေးပံ့ပိုးမှု ပြုလုပ်ပေးလိုက်ပါက အုပ်ချုပ်ရေးအာဏာခွဲပေးခြင်းသို့ ဦးတည်သည့် တိုင်းရင်းသားလူမျိုးများ ကာလရှည်ကြာ တောင်းဆိုနေသည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်၏ အချက်အချာကျသော လက္ခဏာကို လိုက်လျောမှု ဖြစ်သွားနိုင်သောကြောင့် ဖြစ်သည်။

အောက်ဖော်ပြပါစာရင်းသည် အလုံးစုံပြည့်စုံမှု မရှိသော်လည်း မြန်မာနိုင်ငံတွင် အစိုးရ၏ COVID-19 တုံ့ပြန်ရေး လုပ်ဆောင်မှုမှ စနစ်တကျ ဖယ်ကြဉ်ခြင်းခံထားရသော နယ်မြေများတွင် ယခုအချိန်ထိ EAO များ၏ ကြိုးပမ်းချက်များကို ချုံ့ဖော်ပြထားခြင်းသာဖြစ်သည်။ မှတ်သားဖွယ် အချက်တစ်ခုမှာ ပထမဆုံး ဖော်ပြမည့် EAO (၄) ဖွဲ့သည် မြန်မာအစိုးရ၊ စစ်တပ်တို့နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationawide Ceasefire Agreement - NCA) ကို လက်မှတ်ရေးထိုးထားသူများ ဖြစ်ကြသည်။ သို့သော် NCA လက်မှတ်ရေးထိုးထားခြင်းက ကပ်ရောဂါ ကာကွယ်တားဆီးရန် အစိုးရ၏ ထောက်ပံ့ကူညီမှု မရရှိစေသကဲ့သို့ အကျပ်အတည်းကာလအတွင်း ၎င်းတို့၏ နယ်မြေအတွင်း တိုက်ပွဲများ ဖြစ်ပွားမှုကိုလည်း မရပ်တန့်စေခဲ့ပေ။ အောက်ဖော်ပြပါ အဖွဲ့အစည်းများနှင့် EHC တို့က COVID-19 ကာကွယ်တားဆီးရေးအပေါ် အလေးထားနိုင်ရန်အတွက် မြန်မာစစ်တပ်အနေဖြင့် အားလုံးပါဝင်မှုရှိပြီး ပြည့်စုံခြုံငုံမှုရှိသည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး လုပ်ဆောင်ရန် အတိအလင်း တောင်းဆိုခဲ့ကြသည်။ ယင်းတောင်းဆိုချက်ကို ယခု အစီရင်ခံစာ၏ လာမည့်အခန်းများတွင် ထပ်မံ ဖော်ပြထားပါသည်။ သို့ရာတွင် မြန်မာစစ်တပ်သည် ပဋိပက္ခနယ်မြေများရှိ တိုင်းရင်းသားများ၏ လူမှုရေး သို့မဟုတ် နိုင်ငံရေး အဆောက်အအုံများ၏ ပါဝင်အကျိုးပြုမှုကို ယခု ကပ်ရောဂါ ကာကွယ်တားဆီးရေး အခင်းအကျင်းအတွင်း၌ပင် လျှင် လက်ခံနိုင်ပုံ မရှိသည့်အပြင် တိုင်းရင်းသား ကျန်းမာရေးစောင့်ရှောက်မှု အကောင်အထည်ဖော် လုပ်ဆောင်မှုများကို ဆက်လက် ဟန့်တားနှောင့်ယှက်နေခဲ့သည်။ အစိုးရက ကပ်ရောဂါနှင့်ပတ်သက်၍ EAO များနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ လက်တွဲလုပ်ဆောင်ရန် ကတိပြုပြီး တစ်ပတ်ကျော်အကြာ မေလ ၆ ရက်နေ့တွင် ကရင်ပြည်နယ် မူတြော်ခရိုင်၌ မြန်မာစစ်တပ်သည် ကရင်အမျိုးသားအစည်းအရုံး (Karen National Union - KNU)က ဖွင့်လှစ်ထားသော COVID-19 ကျန်းမာရေးစစ်ဆေးရေး စခန်းနှစ်ခုကို မီးရှို့ဖျက်ဆီးပစ်ခဲ့သည်။[၅၇]

၅၅ Network Media Group. “State-Level Coordination Needed for Govt, EAO Cooperation in Fighting COVID-19.” 9 May 2020. Available at: http://www.nmg-news.com/2020/05/08/10736

၅၆ Network Media Group. “State-Level Coordination Needed for Govt, EAO Cooperation in Fighting COVID-19.” 9 May 2020. Available at: http://www.nmg-news.com/2020/05/08/10736

၅၇ Karen News. “Burma Army Burns KNU COVID-19 Screening Posts, Pandemic Causes Peace Process Further

## ချင်းအမျိုးသားတပ်ဦး (Chin National Front - CNF)

CNF သည် ချင်းပြည်နယ်ရှိ ၎င်းတို့နယ်မြေအတွင်း အဝင်အထွက် ခရီးသွားလာမှု မှတ်တမ်းများထားရှိခြင်းနှင့် ၎င်းတို့တပ်များ၏ လှုပ်ရှားမှုများကို ကန့်သတ်ထားပြီး ၎င်းတို့စခန်းများတွင်သာ သီးခြားခွဲနေထိုင်ခြင်းများကို လုပ်ဆောင်ကြသည်။ ၎င်းတို့၏ ကြိုးပမ်းလုပ်ဆောင်မှုများတွင် အစိုးရ၏ အကူအညီတစ်ခုမျှ မရရှိခဲ့ဟု ဆိုသည်။ "ကျနော်တို့ကို အစိုးရကနေ ကျန်းမာရေးဝန်ထမ်း၊ ဆေးဝါး ဒါမှမဟုတ် ဆေးပစ္စည်း ထောက်ပံ့ပေးတာတွေ ဘာမှ မရှိဘူး။ ကျနော့်အထင် အစိုးရရဲ့ ကျန်းမာရေးစောင့်ရှောက်မှုက အတော်လေး အားနည်းနေတယ်" ဟု CNF ၏ တွဲဖက် အထွေထွေအတွင်းရေးမှူး (၂) ဆလိုင်းထက်နီက ချင်းတိုင်းရင်းသား မီဒီယာကို ဧပြီလတွင် ပြောခဲ့သည်။[၅၈]

## ကရင်အမျိုးသားအစည်းအရုံး (Karen National Union - KNU)

KNU သည် COVID-19 ပြန့်ပွားမှုကို ကာကွယ်တားဆီးနိုင်ရန် ၎င်းတို့၏ နယ်မြေအတွင်းသို့ ဝင်ရောက်ခြင်းနှင့် နယ်မြေအတွင်း ခရီးသွားလာမှုများအပေါ် ကန့်သတ်မှုများ ထားရှိသည်။ မွန်ပြည်နယ် သထုံခရိုင်ကို ဖြတ်သန်းသွားသည့် လမ်းပေါ်တွင် ခရီးသွားများအား KNU မှ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ၎င်း၏ တပ်မဟာ (၁) နယ်မြေတွင် ညမထွက်ရအမိန့် ထုတ်ခြင်းတို့ကို မြန်မာစစ်တပ်အရာရှိ ဦးစီးသည့် ဗဟိုအဆင့် လက်အောက် ကရင်ပြည်နယ် နယ်စပ်ရေးရာဝန်ကြီးဌာနက ဧပြီလ ၁၇ ရက်နေ့၌ တရားဝင် ကန့်ကွက်စာ ထုတ်ပြန်ခဲ့သည်။[၅၉] ယင်းဝန်ကြီးက KNU အနေဖြင့် "NCA ကို လိုက်နာရန်၊ ၎င်း၏တပ်များကို ထိန်းရန်၊ နယ်စပ်ဒေသ အုပ်ချုပ်ရေးကိစ္စများတွင် မစွက်ဖက်ရန်" ဆိုသည့် အချက်များကို တိုက်တွန်းခဲ့ပြီး COVID-19 ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ အစိုးရ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ ရှိနေပြီးဖြစ်ကြောင်း ထောက်ပြခဲ့သည်။ မေလ အစောပိုင်းရက်များတွင် အဆိုပါနေရာသို့ မြန်မာစစ်တပ်များ ရောက်ရှိလာခဲ့ပြီး နောက်ပိုင်းတွင် KNU သည် နောက်ထပ် ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရန်အတွက် သထုံရှိ ၎င်းတို့၏ ကျန်းမာရေး စစ်ဆေးမှုများကို ရပ်ဆိုင်းလိုက်ရပြီး စစ်ဆေးရေးဂိတ်များကို စွန့်လွှတ်လိုက်ရသည်။[၆၀] KNU ၏ ကာကွယ်တားဆီးရေး လုပ်ဆောင်မှုများကို ၎င်းတို့နယ်မြေတစ်လျှောက်တွင် အကောင်အထည်ဖော်နေပြီး အထူးသဖြင့် မြန်မာအစိုးရ ထိန်းချုပ်နယ်မြေနှင့် ထိစပ်နေသော ဒေသများတွင်လည်း လုပ်ဆောင်နေသည်ဟု KNU ၏ အထွေထွေအတွင်းရေးမှူး ပဒို စောတာဒိုမူးက တိုင်းရင်းသား မီဒီယာကို ပြောပြခဲ့သည်။[၆၁] KNU သည် မြန်မာအစိုးရ၊ စစ်တပ်နှင့် EAO များပူးပေါင်း၍ COVID-19 ကာကွယ်တားဆီးရေး အထူးသဖြင့် ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်ရသူ (Internally Displaced Person - IDP) များထံ ရောဂါပိုး မရောက်ရှိစေရေးကို

Fractures." 8 May 2020. Available at: http://karennews.org/2020/05/burma-army-burns-knu-covid-19-screening-posts-pandemic-causes-peace-process-further-fractures/

၅၈ Khonumthung News. "CNF: Healthcare, Media Freedom 'Weak' Under NLD Govt." 15 April 2020. Available at: https://english.khonumthung.org/cnf-healthcare-media-freedom-weak-under-nld-govt/

၅၉ Mon News Agency. "Karen State Security and Border Affairs Minister Oppose KNU's Response to COVID-19." 20 April 2020. BNI Multimedia Group. Available at: https://www.bnionline.net/en/news/karen-state-security-and-border-affairs-ministry-oppose-knus-response-covid-19

၆၀ Network Media Group. "Burma Army Threats Force KNU to Stop COVID-19 Medical Checks in Thaton." 4 May 2020. Available at: http://www.nmg-news.com/2020/05/04/10674

၆၁ Network Media Group. "KNU to Burma Army: Stop Fighting Us So We Can All Fight Coronavirus." 30 March 2020. Available at: http://www.nmg-news.com/2020/03/30/10378

လုပ်ဆောင်ရန် တောင်းဆိုခဲ့သည့် ပထမဆုံး EAO ဖြစ်သည်။ ပဒို စောတာဒိုမူးက "တကယ်လို့ ဒီရောဂါပိုးက IDP တွေဆီကို ကူးစက်သွားရင် လူအများကြီး ဒုက္ခရောက်လိမ့်မယ်၊ တွေးတောင် မတွေးရဲဘူး" ဟု မတ်လ နှောင်းပိုင်းတွင် ပြောခဲ့သည်။[၆၂]

## သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (Restoration Council of Shan State - RCSS)

RCSS ကျန်းမာရေးအဖွဲ့များသည် ၎င်းတို့နယ်မြေတစ်လျှောက်ရှိ ကျေးရွာများသို့ လှည့်လည်သွားလာပြီး ရှမ်းဘာသာဖြင့် COVID-19 အကြောင်း အသိပညာဖြန့်ဝေခြင်း၊ ရွာသားများ အဖျားရှိ၊ မရှိ စစ်ဆေးခြင်းနှင့် လက်ပုံမှန်ဆေးရန် အားပေးခြင်းများ လုပ်ဆောင်နေကြသည်။ ၂၀၂၀ ပြည့်နှစ် ဧပြီလလယ်ပိုင်းတွင် ယင်းဆေးအဖွဲ့များ ရှမ်းပြည်တောင်ပိုင်း မိုင်းပန်မြို့နယ်တွင် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်နေစဉ် မြန်မာစစ်တပ်၏ တိုက်ခိုက်မှုကို ခံခဲ့ရသည်။[၆၃] ထို့နောက်ပိုင်းတွင် မြန်မာစစ်တပ်က မိုင်းပန်မြို့နယ်မှ ရွာသားများကို RCSS ဆေးအဖွဲ့များထံမှ ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် တစ်ဦးချင်း အကာအကွယ်ပစ္စည်း စသည့် "အကူအညီအထောက်အပံ့များ လက်မခံရန်" နှင့် လက်ခံပါက ဆက်သွယ်မှုဖြင့် ဖမ်းဆီးမည်ဟု သတိပေး ခြိမ်းခြောက်ခဲ့သည်။[၆၄]

## မွန်ပြည်သစ်ပါတီ (New Mon State Party - NMSP)

NMSP သည် မြန်မာအစိုးရ၏ ကျန်းမာရေးရင်းမြစ်များနှင့် ချိတ်ဆက်ရာ၌ အောင်မြင်မှုတချို့ ရှိခဲ့သော်လည်း လက်တွေ့ အကောင်အထည်ဖော် စမ်းသပ်လုပ်ဆောင်မှုများ မလုပ်ဆောင်ရသေးပေ။ NMSP က ၎င်းတို့နယ်မြေအတွင်း COVID-19 ပြန့်ပွားမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဗဟိုအဆင့်မှ မြို့နယ်အဆင့်အထိ ကော်မတီများ ဖွဲ့စည်းခဲ့ပြီး မူးယစ်ဆေး ဖြတ်မှု ပြန်လည်ထူထောင်ရေးဌာနတစ်ခုကို COVID-19 ဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်ကုသရေးဌာနအဖြစ် အသုံးပြုနိုင်ရန် ပြောင်းလဲခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။[၆၅] မွန်နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူထုအသိုင်းအဝိုင်းများက NMSP ထိန်းချုပ်ဒေသအတွင်း COVID-19 အသိပညာပေးရေး လှုပ်ရှားမှုကို ထောက်ခံအားပေးခဲ့ကြပြီး နှာခေါင်းစည်းကဲ့သို့သော ဆေးပစ္စည်းများ ဖြန့်ဝေပေးခဲ့သည်။ မေလအစောပိုင်းတွင် NMSP သည် မွန်ပြည်နယ်ရှိ မော်လမြိုင်နှင့် ရေးမြို့နယ်များနှင့် တနင်္သာရီတိုင်းဒေသကြီးရှိ ရေဖြူမြို့နယ်တို့တွင်ရှိသော အစိုးရဆေးရုံများနှင့် "ချိတ်ဆက်" ထားပြီး ၎င်းတို့နယ်မြေအတွင်းရှိ လူနာများကို မကုသနိုင်ပါက ယင်းဆေးရုံများသို့ ပို့ဆောင်သွားမည်ဟု ဆိုသည်။

---

၆၂ Ibid.

၆၃ Nang Seng Nom. "Burma Army Attacks RCSS While Shan Medics Perform COVID-19 Wellness Checks." Shan Herald Agency for News. 15 April 2020. Available at: https://english.shannews.org/archives/20783

၆၄ Seng Phoo. "Civilians Threatened With Jail Time for Accepting Face Masks." 23 April 2020. Shan Herald Agency for News. Available at: https://english.shannews.org/archives/20835

၆၅ Network Media Group. "NMSP: COVID-19 Response Plan Includes 'Link' to Govt Hospitals. 5 May 2020. Available at: http://www.nmg-news.com/2020/05/05/10690

## ကချင်လွတ်မြောက်ရေးအဖွဲ့ (Kachin Independence Organization - KIO)

KIO က ၎င်းတို့နယ်မြေအတွင်းရှိ IDP စခန်းများ အပါအဝင် ဒေသခံပြည်သူများသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization - WHO) ၏ လမ်းညွှန်ချက်များကို ဖြန့်ဝေနိုင်ရန် COVID-19 ကာကွယ်ထိန်းချုပ်ရေး ကော်မတီတစ်ခု ဖွဲ့စည်းခဲ့ပြီး ဆေးရုံတစ်ရုံ၊ သီးခြားနေထိုင်ရေးဌာန၊ ကျန်းမာရေးစစ်ဆေးမှုစခန်းများနှင့် အထူးကြပ်မတ်ကုသရေးဌာနတစ်ခုကို တည်ထောင်ခဲ့သည်ဟု ၎င်း၏ ကျန်းမာရေးဌာန အဖွဲ့ဝင်တစ်ဦးက ပြောသည်။[၆၆] KIO သည် ၎င်းတို့နှင့်ထိစပ်နေသော တရုတ်နိုင်ငံ နယ်စပ်တစ်လျှောက်ရှိ စစ်ဆေးရေးဂိတ် အများအပြားကို ဧပြီလဆန်းပိုင်းတွင် ဖြတ်သန်းသွားလာခွင့် ပိတ်ထားခဲ့သည်။[၆၇] တစ်ချိန်တည်းတွင် မြန်မာအစိုးရကမူ ကမ်ပိုင်တီးအပါအဝင် တခြားနယ်စပ်ဖြတ်ကျော် ဂိတ်များကို ဖွင့်ခွင့်ပေးထားခဲ့ပြီး အထူးသဖြင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ တရုတ်ကျောထောက်နောက်ခံပြုထားသော တစ်သျှူးငှက်ပျောခြံများ အကျိုးအတွက် ဖွင့်ထားခြင်း ဖြစ်ကာ ယင်းကို ကချင်နိုင်ငံရေးပါတီများနှင့် ပြည်နယ်လွှတ်တော်အမတ်အများအပြားက ကပ်ရောဂါကာလအတွင်း ယင်းစီးပွားရေးလုပ်ငန်းကို ပိတ်ထားရန် တောင်းဆိုထားသည့်ကြားမှ ဖွင့်ထားခဲ့ခြင်း ဖြစ်သည်။[၆၈] ကချင်ပြည်နယ်ရှိ အစိုးရထိန်းချုပ်နယ်မြေများတွင် အစိုးရက ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သောကြောင့် ကချင်အရပ်ဘက်လူထုအဖွဲ့အစည်း (၁၂) ဖွဲ့ပါဝင်သော ကွန်ရက်တစ်ခု ထူထောင်ပြီး IDP စခန်း (၃၀) ကျော်၌ ပိုးသတ်ဆေးဖြန်းခြင်း၊ ပိုးသတ်လက်ဆေးရည် ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများကို ဧပြီလဆန်းတွင် လုပ်ဆောင်ခဲ့ကြသည်။[၆၉]

## ကရင်နီ EAO များ

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (Karenni National Progressive Party - KNPP) နှင့် ကယန်းပြည်သစ်ပါတီ (Kayan New Land Party - KNLP) အပါအဝင် ကရင်နီ EAO (၆) ဖွဲ့တို့က COVID-19 ကူးစက်မှု ကာကွယ်တားဆီးရေးအတွက် ရပ်ရွာလူထုကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက် (Community Health and Development Network - CHDN) ကို ထူထောင်ခဲ့သည်။[၇၀] ၎င်းတို့သည် ကရင်နီပြည်နယ်ရှိ KNPP နှင့် KNLP ထိန်းချုပ်နယ်မြေများတွင် ခရီးသွားများ၏ ကိုယ်အပူချိန်တိုင်းရန်နှင့် COVID-19 အကြောင်း အသိပညာပေးရန် ကျန်းမာရေး စစ်ဆေးရေးစခန်း (၂၉) ခု ဖွင့်ထားခဲ့သည်။ ရောဂါလက္ခဏာပြနေသည့် လူနာများကိုလည်း စောင့်ကြည့်နေကြပြီး အခြေအနေဆိုးလာလျှင် ဆေးရုံများသို့ လွှဲပြောင်းပေးရန် အသင့်ရှိသည်ဟု ပြောသည်။

၆၆ Kachin News Group. “EAOs Cautious About Collaboration With Government’s COVID-19 Coordination Committee, Insiders Say.” 12 May 2020. Available at: https://kachinnews.com/2020/05/12/eaos-cautious-about-collaboration-with-govts-covid-19-coordination-committee-insiders-say/

၆၇ Network Media Group. “To Prevent COVID-19, KIO Closes Border to Outsiders.” 3 April 2020. Available at: http://www.nmg-news.com/2020/04/03/10445

၆၈ Kachin News Group. “Burma-China Border Remains Open Amid COVID-19 Pandemic.” 26 April 2020. Available at: https://kachinnews.com/2020/03/26/burma-china-border-remains-open-amid-covid-19-pandemic/

၆၉ Kachin News Group. “Kachin Civil Society Initiates Coronavirus Prevention Measures in IDP Camps.” 11 April 2020. Available at: https://kachinnews.com/2020/04/11/kachin-civil-society-initiates-coronavirus-prevention-measures-in-idp-camps/

၇၀ Soe Hteik Aung. “Armed Organizations Join Fight Against COVID-19.” Kantarawaddy Times. 20 April 2020. Available at: http://ktnews.org/?p=1718

## ရှမ်းပြည်တိုးတက်ရေးပါတီ (Shan State Progess Party - SSPP) နှင့် တအာင်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် (Ta'ang National Liberation Army - TNLA)

SSPP နှင့် TNLA တို့က ၎င်းတို့နယ်မြေများ အတွင်း COVID-19 ပြန့်ပွားမှု တားဆီးကာကွယ်နိုင်ရန် ၎င်းတို့ဘာသာ လုပ်ဆောင်နေကြောင်း ဒေသခံမီဒီယာ များသို့ ပြောဆိုခဲ့သည်။ ၎င်းတို့အား မြန်မာအစိုးရက နိုင်ငံအဆင့် တုံ့ပြန်ရေးနှင့်ပတ်သက်၍ ပူးပေါင်းလုပ်ဆောင်ရန်အတွက် တစ်စုံတရာ တိုင်ပင်ညှိနှိုင်းခြင်းမရှိ ဟုဆိုသည်။ ၎င်းတို့သည် NCA ကို လက်မှတ် ထိုးမထားသဖြင့် အစိုးရ၏ ကျန်းမာရေးလှုပ်ရှားမှုများထဲမှ ဖယ်ထုတ်ခံရခြင်း ဖြစ်နိုင်ကြောင်း ထောက်ပြကြပြီး မြန်မာစစ်တပ်က EAO များကို တမင်တကာ ဖယ်ချန်ထားရေး အစီအစဉ်သည် နိုင်ငံ၏ ကပ်ရောဂါတုံ့ပြန်ရေးထဲတွင်ပါ အမြစ်တွယ်နေပုံရသည်။[၇၁]

### မြန်မာနိုင်ငံ၏ IDP စခန်းများ – လူဦးရေပြွတ်သိပ်ပြီးအကူအညီလျော့နည်းနေခြင်း

မြန်မာနိုင်ငံ၏ တိုင်းရင်းသားပြည်နယ်များအနှံ့ရှိ IDP ဦးရေ (၃၅၀,၀၀၀) ခန့်မှာ ယာယီစခန်းများ၊ ဘုန်းကြီးကျောင်းများနှင့် ဘုရားကျောင်းများတွင် နှစ်အတော်များများ နေထိုင်နေခဲ့ကြရပြီး ဖြစ်သည်။ ယင်းအခြေအနေများမှာ COVID-19 ပြန့်ပွားမှုတွင် "ယမ်းအိုးများ" အဖြစ် HRW က ဖော်ပြထားသည်။[၇၂] မြန်မာနိုင်ငံသို့ ကပ်ရောဂါရှိနေကြောင်း အတည်ပြုပြီး သုံးပတ်အကြာ ဧပြီလ ၁၄ ရက်နေ့ကျမှသာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက IDP စခန်းများတွင် ကာကွယ်ရေးလုပ်ဆောင်မှုများ စတင်ခဲ့သည်။ သို့သော်လည်း ကချင်ပြည်နယ်ရှိ စခန်းအတွင်း နေထိုင်သူတချို့က သတင်းထောက်များကို ပြောပြချက်အရ ယင်းကူညီမှုမှာ အိမ်ထောင်စုတစ်စုလျှင် ဆပ်ပြာခဲတစ်ခဲ ဖြန့်ဝေပေးမှုသာ ရှိသည်ဟု ဆိုသည်။[၇၃]

ကချင်ပြည်နယ်၏ ဝိုင်းမော်နှင့် မြစ်ကြီးနားမြို့နယ်များရှိ စခန်းများမှ IDP များက လက်ရှိ မိုးခေါင်ရေရှားမှုကြောင့် COVID-19 ကာကွယ်ရေးအတွက် လက်ဆေးခြင်းကဲ့သို့သော WHO ၏ လမ်းညွှန်ချက်များကို မလိုက်နာနိုင်ဘဲ ဖြစ်နေသည်ဟု ဆိုသည်။ စခန်း၌ နေထိုင်သူများသည် နှာခေါင်းစည်း သို့မဟုတ် ပိုးသတ်လက်ဆေးရည် မဝယ်နိုင်ကြကြောင်း စခန်းခေါင်းဆောင်များက ဒေသခံမီဒီယာကို ပြောပြကြပြီး ယင်းပစ္စည်းများကို အာဏာပိုင်များမှ ထောက်ပံ့ပေးရန် တောင်းဆိုကြသည်။ ယင်းစခန်းများသည် မြန်မာအာဏာပိုင်များ လက်လှမ်းမီသည့် IDP နေရာ (၁၂၀) နီးပါးထဲတွင် ပါဝင်သော်လည်း CSO (၁၂)ဖွဲ့နှင့် စေတနာ့ဝန်ထမ်းများ ပေါင်းစုထားသည့် ကချင်ပြည်နယ် COVID-19 ကာကွယ်တားဆီးရေးကွန်ရက်ကသာ ထိုနေရာများ၌ ပိုးသတ်ဆေးဖြန်းခြင်း၊ ပိုးသတ်လက်ဆေးရည် ဖြန့်ဝေပေးခြင်းများ လုပ်ဆောင်ခဲ့သည်။[၇၄]

---

၇၁ Network Media Group. "EAOs: Burmese Govt 'Doesn't Accept' Our Cooperation in Fighting COVID-19." BNI Multimedia Group. 6 April 2020. Available at: https://www.bnionline.net/en/news/eaos-burmese-govt-doesnt-accept-our-cooperation-fighting-covid-19

၇၂ Human Rights Watch. "Myanmar: Displacement Camps Are COVID-19 Tinderboxes." 30 March 2020. Available at: https://www.hrw.org/news/2020/03/30/myanmar-displacement-camps-are-covid-19-tinderboxes

၇၃ Emily Fishbein. "Displace families in Myanmar's Kachin fear coronavirus threat." Al Jazeera. 19 April 2020. Available at: https://www.aljazeera.com/news/2020/04/displaced-families-myanmar-kachin-fear-coronavirus-threat-200419013157517.html

၇၄ Kachin News Group. "'Not Enough Water to Wash Our Hands,' Say Kachin IDPs Bracing for COVID-19."

သို့ရာတွင် အစိုးရထိန်းချုပ်နယ်မြေ ပြင်ပရှိ ဒေသများတွင် IDP အများအပြား နေထိုင်နေကြပြီး ကချင်ပြည်နယ်တွင် ထွက်ပြေးတိမ်းရှောင်ရသူ (၄၀) ရာခိုင်နှုန်းမှာ KIO ထိန်းချုပ်နယ်မြေရှိ စခန်းပေါင်း (၂၀) တွင် နေထိုင်နေကြသည်။ နိုင်ငံတကာ အထောက်အပံ့ပေးနေသူများမှ ထိုနယ်မြေများရှိ ရပ်ရွာလူထုများအား ထောက်ပံ့ကူညီမှုများ မပေးနိုင်စေရန် မြန်မာအစိုးရနှင့် မြန်မာစစ်တပ်က တားမြစ်ထားသည်မှာ ကြာနှင့်ပြီဖြစ်၍ ၎င်းတို့မှာ လက်ရှိကပ်ရောဂါ မတိုင်မီကတည်းက လုံလောက်သော လူသားချင်း စာနာမှုဆိုင်ရာ အထောက်အပံ့များ လက်လှမ်းမမီနိုင်ဘဲ ဖြစ်နေသည်မှာ နှစ်ပေါင်းများစွာရှိနေပြီ ဖြစ်သည်။ ယင်းနယ်မြေများသို့ လက်လှမ်းမီဝင်ထွက်နေသည်မှာ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများသာ ဖြစ်လေ့ရှိသော်လည်း ထိုအဖွဲ့များကို မြန်မာအစိုးရက အများအားဖြင့် လျစ်လျူရှုထားသကဲ့သို့ နိုင်ငံတကာ ကူညီထောက်ပံ့ရေး အဖွဲ့အစည်းများ၏ စနစ်တကျ ဘေးဖယ်ထားမှုကြောင့် ရန်ပုံငွေ မလုံလောက်မှုများ မကြာခဏ ဆိုသလို ကြုံတွေ့ကြရသည်။

ကရင်ပြည်နယ် မူတြော်ခရိုင်တွင် မကြာသေးသည့် လများအတွင်း မြန်မာစစ်တပ်က ရပ်ရွာများအနီး အကြိမ်ပေါင်းရာချီ၍ လက်နက်ကြီးနှင့် ပစ်ခတ်ခဲ့သောကြောင့် ရွာသားဦးရေ (၁,၇၀၀) ခန့်မှာ အမြဲတစေ စိုးရိမ်ကြောက်လန့်စွာ နေထိုင်နေကြရသည်။ ထိုခြိမ်းခြောက်မှုများကြောင့် ရွာသားများသည် တောထဲသို့ မကြာခဏ ထွက်ပြေးတိမ်းရှောင်ကြရသည်။ အစားအစာ ထွက်ရှာလျှင်ပင် အကြမ်းဖက်မှုနှင့် ဖမ်းဆီးမှုတို့ ခံရနိုင်သည့် အန္တရာယ်ရှိနေသည်ကို ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ရက် (Karen Peace Support Network - KPSN) က ဖော်ပြခဲ့သည်။ ယင်းကဲ့သို့ နေထိုင်ရမှု အခြေအနေများကြောင့် အဆိုပါ ရပ်ရွာအသိုင်းအဝိုင်းများသည် COVID-19 အချိန်တွင် "ထိခိုက်အလွယ်ဆုံးသော လူဦးရေ၏ အစိတ်အပိုင်းတစ်ခု" ဖြစ်နေသည်ဟု KPSN က ပြောသည်။[၇၅]

IDP ဦးရေ (၅,၀၀၀) နီးပါး ရှိနေသည့် ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်တွင် အစိုးရ အာဏာပိုင်များက ဆမီးမြို့တွင်း လူဦးရေပြည့်ကျပ်မှုကို လျှော့ချနိုင်ရန်အတွက် ဧပြီလ ပထမလဝက်တွင် တဲအလုံးပေါင်း (၁၅၀) ကို ဆောက်လုပ်ပေးခဲ့သော်လည်း အမှန်တကယ် လိုအပ်နေသည့် အရေအတွက်မှာ မိသားစု အစု (၆၀၀) ကျော်လောက်အတွက် လိုအပ်နေခြင်း ဖြစ်သည်။[၇၆] မတ်လ နှောင်းပိုင်းတွင် ပလက်ဝမြို့ရှိ ဆရာဝန်များက IDP လူထု၏ ကျန်းမာရေး လိုအပ်ချက်များကို မဆိုထားနှင့်၊ မြို့နေလူထုများအတွက် COVID-19 ကာကွယ်ကုသနိုင်ရေး လိုအပ်ချက်များ ဖြစ်သည့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ (Personal Protective Equipment – PPE) အပါအဝင် ဆေးပစ္စည်းများ မလုံလောက်မှုများကို ကြုံတွေ့ရနိုင်ကြောင်း ကြိုတင်ခန့်မှန်း ပြောဆိုမှုများ ရှိခဲ့သည်။[၇၇]

စစ်တွေမြို့အခြေစိုက် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ ခိုင်မျိုးထွန်းက ရခိုင်ပြည်နယ်တွင် မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများ ပြင်းထန်လာသည်နှင့်အမျှ အရပ်သားပြည်သူများမှာ ကျေးရွာများမှ ထွက်ပြေးကြရပြီး လူပြည့်ကျပ်နေသော ဘုန်းကြီးကျောင်းများတွင် တိမ်းရှောင်နေထိုင်ကြရသောကြောင့် COVID-19 ကူးစက်ပြန့်ပွားမှုအန္တရာယ် ပိုများလာနိုင်ကြောင်း ဧပြီလ ၁၅ ရက်နေ့က ဒေသခံမီဒီယာတစ်ခုကို ပြောခဲ့သည်။ "ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်နေပေမယ့် ရခိုင်ပြည်နယ်အတွင်းက တိုင်းရင်းသားပြည်သူတွေ

2 April 2020. Available at: https://kachinnews.com/2020/04/02/not-enough-water-to-wash-our-hands-say-kachin-idps-bracing-for-covid-19/

၇၅ Karen Peace Support Network. “COVID-19 response in Burma exposes glaring double standards.” 17 April 2020. Available at: https://www.facebook.com/KPSN.karen/photos/pcb.2635124270097831/2635114806765444/?type=3&theater

၇၆ Khonumthung News. “Chin State Govt to Build 150 Huts in Town With Thousands of IDPs.” 8 April 2020. Available at: https://english.khonumthung.org/chin-state-govt-to-build-150-huts-in-town-with-thousands-of-idps/

၇၇ Khonumthung News. “Without Internet or Sufficient Medical Supplies, Fear of COVID-19 Reaching Paletwa Looms.” 31 March 2020. Available at: https://english.khonumthung.org/without-internet-or-sufficient-medical-supplies-fear-of-covid-19-reaching-paletwa-looms/

ကတော့ စစ်ဖြစ်နေတာကို ပိုကြောက်နေရကြတယ်၊ ဘာလို့လဲဆိုတော့ အဲဒါက အခုချက်ချင်း သေနိုင်တယ်လေ" ဟု ၎င်းက ပြောသည်။[၇၈]

၂၀၁၈ ခုနှစ် ဒီဇင်ဘာလကတည်းက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်ရသူ (၁၆၀,၀၀၀) ထက်မနည်း ရှိနေသည်ဟု ရခိုင်တိုင်းရင်းသားမျိုးနွယ်များ အစည်းအရုံး (Rakhine Ethnics Congress – REC) က ခန့်မှန်းထားသည်။[၇၉]

၇၈ Network Media Group. "Eight Civilians Killed by Burma Army Shelling." BNI Multimedia Group. 17 April 2020. Available at: https://www.bnionline.net/en/news/eight-civilians-killed-burma-army-shelling

၇၉ RFA Myanmar Service. "Myanmar Military Column, Artillery Firing Displaces Rakhine Villagers." Radio Free Asia. 7 May 2020. Available at: https://www.rfa.org/english/news/myanmar/military-column-05072020170849.html

# ၅။ COVID-19 နှင့် ပြည်တွင်းစစ်

**မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ပြည်သူများမှာ လက်ရှိကပ်ရောဂါကာလအတွင်း ကာကွယ်စောင့်ရှောက်မှု ခံရမည် ဖြစ်သော်လည်း တိုင်းရင်းသားဒေသများရှိ ပြည်သူများမှာမူ အကူအညီများအတွက် ဖယ်ကြဉ်ခံရခြင်းသာမက ဖိုးကြဲခံရခြင်း၊ အသတ်ခံရခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်မြင့်မားနေသည့် အခြေအနေသို့ တွန်းပို့ခြင်း ခံနေရသည်။ "**

ကရင်ငြိမ်းချမ်းရေးအထောက်အကူပြုကွန်ရက်၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၇ ရက်နေ့[၁၀]

ထူးခြားလှသော မတ်လ ၂၃ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် António Guterres က ရန်သူ "အစစ်အမှန်" ဖြစ်သည့် COVID-19 ကို တိုက်ဖျက်ရန် လက်နက်ကိုင်များအနေဖြင့် ရင်းမြစ်များ စုစည်းနိုင်ရန် တစ်ကမ္ဘာလုံးမှ အပစ်အခတ်ရပ်စဲရေး ပြုလုပ်ကြရန် တောင်းဆိုခဲ့သည်။[၁၁] ထိုသို့ တိုက်တွန်းတောင်းဆိုပြီး တစ်ပတ်အကြာတွင် ယင်းတောင်းဆိုချက်အား မြန်မာနိုင်ငံတစ်ဝှမ်းရှိ EAO များနှင့် CSO များက ထပ်ဆင့် တောင်းဆိုမှုများ လုပ်ဆောင်ခဲ့ကြသည်။ CNF၊ KNU၊ KNPP၊ RCSS နှင့် (TNLA၊ AA နှင့် ကိုးကန့်တိုင်းရင်းသားတို့၏ မြန်မာနိုင်ငံ အမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) ပါဝင်သော) ညီနောင်မဟာမိတ် (၃) ဖွဲ့ (Three Brotherhood Alliance) တို့က COVID-19 ကပ်ရောဂါကာလအတွင်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ကြေညာရန် မြန်မာစစ်တပ်အား တောင်းဆိုခဲ့ကြပြီး ၎င်းတို့အနေဖြင့်လည်း အလားတူ လုပ်ဆောင်သွားမည်ဟု ကတိပြုခဲ့ကြသည်။ အဖွဲ့အစည်းပေါင်း ၄၀၀ ကျော်မှ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ "တိုက်တွန်းတောင်းဆိုမှုကို လိုက်နာရေး" အတွက် ပူးတွဲတောင်းဆိုမှု လုပ်ဆောင်ခဲ့ရာတွင်လည်း မြန်မာနိုင်ငံကို အထူးရည်ညွှန်း ဖော်ပြခဲ့သည်။[၁၂] ဧပြီလ ၂ ရက်နေ့တွင် နိုင်ငံပေါင်း (၂၀) နီးပါးမှ သံအမတ်ကြီးများနှင့် EU တို့ကလည်း မြန်မာနိုင်ငံတွင် "စစ်ပွဲများရပ်ဆိုင်းရေး" တိုက်တွန်းချက်ကိုလည်းကောင်း၊ အင်တာနက်နှင့် မီဒီယာများအပေါ် ကန့်သတ်ထားမှုများ ရပ်တန့်ရေး တောင်းဆိုချက်ကိုလည်းကောင်း ထောက်ခံသည့် ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့သည်။[၁၃]

မှတ်သားဖွယ် အချက်တစ်ခုမှာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့

၁၀ Karen Peace Support Network. “COVID-19 response in Burma exposes glaring double standards.” 17 April 2020. Available at: https://www.facebook.com/KPSN.karen/photos/pcb.2635124270097831/2635114806765444/?type=3&theater

၁၁ António Guterres. “Secretary-General Calls for Global Ceasefire, Citing War-Ravaged Health Systems, Populations Most Vulnerable to Novel Coronavirus.” United Nations: Statements and Messages. 23 March 2020. Available at: https://www.un.org/press/en/2020/sgsm20018.doc.htm

၁၂ Global Partnership for the Prevention of Armed Conflict (GPPAC)-Southeast Asia and the Initiatives for International Dialogue (IID). “Southeast Asian States Should Heed Call for Global Ceasefire, Ensure Conflict Sensitivity and Human Rights in Responding to COVID19 Crisis.” 30 March 2020. Available at: https://progressivevoicemyanmar.org/2020/03/30/southeast-asian-states-should-heed-call-for-global-ceasefire-ensure-conflict-sensitivity-and-human-rights-in-responding-to-covid19-crisis/

၁၃ ဩစတြေးလျ၊ ကနေဒါ၊ ချက်၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမဏီ၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေ၊ ပိုလန်၊ စပိန်၊ ဆွစ်ဇာလန်၊ တူရကီ၊ ဗြိတိန်၊ အမေရိကန် သံအမတ်ကြီးများ။ “Statement From Ambassadors to Myanmar.” U.S. Embassy in Burma. 1 April 2020. Available at: https://mm.usembassy.gov/statement-from-ambassadors-to-myanmar/

များအပေါ် ယင်းသို့သော တောင်းဆိုမှုကို မလုပ်ဆောင်ခဲ့သည့် ထင်ရှားပေါ်လွင်သော အဖွဲ့တစ်ခုမှာ NLD အစိုးရပင် ဖြစ်နေသည်။

မည်သို့ပင်ဖြစ်စေ မြန်မာစစ်တပ်ကမူ ကပ်ရောဂါကာလအတွင်း တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး တောင်းဆိုမှုများကို "ယုတ္တိမရှိ" ဟု ဆိုကာ ပြတ်ပြတ်သားသား ပယ်ချပစ်ပြီး[၉၄] နိုင်ငံတစ်ဝှမ်း၌ ထိုးစစ်များကို စနစ်တကျ အရှိန်မြှင့်ခဲ့သည်။ ထိုတောင်းဆိုချက်များ ထုတ်ပြန်ပြီး တစ်လကျော်အကြာ မေလ ၁၀ ရက်နေ့ ကျမှသာ မြန်မာစစ်တပ်က ၎င်း၏ အပစ်အခတ်ရပ်စဲရေးကို ကြေညာခဲ့သည်။ သို့သော် ယင်းကြေညာချက်ထဲတွင် ပါဝင်သည့် ကြိုတင်သတ်မှတ်ချက်တစ်ခုမှာ "အကြမ်းဖက်" အဖွဲ့များ (AA ကို ရည်ညွှန်းသည့်သဘောရှိပြီး) အခြေစိုက်ရာ နယ်မြေများ အကျုံးမဝင်ဟု ပါရှိသဖြင့် အဓိက ပဋိပက္ခဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များကို ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ထားခဲ့သည်။[၉၅] ရက်အနည်းငယ်အကြာတွင် တစ်ချိန်က "အကြမ်းဖက်" အဖွဲ့အဖြစ် သတ်မှတ်ရန် ခြိမ်းခြောက်မှုခံခဲ့ရဖူးသော[၉၆] TNLA သည် ၎င်းတို့၏ တပ်ဖွဲ့များကို မန္တလေးတိုင်း မိုးကုတ်မြို့နယ်တွင် မြန်မာစစ်တပ်က တိုက်ခိုက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။[၉၇]

တိုက်ခိုက်မှုများ အလုံးစုံ အဆုံးမသတ်သေးသရွေ့ မည်သူမျှ ဖယ်ချန်မထားရေးဆိုသော အစိုးရ၏ ကပ်ရောဂါတုံ့ပြန်ရေးအစီအစဉ်မှာ လက်တွေ့ကျသော လုပ်ဆောင်မှုဖြစ်မည် မဟုတ်ချေ။ ယင်းအချက်ကို သာဓကပြခဲ့သည်မှာ ဧပြီလ ၂၀ ရက်နေ့က ရခိုင်ပြည်နယ် မင်းပြားမြို့နယ်တွင် WHO ၏ ယာဉ်မောင်းဖြစ်သူ ပြည့်စုံဝင်းမောင်သည် ပဋိပက္ခနယ်မြေမှ COVID-19 ဆေးစစ်ချက်နမူနာများ သယ်ဆောင်လာစဉ် သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးသွားခဲ့သည်။ ထိုယာဉ်မောင်းသေဆုံးမှုနှင့် ပတ်သက်၍ မြန်မာစစ်တပ်တွင် တာဝန်ရှိ၊ မရှိ Reuters သတင်းထောက်တစ်ဦးက မေးမြန်းခဲ့ရာ မြန်မာစစ်တပ်၏ ပြောရေးဆိုခွင့်ရှိသူက "မြန်မာနိုင်ငံသားတစ်ဦး" အနေဖြင့် မမေးသင့်သော မေးခွန်းဖြစ်သည်ဟု ပြန်လည်ပြောကြားခဲ့သည်။[၉၈]

# ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များ

မြန်မာနိုင်ငံတွင် COVID-19 တွေ့ရှိကြောင်း အတည်ပြုသည့်နေ့နှင့် AA အား "အကြမ်းဖက်" အဖွဲ့အဖြစ် ကြေညာခဲ့သည့်နေ့ဖြစ်သော မတ်လ ၂၃ ရက်နေ့မှစ၍ ဧပြီလ ၁၇ ရက်နေ့အထိ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အရပ်သား (၃၂) ဦး သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂ OHCHR ၏ ခန့်မှန်းချက်အရ သိရှိရသည်။ လူဦးရေ (၇၀) ကျော်လည်း ဒဏ်ရာရရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ အများစုမှာ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဖြစ်သည်ဟု ကုလသမဂ္ဂ၏ လူ့အခွင့်အရေးရုံးက ထုတ်ပြန်ခဲ့သည်။[၉၉]

NLD အစိုးရမှ AA အပေါ် ကြေညာချက်

၉၄ Sai Wunna. "Tamadaw rejects call for ceasefire during pandemic." Myanmar Times. 2 April 2020. Available at: https://www.mmtimes.com/news/tatmadaw-rejects-call-ceasefire-during-pandemic.html

၉၅ Lawi Weng. "Myanmar Rebel Coalition Calls on Military to Extend Ceasefire to Rakhine." The Irrawaddy. 11 May 2020. Available at: https://www.irrawaddy.com/news/burma/myanmar-rebel-coalition-calls-military-extend-ceasefire-rakhine.html

၉၆ Zue Zue. "Shan State Parliament Approves Branding Northern Alliance as 'Terrorists.' The Irrawaddy. 7 December 2016. Available at: https://www.irrawaddy.com/news/burma/shan-state-parliament-approves-branding-of-northern-alliance-as-terrorists.html

၉၇ Network Media Group. "Tatmadaw Fight With TNLA After Announcing Unilateral Ceasefire." 15 May 2020. Available at: http://www.nmg-news.com/2020/05/15/10794

၉၈ Reuters. "Driver killed in WHO vehicle carrying virus swabs in Myanmar's Rakhine." 21 April 2020. Available at: https://www.reuters.com/article/us-health-coronavirus-myanmar-rakhine/driver-killed-in-who-vehicle-carrying-virus-swabs-in-myanmars-rakhine-idUSKBN22315L

၉၉ Reuters. "U.N. says mostly women and children among 32 killed as insurgents, Myanmar military clash." 17

ထုတ်ပြန်ပြီး နာရီပိုင်းအတွင်းမှာပင်[၉၀] မြန်မာစစ်တပ်က ရခိုင်ပြည်နယ် မင်းပြားမြို့နယ်ရှိ ချေတောင်ရွာကို လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ရာ ၉ နှစ်သားအရွယ် ကလေးတစ်ဦး သေဆုံးသွားခဲ့ပြီး အရပ်သား (၁၅) ဦး ဒဏ်ရာရရှိခဲ့ကာ ထိုအထဲတွင် အနည်းဆုံး နောက်ထပ် ကလေးငယ်တစ်ဦး ပါဝင်ခဲ့သည်။ အရပ်သားများအပေါ် အင်အားသုံးစွဲခြင်းနှင့် ပတ်သက်၍ မေးမြန်းသည့်အခါ စစ်တပ်၏ သတင်းမှန်ပြန်ကြားရေး ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းက အစိုးရတပ်များသည် ကျေးရွာများအတွင်းသို့ ပစ်ခတ်ရန် "အကြောင်းမရှိ" ဟု ဖြေကြားခဲ့ပြီး ထိခိုက်ဒဏ်ရာရသူများမှာ AA တပ်ဖွဲ့များသာဖြစ်လိမ့်မည်ဟု ဆိုသည်။[၉၁]

ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် ချင်းပြည်နယ် တောင်ပိုင်းရှိ မြို့နယ် (၉) ခုတွင် ၂၀၁၉ ခုနှစ် ဇွန်လမှစ၍ အစိုးရ ချမှတ်ထားခဲ့သော အင်တာနက်အမှောင်ချမှုက ဒေသအတွင်း ထိခိုက်သေကျေမှု အရေအတွက် အတိအကျကို အတည်ပြုနိုင်ရန် ခက်ခဲစေပါသည်။ ဖေဖော်ဝါရီလကုန်ပိုင်းလောက်တွင် IDP ဦးရေ (၁၂၈,၀၀၀) ရှိခဲ့ရာက မေလတွင် (၁၆၀,၀၀၀) ကျော်အထိ မြင့်တက်လာခဲ့ပြီး နှစ်လအတွင်း (၃၀,၀၀၀) ကျော် ထပ်တိုးလာခြင်းဖြစ်သည်ဟု ပဋိပက္ခကြောင့် ကုန်ကျသည့် လူသားချင်းစာနာမှုဆိုင်ရာ မှတ်တမ်းတင်နေသည့် REC ကဲ့သို့သော CSO များက ဆိုသည်။[၉၂] မြန်မာနိုင်ငံတွင် COVID-19 ကူးစက်မှု အတည်ပြုပြီး ပထမ (၄)ရက်အတွင်း ရခိုင်ပြည်နယ်ရှိကျောက်တော်မြို့နယ် တစ်မြို့နယ်တည်း၌ လက်နက်ကိုင်ပဋိပက္ခကြောင့် လူဦးရေ (၄,၀၀၀) ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်ဟု ကုလသမဂ္ဂ OCHA က ထုတ်ပြန်ခဲ့သည်။ ထိုအထဲမှ တစ်ဝက်ကျော်မှာ အမျိုးသမီးများ ဖြစ်သည်ဟု OCHA က ဆိုသည်။[၉၃]

ဒေသအတွင်း၌ မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကို လွတ်လပ်သော တိုင်းရင်းသားမီဒီယာများက အများဆုံး မှတ်တမ်းတင်ထားကြသော်လည်း ၎င်းကိစ္စရပ်နှင့်ပတ်သက်သော တင်ပြမှုများကို မြန်မာစစ်တပ်၏ ပြည်သူ့ဆက်ဆံရေးအဖွဲ့ ဖြစ်သော တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က "သတင်းအတုများ" အဖြစ် ထပ်တလဲလဲ ပယ်ချခဲ့သည်။[၉၄] အဆိုပါ သတင်းဌာနများက တင်ပြခဲ့သော သတင်းများတွင် မြန်မာစစ်တပ်၏ အကြမ်းဖက်မှုကြောင့် မတ်လ ၂၃ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ အနည်းဆုံး လူ (၄၀) ဦး သေဆုံးခဲ့ပြီး (၁၀၃) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း အတည်ပြုထားပါသည်။ ယင်းတို့ကို အောက်တွင် ဖော်ပြထားသည်။

---

April 2020. Available at: https://www.reuters.com/article/us-myanmar-rakhine-un/u-n-rights-office-says-myanmar-carrying-out-air-strikes-in-rakhine-state-idUSKBN21Z1DJ

၉၀ RFA Myanmar Service. "Fresh Fighting Adds 1,000 to Displaced Population in Myanmar's Rakhine." Radio Free Asia. 25 March 2020. Available at: https://www.rfa.org/english/news/myanmar/displaced-population-03252020171909.html

၉၁ Min Aung Khine. "Nine-Year-Old Killed in Rakhine as Myanmar Military Launches Air Strikes Against AA." The Irrawaddy. 25 March 2020. Available at: https://www.irrawaddy.com/news/burma/nine-year-old-killed-rakhine-myanmar-military-launches-air-strikes-aa.html

၉၂ RFA Myanmar Service. "Myanmar Military Column, Artillery Firing Displaces Rakhine Villagers." Radio Free Asia. 7 May 2020. Available at: https://www.rfa.org/english/news/myanmar/military-column-05072020170849.html

၉၃ UNOCHA. "Asia and the Pacific: Weekly Humanitarian Snapshot (24 March – 30 March 2020)." Reliefweb. 31 March 2020. Available at: https://reliefweb.int/report/myanmar/asia-and-pacific-weekly-regional-humanitarian-snapshot-24-30-march-2020

၉၄ Verena Hoelzl& Cape Diamond. "Myanmar military steps up attacks as coronavirus spreads." Al Jazeera. 16 April 2020. Available at: https://www.aljazeera.com/news/2020/04/myanmar-military-steps-attacks-coronavirus-spreads-200416060255091.html

## ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် မြန်မာစစ်တပ်အကြမ်းဖက်မှုသတင်း – မတ်လ ၂၃ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ

ယခုဖော်ပြမည့် စာရင်းထဲတွင် မတ်လ ၂၃ ရက်နေ့၌ COVID-19 ကူးစက်လူနာ ပထမဆုံး အတည်ပြုခဲ့ချိန်မှစ၍ ဧပြီလ ၁ ရက်နေ့အထိ ပြည်တွင်းနှင့် နိုင်ငံတကာမီဒီယာတွင် တင်ပြခဲ့သော လေကြောင်းတိုက်ခိုက်မှုများ၊ ပစ်ခတ်မှုများ၊ မြေမြှုပ်မိုင်း ပေါက်ကွဲမှုများနှင့် ကျေးရွာများကို မီးရှို့ဖျက်ဆီးမှုများနှင့်ပတ်သက်သော မှတ်တမ်းအများအပြား ပါဝင်ပါသည်။ သို့သော် ဤစာရင်းသည် ပြည့်စုံသည့် စာရင်းမျိုးတော့ မဟုတ်သေးပေ။ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်သောသတင်းများ တင်ပြရာတွင် အဟန့်အတားများစွာ ဆက်ရှိနေပြီး မီဒီယာများ၏ ရခိုင်ပြည်နယ်အကြောင်း သတင်းတင်ပြမှုကို ပိတ်ပင်ခံရခြင်း၊ တစ်ဆက်တည်းတွင် သတင်းထောက်များနှင့် CSO များမှ စစ်ရာဇဝတ်မှုများ အကြောင်း အများပြည်သူ သိရှိစေရန် ဖော်ထုတ်မှုကြောင့် ခြိမ်းခြောက်ခံရခြင်း၊ ပဋိပက္ခနယ်မြေများသို့ ခရီးသွားလာခွင့် ပိတ်ပင်ခံရခြင်းနှင့် ဒေသအတွင်း ကာလရှည်ကြာ အင်တာနက် အမှောင်ချထားခံရခြင်း စသည့် အဟန့်အတားများပင် ဖြစ်ပါသည်။ အခြား CSO များကလည်း ပဋိပက္ခဆိုင်ရာနှင့်ပတ်သက်၍ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာမှုများ လုပ်ဆောင်ခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် ရာနှင့်ချီသော သတ်ဖြတ်မှုများကို မှတ်တမ်းတင်ခဲ့ကြရာ ထိုသို့ မှတ်တမ်းတင်ထားသော အဖွဲ့များထဲမှ ပြည်တွင်းအရပ်ဘက်လူထုအဖွဲ့ အစည်းတစ်ခုဖြစ်သည့် မြန်မာအရေးလေ့လာသူများအဖွဲ့ (Burma Monitor - BM) မှ ၂၀၂၀ ပြည့်နှစ် မတ်လမှ ဧပြီလအထိ လက်ရှိဖြစ်ပွားနေသော ပြည်တွင်းစစ်ကြောင့် လူဦးရေ (၁၇၄) ဦး အသတ်ခံခဲ့ရပြီး (၂၂၉) ဦး ဒဏ်ရာရရှိခဲ့ကြောင်း မှတ်တမ်းတင်ထားပါသည်။

| နေ့စွဲ | နေရာ | အရပ်သား ထိခိုက် သေဆုံးမှု | အသေးစိတ်အချက်အလက်များ |
|---|---|---|---|
| ဧပြီလ ၂၉ ရက်နေ့ | မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် | ၁ ဦး သေဆုံး | ခမရ ၃၇၇ တပ်များက ဒေသခံတစ်ဦးကို အသက်သေဆုံးသည့်အထိ ညှဉ်းပန်း နှိပ်စက်ခဲ့သည်၊<br><br>Link to Source |
| ဧပြီလ ၂၉ ရက်နေ့ | နတ်တောင်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | ၁ ဦး ဒဏ်ရာ ရရှိ | အနီးအနားတွင် ဖြစ်ပွားသော တိုက်ပွဲမှ ပစ်ခတ်မှုကြောင့် ၁၄ နှစ် အရွယ်တစ်ဦးအား ထိမှန်ခဲ့သည်။<br><br>Link to Source |

| နေ့စွဲ | နေရာ | အရပ်သား ထိခိုက် သေဆုံးမှု | အသေးစိတ်အချက်အလက်များ |
|---|---|---|---|
| ဧပြီလ ၂၇ - ၃၀ ရက်နေ့ | မြောက်ဦး၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်များ၊ ရခိုင်ပြည်နယ် | ၆ ဦး ဒဏ်ရာ ရရှိ | လေးရက်တာအတွင်း လက်နက်ကြီးဖြင့် ပစ်ခတ်မှုများကြောင့် စားသောက်ဆိုင် ဝန်ထမ်းနှင့် ကလေးတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး အမျိုးသားတစ်ဦး မိုင်းနင်းမိခဲ့သည်။<br><br>Link to Source |
| ဧပြီလ ၂၂ ရက်နေ့ | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ၄ ဦး သေဆုံး၊ ၆ ဦး ဒဏ်ရာ ရရှိ | ဆိုင်ကယ်စီးလာသူ နှစ်ဦး ပစ်သတ်ခံခဲ့ရပြီး ကျည်ဆန် သို့မဟုတ် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် အခြား ရိုဟင်ဂျာ ရွာသားနှစ်ဦးလည်း သေဆုံးခဲ့သည်။<br><br>Link to Source Link to Source |
| ဧပြီလ ၂၁ - ၂၂ ရက်နေ့ | ပလက်ဝမြို့နယ်၊ ချင်းပြည်နယ် | ၄ ဦး သေဆုံး၊ ၃ ဦး ဒဏ်ရာ ရရှိ | လက်နက်ကြီးပစ်ခတ်မှုနှင့် ကျည်ဆန်အစများကြောင့် သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။<br><br>Link to Source |
| ဧပြီလ ၂၁ ရက်နေ့ | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ၁ ဦး သေဆုံး | COVID-19 စစ်ဆေးရန် စမ်းသပ်နမူနာများ သယ်ဆောင်စဉ် WHO ယာဉ်မောင်း တစ်ဦး ကျည်ဆန်ထိမှန်၍ သေဆုံးသွားခဲ့သည်။<br><br>Link to Source |
| ဧပြီလ ၁၆ ရက်နေ့ | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | ၁ ဦး သေဆုံး၊ ၁၂ ဦး ဒဏ်ရာ ရရှိ | ကျည်ထိမှန်သူများထဲတွင် ရခိုင်၊ ရိုဟင်ဂျာနှင့် ဗမာတစ်ဦး ပါဝင်ပြီး သုံးဦးမှာ ပျောက်ဆုံးနေဆဲ ဖြစ်သည်။<br><br>Link to Source |

| နေ့စွဲ | နေရာ | အရပ်သား ထိခိုက် သေဆုံးမှု | အသေးစိတ်အချက်အလက်များ |
|---|---|---|---|
| ဧပြီလ ၁၃ ရက်နေ့ | ကျောက်ဆိပ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | ၈ ဦး သေဆုံး၊ ၈ ဦး ဒဏ်ရာ ရရှိ | ခမရ ၅၅၀ က ရွာတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။<br>Link to Source |
| ဧပြီလ ၁၂ ရက်နေ့ | အလယ်ကျွန်း၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ် | ၁ ဦး သေဆုံး၊ ၃ ဦး ဒဏ်ရာ ရရှိ | ညနေပိုင်းတွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အိမ်ထဲတွင် ရှိနေသည့် ၁၈ နှစ်သား အရွယ် ယောက်ျားလေး တစ်ဦး သေဆုံးခဲ့သည်။<br>Link to Source |
| ဧပြီလ ၁၁ ရက်နေ့ | ဂဏန်းမဲ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | ၁ ဦး သေဆုံး | ရွာအနီးတွင် တစ်ပတ်ကြာ လက်နက်ကြီး ပစ်ခတ်မှုကြောင့် သက်ကြီးရွယ်အိုတစ်ဦး နှလုံးရောဂါဖြင့် သေဆုံးသွားခဲ့သည်။<br>Link to Source |
| ဧပြီလ ၁၀ ရက်နေ့ | ဝေသာလီ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ် | ၂ ဦး ဒဏ်ရာ ရရှိ | အမျိုးသားတစ်ဦးနှင့် ဆယ်ကျော်သက်အရွယ် ယောက်ျားလေး တစ်ဦးသည် လမ်းပေါ်တွင် မြေမြှုပ်မိုင်းဟု ယူဆရသော ပေါက်ကွဲမှုအစများ ထိမှန်ခဲ့သည်။<br>Link to Source |
| ဧပြီလ ၈ ရက်နေ့ | ဆင်ဦးတိုက်၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ် | ၄ ဦး ဒဏ်ရာ ရရှိ | ရွာသားများသည် ကျင်းပုန်းထဲ ပုန်းအောင်းရန် ကြိုးစားစဉ် လက်နက်ကြီးကျည်ဆန် ထိမှန်ခဲ့သည်။<br>Link to Source |

| နေ့စွဲ | နေရာ | အရပ်သား ထိခိုက် သေဆုံးမှု | အသေးစိတ်အချက်အလက်များ |
|---|---|---|---|
| ဧပြီလ ၇ ရက်နေ့ | နန်ချောင်းဝ၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ် | ၇ ဦး သေဆုံး၊ ၈ ဦး ဒဏ်ရာ ရရှိ | လေကြောင်းတိုက်ခိုက်မှုကြောင့် အိမ်များလည်း ပျက်စီးသွားခဲ့သည်။ ဒဏ်ရာရသူများထဲမှ နှစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိနေသည်။ မတ်လ ၃၁ ရက်နေ့တွင် အလားတူ တိုက်ခိုက်မှုက ဘောင်ဝရွာရှိ အိမ်များကို မီးရှို့ဖျက်ဆီးခဲ့ပြီး ထိခိုက်ဒဏ်ရာ ရရှိမှုတော့ မရှိခဲ့ပါ။<br><br>Link to Source |
| ဧပြီလ ၇ ရက်နေ့ | ကမ်းထောင်ကြီး အနီးရှိ လေ့၊ မြေပုံမြို့နယ်၊ ရခိုင်ပြည်နယ် | ၁ ဦး ဒဏ်ရာ ရရှိ | မြန်မာစစ်တပ်ဂိတ်အနီး ဖြတ်ကျော်သွားစဉ် ပစ်ခတ်ခံရ၍ ခြေထောက် ထိမှန်သွားခဲ့ပြီး ခရီးသွားလာခွင့် ကန့်သတ်ထားမှုများကြောင့် ဆေးကုသနိုင်ခြင်း မရှိသေးပါ။<br><br>Link to Source |
| ဧပြီလ ၇ ရက်နေ့ | လမ်းမတော်၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | ၁ ဦး ဒဏ်ရာ ရရှိ | ဘေးရွာတစ်ရွာတွင် ပစ်ခတ်သံများ ကြားရပြီးနောက် ယောက်ျားလေးတစ်ဦး၏ နောက်ကျော အပစ်ခတ် ခံခဲ့ရသည်။<br><br>Link to Source |
| ဧပြီလ ၅ ရက်နေ့ | မုဆိုးချောင်း၊ ရသေ့တောင်မြို့နယ်၊ ရခိုင်ပြည်နယ် | ၁ ဦး သေဆုံး | တိုက်ပွဲ မကြာခဏ ဖြစ်သော နယ်မြေတွင် မြေမြှုပ်မိုင်း ပေါက်ကွဲ၍ ကျွဲကျောင်းနေသော အမျိုးသားတစ်ဦး သေဆုံးသွားခဲ့သည်။<br><br>Link to Source |
| ဧပြီလ ၃ ရက်နေ့ | လက်ဝဲစတိုက်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် | ၁ ဦး ဒဏ်ရာ ရရှိ | အမျိုးသားတစ်ဦး လမ်းပေါ်တွင် လမ်းလျှောက်နေစဉ် လက်နက်ကြီးကျည် ထိမှန်၍ ဒဏ်ရာရခဲ့သည်။ ထိုပေါက်ကွဲ သံများမှာ ၁၂ နာရီကျော် ကြာသည့်အထိ အချိန်ကြာမြင့် ခဲ့သည်။<br><br>Link to Source |

| နေ့စွဲ | နေရာ | အရပ်သား ထိခိုက် သေဆုံးမှု | အသေးစိတ်အချက်အလက်များ |
| --- | --- | --- | --- |
| ဧပြီလ ၁ ရက်နေ့ | နေရာပေါင်းစုံ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | ၅ ဦး သေဆုံး၊ ၈ ဦး ဒဏ်ရာ ရရှိ | နေအိမ်ထဲရှိနေစဉ် အသတ်ခံခဲ့ကြရသည်။ မျက်မြင်သက်သေ၏ အဆိုအရ "ကျည်ဆန်မိုးရွာသကဲ့သို့" ဖြစ်ပြီး လက်နက်ကြီး၊ လက်နက်ငယ်များကို အသုံးပြုခဲ့ကြသည်။<br><br>Link to Source Link to Source |
| မတ်လ ၃၁ ရက်နေ့ | ဘောင်ဝ၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ် | ၂ ဦး ဒဏ်ရာ ရရှိ | လေကြောင်းပစ်ခတ်မှုကြောင့် ဒါဇင်ချီသော အိမ်များ မီးလောင်သွားခဲ့သည်။<br><br>Link to Source |
| မတ်လ ၃၀ ရက်နေ့ | မေလွန်းနှင့်ချောင်းနက်၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ၂ ဦး သေဆုံး၊ ၂ ဦး ဒဏ်ရာ ရရှိ | ရဟတ်ယာဉ် (၅) စီး၏ ပုံးကြဲမှုကြောင့် ၁၆ နှစ်အရွယ် ယောကျ်ားလေးတစ်ဦး သေဆုံးသွားပြီး ၎င်း၏ မိဘနှစ်ဦးလုံး ဒဏ်ရာရရှိခဲ့သည်။ နောက်ထပ် အမျိုးသားတစ်ဦးမှာလည်း ပုံးစမှန်၍ သေဆုံးသွားခဲ့သည်။<br><br>Link to Source |
| မတ်လ ၂၉ ရက်နေ့ | ဖားပြို၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ၂ ဦး သေဆုံး | မြန်မာစစ်တပ်က နေအိမ် ၁၁ လုံး ကို မီးရှို့ခဲ့ခြင်းကြောင့် တစ်ဦးချင်းစီမှာ အရှင်လတ်လတ် မီးရှို့ခံခဲ့ရသည်။<br><br>Link to Source |
| မတ်လ ၂၉ ရက်နေ့ | မညင်းတောင်၊ ရသေ့တောင်မြို့နယ်၊ ရခိုင်ပြည်နယ် | ၃ ဦး ဒဏ်ရာ ရရှိ | မြေမြှုပ်မိုင်း ပေါက်ကွဲမှု နှစ်ခုကြောင့် ဆေးကုသမှု ခံယူရန် သွားခဲ့စဉ် စစ်တွေမြို့အပြင်ဘက်ရှိ စစ်တပ်၏ စစ်ဆေးရေးဂိတ်တွင် စစ်ဆေးမေးမြန်းခြင်း ခံခဲ့ရသည်။<br><br>Link to Source |

| နေ့စွဲ | နေရာ | အရပ်သား ထိခိုက် သေဆုံးမှု | အသေးစိတ်အချက်အလက်များ |
|---|---|---|---|
| မတ်လ ၂၇ ရက်နေ့ | ချေ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ၁ ဦး သေဆုံး၊ ၁၆ ဦး ဒဏ်ရာ ရရှိ | ရွာကို ဂျက်လေယာဉ်များဖြင့် ဗုံးကြဲခဲ့ခြင်းကြောင့် ၁၀ နှစ်သား အရွယ် ယောကျ်ားလေးတစ်ဦး သေဆုံးသွားခဲ့ပြီး ကလေးငယ် ၇ ဦး ဒဏ်ရာရရှိခဲ့ကာ လူနှစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသည်။<br><br>Link to Source |
| မတ်လ ၂၅ ရက်နေ့ | ငါးမိုင်၊ မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ၁ ဦး ဒဏ်ရာ ရရှိ | လမ်းမကြီးအနီး တပ်စွဲထားသော မြန်မာတပ်ရင်းတစ်ခု၏ ပစ်ခတ်မှုကြောင့် မိသားစုတစ်စု၏ နေအိမ်မှာ "ကျည်ဆန် ဆန်ခါပေါက်" ဖြစ်သွားခဲ့ပြီး ၎င်းတို့၏ ဆယ်ကျော်သက်အရွယ် သမီးငယ်မှာ လွတ်မြောက်ရာသို့ ထွက်ပြေးရန် ကြိုးစားစဉ် ကျည်ဆန် ထိမှန်သွားခဲ့သည်။<br><br>Link to Source |
| မတ်လ ၂၃ ရက်နေ့ | ချေတောင်၊ မင်းပြား ၊ ရခိုင်ပြည်နယ် | ၁ ဦး သေဆုံး၊ ၁၅ ဦး ဒဏ်ရာ ရရှိ | အစိုးရမှ AA ကို အကြမ်းဖက်အဖွဲ့ဟု ကြေညာပြီး နာရီပိုင်းအတွင်း လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ သေဆုံးသွားသူမှာ ကလေးငယ်တစ်ဦး ဖြစ်သည်။<br><br>Link to Source Link to Source |

# ကရင်ပြည်နယ်

NCA လက်မှတ်ရေးထိုးထားသည့် KNU က ၂၀၂၀ ပြည့်နှစ်၏ ပထမ (၃) လအတွင်း ၎င်း၏ နယ်မြေအတွင်း၌ မြန်မာစစ်တပ်နှင့် ထိတွေ့တိုက်ခိုက်မှု (၆၀) နီးပါး ဖြစ်ပွားခဲ့သည်ဟု ထုတ်ဖော်ခဲ့သည်။[၉၅] ကရင်ပြည်နယ် (မြန်မာလို ဖာပွန်မြို့နယ်ဟု သိရှိထားသော) မူတြော်ခရိုင်ရှိ ရွာများကို မြန်မာစစ်တပ်မှ လက်နက်ကြီး ပစ်ခတ်မှု အများအပြား လုပ်ဆောင်ခဲ့သည့် သာဓကများရှိနေပြီး ယင်းခရိုင်သည် KNU ၏ အမာခံနယ်မြေဖြစ်သကဲ့သို့ နိုင်ငံတကာမှ ချီးကျူးဂုဏ်ပြုခံထားရသည့် ဌာနေတိုင်းရင်းသားများ ရှေ့ဆောင်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ် (Salween Peace Park) ကို စတင်ခဲ့သည့် နေရာလည်း ဖြစ်သည်။ ၂၀၁၆ ခုနှစ်ကတည်းက စခဲ့သည့် မြန်မာစစ်တပ်၏ လမ်းဖောက်လုပ်ရေးနှင့် နယ်မြေချဲ့ထွင်ရေးများ KNU နယ်မြေအတွင်းသို့ ရောက်ရှိလာခဲ့ခြင်းက လက်ရှိ ဖြစ်ပွားနေသော တိုက်ပွဲများ၏ အကြောင်းရင်းခံ ဖြစ်သည်။ မြန်မာစစ်တပ်နှင့် အစိုးရတို့က မူတြော်ခရိုင်အတွင်း လမ်းဆောက်လုပ်ခြင်းသည် ဖွံ့ဖြိုးရေးစီမံကိန်းများဖြစ်ကြောင်း ပြောကြသော်လည်း ယင်းကို ဒေသခံလူထုများက မကြိုဆိုသည့်အပြင် KNU ကလည်း ယင်းလမ်းဖောက်လုပ်မှုသည် NCA ကို ချိုးဖောက်နေသည်ဟု ညွှန်းဆိုထားသည်။[၉၆] ရှေ့ပြေးအသံအဖွဲ့က ယင်းလမ်းများကို မြန်မာစစ်တပ်အနေဖြင့် "ယခင်က လက်လှမ်းမမီခဲ့သော KNU နယ်မြေများဆီသို့ တံခါးဖွင့်ပေးလိုက်သည့် စစ်အင်အားတိုးချဲ့မှု ပုံစံတစ်ခု"[97] ဖြစ်ကြောင်း ဖော်ပြခဲ့ပြီး ယင်းသည် လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေး၊ တိုင်းရင်းသားတို့၏ စီမံအုပ်ချုပ်မှုနှင့် ငြိမ်းချမ်းရေးတို့အပေါ် ခြိမ်းခြောက်မှုများ ဖြစ်စေသည်။ အကြောင်းမှာမူ ထိုနေရာတွင် ကရင်လူမျိုး ဦးဆောင်သည့် ကိုယ်ပိုင်နိုင်ငံရေးနှင့် လူမှုရေးအခြေခံ အဆောက်အအုံများ ရှိနေပြီး သံလွင်ငြိမ်းချမ်းရေးဥယျာဉ်သည် ဒေသခေါင်းဆောင်တစ်ဦး၏ အဆိုအရ "ဖက်ဒရယ်အုပ်ချုပ်မှုစနစ် တည်ဆောက်ရေးအတွက် စံနမူနာတစ်ခု" ဖြစ်သည်ဟု ညွှန်းဆိုထားပြီး "မြန်မာစစ်တပ်က ယင်းကို ဖျက်ဆီးပစ်ရန် ရည်ရွယ်ချက် ရှိသည်" ဟု ၎င်းက ဆက်ပြောသည်။[၉၈]

မတ်လ ၃၁ ရက်နေ့တွင် ငြိမ်းချမ်းရေးဥယျာဉ်အတွင်း ဘုံသစ်တောခေါင်းဆောင်အဖြစ် တာဝန်ယူထားပြီး မူတြော်ခရိုင် ထီးဘောခီးရွာသူကြီးလည်းဖြစ်သူ စောသက်မီး (၅၆ နှစ်) ကို အစိုးရစစ်တပ်မှ ပစ်သတ်ခဲ့သည်။ KPSN ၏အဆိုအရ ၎င်းသည် တောထဲရှိ IDP များအတွက် စားနပ်ရိက္ခာများဖြင့် ပြန်လာစဉ် လမ်းကူးနေခိုက် ပစ်သတ်ခံခဲ့ရခြင်း ဖြစ်သည်။ စောသက်မီးသေဆုံးမှုအတွက် KPSN ၏ ဧပြီလ ၂ ရက်နေ့ ထုတ်ပြန်ကြေညာချက်တွင် "မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများအပေါ် သတ်ဖြတ်မှုများသည် နိုင်ငံတကာအသိုင်းအဝိုင်းမှ ဆယ်စုနှစ်ပေါင်းများစွာ မျက်ကွယ်ပြုထားခြင်းကြောင့်" ဖြစ်သည်ဟု ထုတ်ပြန်ခဲ့သည်။[၉၉]

စောသက်မီး အသတ်ခံရမှုသည် မြန်မာစစ်တပ်အနေဖြင့် COVID-19 ကပ်ရောဂါအပေါ် နိုင်ငံတကာ

၉၅ Network Media Group. "First Months of 2020 See Dozens of Clashes Between Burma Army, KNU." 2 April 2020. Available at: http://www.nmg-news.com/2020/04/02/10414

၉၆ Sally Kantar. "Military road defies Myanmar national ceasefire, fuels insecurity." 12 September 2019. Al Jazeera. Available at: https://www.aljazeera.com/news/2019/09/military-road-defies-myanmar-national-ceasefire-fuels-insecurity-190911010244615.html

၉၇ Progressive Voice. "Business as Usual for the Myanmar Military." 9 April 2020. Available at: https://progressivevoicemyanmar.org/2020/04/09/business-as-usual-for-the-myanmar-military/

၉၈ KIC. "Interview With KPSN Spokesperson NawWahkhushee." 22 April 2020. Available at:http://kicnews.org/2020/04/kpsn-%E1%80%B1%E1%80%BB%E1%80%95%E1%80%AC%E1%80%81%E1%80%BC%E1%80%84%E1%80%B9%E1%80%B7%E1%80%9B-%E1%80%B1%E1%80%94%E1%80%AC%E1%80%B9%E1%80%9D%E1%80%AB%E1%80%B8%E1%80%81%E1%80%B0%E1%80%9B%E1%80%BD/

၉၉ Karen Peace Support Network. "Media Release From the Karen Peace Support Network: Burma Army Kills Karen Community Leader Shopping for Food." 2 April 2020. Available at: https://www.facebook.com/KPSN.karen/photos/pcb.2622917034651888/2622935031316755/?type=3&theater

အာရုံစိုက်နေမှုကို အသုံးချပြီး "၎င်းတို့၏လုပ်ငန်းစဉ် အထူးသဖြင့် တိုင်းရင်းသားပြည်သူများအပေါ် ဖိနှိပ်ချုပ်ချယ်မှုများ တိုးမြှင့်လုပ်ဆောင်နေခြင်း" ၏ သက်သေ အထောက်အထားဖြစ်သည်ဟု KPSN က ဆက်လက် ထောက်ပြခဲ့သည်။[၁၀၀] ဧပြီလ ၁၇ ရက်နေ့တွင် KPSN မှ မြို့ပြရှိ COVID-19 ကာကွယ်တားဆီးရေးဆိုင်ရာ အစိုးရ၏တုံ့ပြန်မှုများနှင့် ကရင်ရွာသားများအပေါ် ကျူးလွန်သော အစိုးရ ပံ့ပိုးပေးနေသည့် အကြမ်းဖက်မှုကိုလည်း နှိုင်းယှဉ်ပြခဲ့သည်။[၁၀၁] ပထမဖြစ်ရပ်တွင် ရန်ကုန်မြို့၌ လူချင်းခွာရေး အားပေးသည့် နစ်ပတ်ကြာ တံခါးပိတ်ချမှတ်ထားခြင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးမြို့တော်များ၌အစိုးရကျန်းမာရေးလုပ်သားများအားနှာခေါင်းစည်းများ ဝေပေးခြင်း၊ မြန်မာဘာသာဖြင့် လက်ကမ်း စာစောင်များ ဖြန့်ဝေပေးခြင်းတို့ လုပ်ဆောင်ခဲ့သည့် အချိန်များတွင် ကရင်ပြည်နယ်၌မူ ဇန်နဝါရီလကတည်း က မူတြော်ခရိုင်ရှိ ကျေးရွာ (၁၁) ရွာအား မြန်မာ တပ်ရင်း တစ်ဒါဇင်ကျော်က နေ့စဉ်နှင့်အမျှ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းနှင့် ရာနှင့်ချီသော လယ်ယာမြေကေများကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့သည်။ ထူးခြားသည့် အချက်တစ်ခုမှာ KNU သည် ၎င်းနယ်မြေအတွင်း COVID-19 ကာကွယ်တားဆီးရေး လှုပ်ရှားမှုများကို အကောင်အထည် ဖော်ခဲ့ခြင်းကြောင့် NCA ကို ချိုးဖောက်သည်ဟု မြန်မာအစိုးရ၏ စွပ်စွဲခြင်းကို ခံနေရသည်။[၁၀၂] သို့သော် မြန်မာအစိုးရသည် မြန်မာစစ်တပ်မှ ထိုးစစ်ဆင်မှုများ ဆက်လက်လုပ်ဆောင်နေခြင်း၊ အရပ်သားပြည်သူများ အား ပစ်မှတ်ထား တိုက်ခိုက်သတ်ဖြတ်နေခြင်းများအပြင် EAO များ၏ COVID-19 ကာကွယ်တားဆီးရေး လှုပ်ရှားမှုများကို ဟန့်တားနှောင့်ယှက်နေခြင်းများကိုမူ အလားတူ စွပ်စွဲဝေဖန်ခြင်း အလျဉ်းမရှိခဲ့ပေ။

# ရှမ်းပြည်နယ်

RCSS ဆေးမှူးများသည် ရှမ်းပြည်နယ်တောင်ပိုင်းတွင် အခြေခံ ကျန်းမာရေးစစ်ဆေးမှုများနှင့် COVID-19 ပညာပေးခြင်းများ ဆောင်ရွက်နေကြသည်။ သို့သော်လည်း ဧပြီလ ၁၂ ရက်နေ့က မိုင်းပန်မြို့နယ် နားဝမ်ကျေးရွာအုပ်စုသို့ သွားရောက်ခဲ့ရာ မြန်မာစစ်တပ် ခမရ ၁၅၃ က RCSS ဆေးမှူးများ ရွာထဲတွင် ဆေးစစ်နေစဉ် RCSS စစ်သားများကို ပစ်ခတ်ခဲ့သည်။ RCSS ၏ အဆိုအရ အဆိုပါ စစ်ကြောင်းကပင် ဧပြီလဆန်းကတည်းက နယ်မြေအတွင်းသို့ ယင်းကျန်းမာရေးအဖွဲ့၏ ဝင်ရောက်မှုကို တားဆီးပိတ်ပင်ရန် ကြိုးပမ်းခဲ့ပြီး အစိုးရတပ်များက ဒေသခံများကို RCSS ဆေးမှူးများထံမှ ကျန်းမာရေး စောင့်ရှောက်မှု လက်မခံရန် သတိပေးခဲ့ကြောင်း ဒေသခံများက ပြောသည်။[၁၀၃]

မြန်မာနိုင်ငံ၌ COVID-19 တွေ့ရှိကြောင်း မတ်လ ၂၃ ရက်နေ့တွင် အတည်ပြုပြီး နှစ်ရက်အတွင်း မြန်မာစစ်တပ်က မိုင်းတုံမြို့နယ်အတွင်းမှ RCSS စခန်းကို တိုက်ခိုက်ခဲ့ကြောင်း RCSS က ထုတ်ဖော်ထားသော်လည်း ယင်းသတင်းကို မြန်မာစစ်တပ်က ငြင်းဆိုထားပြီး RCSS ကသာ မြန်မာစစ်တပ်ကို "ချုံခိုတိုက်ခိုက်" ခဲ့သည်ဟု စွပ်စွဲခဲ့သည်။[၁၀၄] RCSS ၏ အဆိုအရ မြန်မာ စစ်တပ်က ကျေးရွာသူကြီးတစ်ဦးနှင့် ၎င်း၏ သားတို့ကို ဖမ်းဆီးခဲ့ပြီး သူကြီးကို ထိန်းသိမ်းထားဆဲ ဖြစ်သည်ဟု

၁၀၀ Ibid.

၁၀၁ Karen Peace Support Network. “COVID-19 response in Burma exposes glaring double standards.” 17 April 2020. Available at: https://www.facebook.com/KPSN.karen/photos/pcb.2635124270097831/2635114806765444/?type=3&theater

၁၀၂ Mon News Agency. “Karen State Security and Border Affairs Minister Oppose KNU’s Response to COVID-19.” 20 April 2020. BNI Multimedia Group. Available at: https://www.bnionline.net/en/news/karen-state-security-and-border-affairs-ministry-oppose-knus-response-covid-19

၁၀၃ Nang Seng Nom. “Burma Army Attacks RCSS While Shan Medics Perform COVID-19 Wellness Checks.” Shan Herald Agency for News. 15 April 2020. Available at: https://english.shannews.org/archives/20783

၁၀၄ Lawi Weng. “Myanmar Military: Troops Attacked in RCSS Ambush.” The Irrawaddy. 25 March 2020. Available at: https://www.irrawaddy.com/news/burma/myanmar-military-troops-attacked-rcss-ambush.html

ဒေသခံမီဒီယာတစ်ခုက ဖော်ပြထားသည်။[၁၀၅] မိုင်းတုံနှင့် ကျေးသီးတို့အပြင် မိုင်းကိုင်းမြို့တွင်လည်း တင်းမာမှုများ ဆက်လက် ဖြစ်ပေါ်နေပြီး RCSS ၏ ပြောရေးဆိုခွင့် ရှိသူတစ်ဦးကမူ မည်သည့်အချိန်တွင်း တိုက်ပွဲများ ဖြစ်မည်ကို "မခန့်မှန်း နိုင်ကြောင်း" ပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တအာင်း CSO (၃) ဖွဲ့က ဧပြီလ ၈ ရက်နေ့တွင် ပူးတွဲထုတ်ပြန်ကြေညာချက်တစ်စောင် ထုတ်ပြန်ပြီး မြန်မာစစ်တပ်သည် COVID-19 ကပ်ရောဂါကာလအတွင်း၌ အရပ်သားပြည်သူများအပေါ် အကြမ်းဖက်မှု ဆက်လက်ကျူးလွန်နေသည်ဟု စွပ်စွဲခဲ့သည်။[၁၀၆] ရခိုင်ပြည်နယ်ရှိ အရပ်သားပြည်သူများအပေါ် တိုက်ခိုက်မှုများနှင့် အလားတူ မတရားချိုးဖောက်မှုများ "နေ့စဉ်လိုလို" ဖြစ်နေပြီး ရွာသူကြီးကို သတ်ခြင်း၊ ရွာသားများကို ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ဖုန်းဆက်သွယ်ရေးများ ဖြတ်တောက်ခြင်းများအထိ ရှိနေပြီး မိုးမိတ်နှင့် မိုင်းတုံမြို့နယ်တို့တွင်လည်း အမျိုးသမီးများနှင့် ကလေးများကို ရိုက်နှက်ခြင်းများ ရှိနေသည်ဟု တအာင်း CSO များ၏ ကိုယ်စားလှယ်များက ဖော်ထုတ်ထားသည်။[၁၀၇]

"ဒီကပ်ရောဂါကြောင့် လူတိုင်း အလုပ်ရှုပ်နေကြတယ်။ မြန်မာစစ်တပ်က အဲဒါကို အခွင့်ကောင်းယူပြီး ဒီအခြေအနေအတွင်းမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကျူးလွန်နေတယ်" ဟု ထုတ်ပြန်ကြေညာချက်ကို ပူးတွဲထုတ်ပြန်ခဲ့သည့် အဖွဲ့တစ်ဖွဲ့ဖြစ်သော တအာင်းအမျိုးသမီးအဖွဲ့အစည်း၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဒေသခံမီဒီယာကို ပြောသည်။[၁၀၈]

၁၀၅ Ying Ying. "Burma Army Arrests Eastern Shan State Villagers Following Clashes With RCSS." Shan Herald Agency for News. 29 March 2020. Available at: https://english.shannews.org/archives/20565

၁၀၆ Ta'ang Students and Youth Union, Ta'ang Women's Organization, Ta'ang Legal Aid. "Statement of the Ta'ang Community Based Organizations on Serious Human Right Violations by the Burmese Military." 8 April 2020. Available at: https://progressivevoicemyanmar.org/2020/04/08/statement-of-the-taang-community-based-organizations-on-serious-human-rights-violations-by-the-burmese-military/

၁၀၇ Network Media Group. "Amid COVID-19 Pandemic, Tatmadaw Continues Abusing Ta'ang Civilians, CSOs Say." 13 April 2020. Available at: http://www.nmg-news.com/2020/04/13/10479

၁၀၈ Ibid.

# ၆။ COVID-19 ပြန့်ပွားနေမှုအပေါ် နိုင်ငံရေးအရ အမြတ်ထုတ်ခြင်း – 'သတင်းအတု'၊ သတင်းအမှားနှင့် အမုန်းစကားများ

မြန်မာနိုင်ငံအတွင်း COVID-19 နှင့်ပတ်သက်ပြီး ထုတ်ပြန်ထားသော တရားဝင်နှင့် တရားဝင်မဟုတ်သည့် ထုတ်ပြန်ကြေညာချက် နှစ်မျိုးစလုံးများက နိုင်ငံတော်အစိုးရသည် EAO များနှင့် ၎င်းတို့၏ မဟာမိတ်များက မတည်ငြိမ်မှု ဖြစ်ပေါ်စေရန် လုပ်ဆောင်နေသည့်ကြားမှ ထိခိုက်အလွယ်ဆုံးသော လူထုအသိုင်းအဝိုင်းများသို့ ကူညီထောက်ပံ့မှုပေးနိုင်ရန် ရရှိနိုင်သမျှရင်းမြစ်အားလုံးကို စုစည်း၍ ဆောင်ရွက်နေကြောင်း ပုံဖော်ရေးသားထားသည်။ ဤကဲ့သို့သော ပုံဖော်ရေးသားမှုများကို မရေရာသူများမှ တင်သော Post များ၊ အစိုးရဝန်ကြီးဌာနများမှ ထုတ်ပြန်ထားသော ထုတ်ပြန်ကြေညာချက်နှင့် မြန်မာစစ်တပ်နှင့် ၎င်း၏ နိုင်ငံရေးမဟာမိတ်များ မီးထိုးပေးနေသည့် ပြည်သူ့ဆက်ဆံရေးကမ်ပိန်းများတွင် ထင်ရှားစွာ တွေ့နိုင်သည်။

"ပြည်ထောင်စုတပ်မတော်" ဟု အမည်ပေးထားသည့် ခိုင်မာမှုမရှိသော "သတင်းနှင့်မီဒီယာ" ဖေ့စ်ဘွတ်ခ်စာမျက်နှာတစ်ခုကို ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် တည်ထောင်ခဲ့ပြီး ထိုအချိန်သည် COVID-19 အန္တရာယ်စတင် ပြန့်ပွားလာနေသည့်အချိန်လည်း ဖြစ်သည်။ ယင်းစာမျက်နှာသည် COVID-19 ကပ်ရောဂါကာလအတွင်း EAO ဆန့်ကျင်ရေး ဝါဒဖြန့်မှု၏ ကြီးထွားလာနေသော ရင်းမြစ်တစ်ခု ဖြစ်နေပြီး မတ်လနှင့် ဧပြီလအတွင်း "likes" ထောင်ချီရခဲ့သည်။

တအာင်း CSO များ၏ ပူးတွဲထုတ်ပြန်ကြေညာချက် ထုတ်ပြန်ခဲ့သည့် တစ်ရက်တည်းမှာပင် ပြည်ထောင်စုတပ်မတော် ဖေ့စ်ဘွတ်ခ်စာမျက်နှာ၌ ယင်းပူးတွဲထုတ်ပြန် ကြေညာချက်ကို စာသားများပါသည့် ကြီးမားသောကြက်ခြေခတ် (X) ဖြင့် ထပ်တင်ထားကာ ပြန်လည်ဖော်ပြခဲ့သည်။ ထိုပူးတွဲထုတ်ပြန်ကြေညာချက်ထဲတွင် မှားယွင်းသော စွပ်စွဲချက်များ ပါရှိကြောင်းနှင့် ယင်းကို အရပ်ဘက်လူထုအဖွဲ့အစည်း "အယောင်ဆောင်ထားသည့်" TNLA က ရေးသားထားခြင်းဖြစ်သည်ဟု စွပ်စွဲထားသည်။ ဧပြီလ ၈ ရက်နေ့ ထုတ်ပြန်ကြေညာချက် မတိုင်မီနှင့် နောက်ပိုင်းကာလများတွင် ယင်းစာမျက်နှာ၏ ရေးသားမှုအများစုမှာ AA ကို တရားမဝင် ဖြစ်စေရန် ကြိုးပမ်းရေးသားထားမှုများ ဖြစ်နေသည်။ တအာင်း CSO များကို ယင်းကဲ့သို့ ရှုတ်ချတိုက်ခိုက်ခြင်းက မည်သူမည်ဝါကို နိုင်ငံတော်အစိုးရ၏ ရန်သူအဖြစ် ယူဆကြောင်း ပို၍ ကျယ်ကျယ်ပြန့်ပြန့် ညွှန်းဆိုမှုကို ဖော်ပြနေသည်။ ယင်းကဲ့သို့ တအာင်း CSO များနှင့် တက်ကြွလှုပ်ရှားသူများအား TNLA ၏ လူများဟု စွပ်စွဲခြင်းသည် မြန်မာအစိုးရနှင့် စစ်တပ်တို့မှ သတင်းထောက်များနှင့် တိုင်းရင်းသားသတင်းမီဒီယာများကို AA နှင့် ချိတ်ဆက်မှု ရှိသည်ဟူသော ပစ်မှတ်ထားတိုက်ခိုက်သည့်ပုံစံကို ထင်ဟပ်နေစေသည်။

အကယ်၍ ယင်းစာမျက်နှာသည် မြန်မာစစ်တပ်နှင့် ၎င်း၏လုံခြုံရေးတပ်ဖွဲ့များနှင့် အမှန်တကယ် ဆက်စပ်နေပါက (ဖေ့စ်ဘွတ်ခ်စာမျက်နှာများကို ရိုဟင်ဂျာများအပေါ် အကြမ်းဖက်မှုများလုပ်ဆောင်လာစေရေးသွေးထိုးလှုံ့ဆော်ရာတွင် အသုံးချခဲ့ခြင်းကြောင့် ဖေ့စ်ဘွတ်ခ်က သုံးစွဲခွင့် ပိတ်ပင်ထားခဲ့သည်) တိုင်းရင်းသား CSO များနှင့် တိုင်းရင်းသားလူထုအခြေပြု အဖွဲ့အစည်းများကို နိုင်ငံတော်အစိုးရက ပို၍ ပစ်မှတ်ထား နှိပ်ကွပ်လာနိုင်ကြောင်း ပြသသည့် အန္တရာယ်ကို ဖော်ပြနေသည်။[၁၀၉]

ပြည်ထောင်စုတပ်မတော်အမည်ရှိ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဧပြီလ ၁၂ ရက်နေ့က #မင်းဒင် ကလောင်အမည်ဖြင့် စိုးရိမ်ဖွယ်ရေးသားချက်တစ်ခုကို ဖော်ပြခဲ့ပြီး


၁၀၉ Kaleigh Long. "Facebook Investigated Myanmar's Military-Linked Accounts. It Found A Covert Propaganda Campaign." TIME. 31 August 2018. Available at: https://time.com/5383780/myanmar-facebook-propaganda-rohingya/




*၂၀၂၀ ပြည့်နှစ် ဧပြီလ ၈ ရက်နေ့တွင် တအာင်းအရပ်ဘက်လူထုအဖွဲ့အစည်းများ၏ ထုတ်ပြန်ကြေညာချက်ကို TNLA ၏ဝါဒဖြန့်ချိမှုအဖြစ် ပုံဖော်ကာ ပယ်ဖျက်ထားခြင်း။ (ဓာတ်ပုံ - ပြည်ထောင်စုတပ်မတော်/Facebook)*

ယင်းကလောင်အမည်မှာ စစ်တပ်ဝါဒဖြန့်ချိရေးနှင့် မွတ်စလင်မ်ဆန့်ကျင်ရေး ဖန်တီးရေးသား ဖော်ပြလေ့ရှိသည့် ကလောင်အမည်ဝှက်တစ်ခု ဖြစ်သည်။ ထိုရေးသားဖော်ပြမှုကို မည်သူက အမှန်တကယ်ရေးကြောင်းကိုမှ အတည်မပြုနိုင်ဘဲ ဖြစ်နေပြီး ယင်း ရေးသားဖော်ပြမှုတွင် AA သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နယ်စပ်မှတစ်ဆင့် နိုင်ငံအတွင်းသို့ "ဘင်္ဂါလီများအား ခိုးသွင်းခြင်း" ဖြင့် "ရခိုင်ပြည်နယ်ထဲ COVID-19 ရောက်လာအောင်" လုပ်နေသည်ဟု စွပ်စွဲထားသည်။ ယင်းစွပ်စွဲချက်တွင် ရိုဟင်ဂျာမွတ်စလင်မ်များအပေါ် ရည်ညွှန်းသည့် လူမျိုးရေးခွဲခြားသော အသုံးအနှုန်းများကို သုံးထားသည်။ ထိုစာသားထဲတွင် ရိုဟင်ဂျာမွတ်စလင်မ်များသည် COVID-19 ပြန့်ပွားမှုမှ လွတ်ကင်းနိုင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများမှ ထွက်ခွာနေကြသော်လည်း ၎င်းတို့ကိုယ်တိုင် ကူးစက်နေပြီးဖြစ်ကြောင်းနှင့် AA အား လာဘ်ထိုးပြီး ၎င်းတို့ မြန်မာနိုင်ငံထဲ ဝင်လာနိုင်ရန်အတွက် လုပ်ဆောင်နေကြောင်း ဖော်ပြထားသည်။

၎င်းရေးသားဖော်ပြချက်သည် COVID-19 ပြန့်ပွားမှုအတွက် ရိုဟင်ဂျာနှင့် EAO နှစ်ခုစလုံးကို တစ်ပြိုင်တည်း အပြစ်ဖို့ထားသည့် ပထမဆုံး စာအမျိုးအစားဖြစ်ပြီး COVID-19 ကို နိုင်ငံရေးအမြတ်ထုတ်ရန်အတွက် လက်နက်အဖြစ် အသုံးချနေခြင်းနှင့် ယင်းသည် မြန်မာစစ်တပ်အား အဓိက အကျိုးပြုနေကြောင်း ဖော်ပြနေသည်။ ဧပြီလ ၁၂ ရက်နေ့ ရေးသားဖော်ပြမှုနှင့် ပြည်ထောင်စုတပ်မတော်ဟူသည့် အမည်မျိုးမှာ တစ်ချိန်က ဖေ့စ်ဘွတ်ခ်ပေါ်တွင် တွင်ကျယ်ခဲ့သော ရိုဟင်ဂျာဆန့်ကျင်ရေး စိတ်ထားမျိုးအားလည်း ပြန်လည်အမှတ်ရစရာဖြစ်စေပြီး ၂၀၁၇ ခုနှစ်၌ မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များမှ ရိုဟင်ဂျာများအပေါ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" မလုပ်ဆောင်မီ၊ လုပ်ဆောင်နေစဉ်နှင့် လုပ်ဆောင်ပြီးကာလများကစိတ်ဓာတ်မျိုးကိုဖြစ်ပေါ်စေသည်။ ယင်းထိုးစစ်များထဲတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ၊ မုဒိမ်းကျင့်မှုများ၊ အုပ်စုလိုက် မုဒိမ်းကျင့်မှုများ၊ အိုးအိမ်နှင့် ကျေးရွာများကို စနစ်တကျ ဖျက်ဆီးမှုများ ပါဝင်ပြီး ရိုဟင်ဂျာ (၇၀၀,၀၀၀) ကျော်ကို ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နယ်စပ်ဖြတ်ကျော် ထွက်ပြေးတိမ်းရှောင်စေခဲ့သည်။ ယခုအချိန်တွင် ယင်းအမှုကို ICC က စုံစမ်းစစ်ဆေးနေပြီဖြစ်ပြီး မြန်မာနိုင်ငံသည် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကြောင့်လည်း ICJ တွင် တရားရင်ဆိုင်နေရသည်။ ရိုဟင်ဂျာဆန့်ကျင်ရေး အမုန်းစကားများသည် နောက်ပိုင်းတွင် မြန်မာစစ်တပ်မှ လျှို့ဝှက်စွာ ချုပ်ကိုင်ထားသည့်



ပြည်ထောင်စုတပ်မတော်
Apr 12 ·

AA မှ ဘင်္ဂါလီများ ခိုးသွင်းနေမှုကြောင့် COVID-19 ရောဂါသည်များ ရခိုင်ပြည်နယ်ထဲ ရောက်လာနိုင်

=============================================================

12-4-2020

လက်ရှိအချိန်မှာ ကမ္ဘာ့ကပ်ရောဂါ COVID-19 က တစ်ကမ္ဘာလုံးနီးပါး ကူးစက်ပျံ့နှံ့ နေပါ တယ်။ ဒီရောဂါက လူဦးရေ ထူထပ်များပြားတဲ့ နိုင်ငံတွေမှာ ပိုပြီး ကူးစက်နိုင်တဲ့ အတွက် ရခိုင်ပြည်နယ်နဲ့ နယ်နိမိတ်ချင်း ထိစပ်နေပြီး လူဦးရေ အဆမတန် ပေါက်ကွဲနေတဲ့ ဘင်္ဂလားဒေ့ရှ် နိုင်ငံမှာဆိုရင် အနည်းဆုံး လူ ၂ သန်းလောက်အထိ သေဆုံးနိုင်တယ်လို့ ပညာရှင်တွေက ခန့်မှန်းတွက်ချက်ထားပါတယ်။ ဒါကြောင့် အခုဆိုရင် ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲက COVID-19 ကူးစက်နေတဲ့ နေရာ ၂၉ ခုက ပြည်သူတွေ အခြားနေရာတွေကို ထွက်ပြေးနေကြပါပြီ။ ဒါ့အပြင် ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းတွေမှာလည်း COVID-19 ကူးစက်ပြီး သေဆုံးမှုတွေ များနေတာကြောင့် အဲဒီဒုက္ခသည်စခန်းက လူတွေလည်း ထွက်ပြေးနေတယ်လို့ သိရပါတယ်။ ဒီလို ထွက်ပြေး လာတဲ့ ဘင်္ဂါလီတွေကို AA အဖွဲ့က အခကြေးငွေယူပြီး ရခိုင်ပြည်နယ်ထဲကို ခိုးသွင်းနေ တယ်လို့ ရခိုင်ဒေသခံများက ပြောနေကြပါတယ်။ AA က ဘင်္ဂါလီတွေ ခိုးသွင်းနေတာနဲ့ ပတ်သက်ပြီး ဘူးသီးတောင်ဒေသခံတစ်ဦးမှ " AA တွေက သူတို့အကျိုးအတွက်ပဲ ကြည့်တယ်ဆိုတာ အခုမျက်မြင် သိလိုက်ရပြီ။ ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းတွေမှာ COVID-19 ကြောင့် သေတဲ့သူများနေလို့ အဲဒီကလူတွေ ဒီဘက်ကို ပြေးလာကြတယ်။ သူတို့ပြောတာတော့ AA ကို ပိုက်ဆံပေးပြီး ဝင်လာတာတဲ့။ တော် တော်ဆိုးတာပဲ။ လူအားလုံးက COVID-19 ကြောက်နေတဲ့ အချိန်မှာ AA က ပိုက်ဆံယူပြီး ရခိုင်ပြည်နယ်ထဲ COVID-19 ရောက်လာအောင် လုပ်နေတယ်။ အခုအတိုင်းဆိုရင် မကြာ ခင်မှာ COVID-19 နဲ့ ပတ်သက်တဲ့ သတင်းဆိုးတွေ ရခိုင်ပြည်နယ်ထဲမှာ ကြားလာရ တော့မယ်" လို့ပြောကြားခဲ့ပါတယ်။
AA အဖွဲ့က အခုလို COVID-19 ကြောင့် ထွက်ပြေးလာတဲ့ ဘင်္ဂါလီတွေကို ရခိုင်ပြည်နယ် ထဲ ဝင်ခွင့်ပေးနေတာက ARSA ရဲ့ တောင်းဆိုချက်ကြောင့် ဖြစ်ပြီး ဒီဘင်္ဂါလီတွေထဲမှာ ARSA အဖွဲ့ဝင်တွေလည်း အများအပြား ပါဝင်တယ်လို့ သိရပါတယ်။
#မင်းဒင်

*ဧပြီလ ၁၂ ရက်နေ့တွင် ပြည်ထောင်စုတပ်မတော်၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် တင်ထားသော post တစ်ခု။*
*(ဓာတ်ပုံ - ပြည်ထောင်စုတပ်မတော်/Facebook)*

အကောင့်များနှင့် ချိတ်ဆက်နေကြောင်း ပေါ်ထွက်လာခဲ့ပြီး သတင်း၊ ဖြေဖျော်ရေး သို့မဟုတ် ဆယ်လီ (Celebrity) များအကြောင်း အဓိကထား တင်ဆက်နေသည့် စာမျက်နှာများအဖြစ် အယောင်ဆောင်ထားသည်။ ကုလသမဂ္ဂ၏ IIFFMM က ယင်းစာမျက်နှာများကို "အသေအချာ ဖန်တီးထားသော အမုန်းတရားလှုပ်ရှားမှု" အား ဦးတည် လုပ်ဆောင်နေသော စာမျက်နှာများအဖြစ် သတ်မှတ်ခဲ့ပြီးနောက် ၂၀၁၈ ခုနှစ်တွင် ဖေ့စ်ဘွတ်ခ်က ထိုစာမျက်နှာများကို ဖြုတ်ချခဲ့သည်။[၁၁၀] New York Times သတင်းဌာနကလည်း ယင်းအွန်လိုင်းလှုပ်ရှားမှုသည် "အာဏာရှင်အစိုးရတစ်ရပ်က လူမှုကွန်ရက်ကို အသုံးပြု၍ ၎င်းပြည်သူများအပေါ် ကျူးလွန်သည့် ပထမဆုံး နမူနာများ" အဖြစ် ဖော်ပြခဲ့သည်။[၁၁၁]

## စီမံကိန်းကို အားပေးမြှင့်တင်ခြင်း

တိုင်းရင်းသားတို့၏ ခုခံတော်လှန်မှုများ ဖြစ်ပေါ်လာရခြင်းနှင့်ပတ်သက်သော နာကျင်ခံစားရမှုကို အစိုးရ၏ တရားဝင် ထုတ်ပြန်ကြေညာချက်များထဲတွင်လည်း သေချာတွေ့နိုင်မည်ဖြစ်ပြီး ယင်းထုတ်ပြန်ကြေညာချက်များတွင် EAO များကို နိုင်ငံတော်၏ ရန်သူများအဖြစ် သေချာစွာ သတ်မှတ်ပေးထားသည့်အပြင် ၎င်းတို့နှင့် အနည်းအကျဉ်းမျှပင် ဆက်စပ်ပတ်သက်မိပါက မည်သူမဆို ဖိနှိပ်ချုပ်ချယ်သော အရေးယူမှုများ၏ ပစ်မှတ်ထားခံရနိုင်ကြောင်း သတိပေးထားသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဧပြီလ ၁၀ ရက်နေ့ထုတ် စာလုံးရေ (၉၀၀) နီးပါး ပါရှိသော ထုတ်ပြန်ကြေညာချက်တွင် ရခိုင်ပြည်နယ်အတွင်း ကပ်ရောဂါကာကွယ်ရေး လုပ်ငန်းတွင် "မည်သူ့ကိုမျှ ဖယ်ချန်မထားပါ" ဟု ဆိုထားသော်

[၁၁၀] Independent International Fact-Finding Mission on Myanmar. Report of the detailed findings of the Independent International Fact-Finding Mission on Myanmar. UN Human Rights Council. 10 September 2018.P. 168.

[၁၁၁] Paul Mozer. "A Genocide Incited on Facebook, With Posts From Myanmar's Military." The New York Times. 15 October 2018. Available at: https://www.nytimes.com/2018/10/15/technology/myanmar-facebook-genocide.html

လည်း ထုတ်ပြန်ကြေညာချက်၏ တစ်ဝက်ခန့် မှာ AA ကို အကြမ်းဖက်အဖွဲ့အဖြစ် တံဆိပ်ကပ်ခြင်းနှင့် EAO ၏ "အပြင်းအထန် တိုက်ခိုက်မှုများ" ကို ကြုံကြိုက်ခံနေရသည့် သဘောကို ပုံဖော်ရေးသားထားသည်။[၁၁၂]

နောက်ဆုံးရ အချက်အလက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ရာ၌ ရခိုင်ပြည်နယ်တွင် မြန်မာအစိုးရက ချမှတ်သော အင်တာနက်အမှောင်ချမှုနှင့် မတ်လ ၂၃ ရက်နေ့တွင် AA အား အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာချက်တို့ကိုလည်း ကာကွယ်ပေးနေသည်။ အဆီအငေါ်မတည့်စွာပင် ဖေ့စ်ဘွတ်ခ်ပေါ် ထုတ်ဝေခဲ့သည့် ယင်းထုတ်ပြန်ကြေညာချက်ထဲ၌ AA အား အင်တာနက် "တလွဲသုံးခြင်း" ဖြင့် ၎င်းတို့၏အာဘော်ကို မြှင့်တင်နေသည်ဟု စွပ်စွဲခဲ့သည်။ သို့သော် မြန်မာစစ်တပ်၏ ထိုးစစ်များ၊ လေကြောင်းတိုက်ခိုက်မှုများ သို့မဟုတ် ကပ်ရောဂါကာလအတွင်းမှာပင် အပစ်အခတ်ရပ်စဲရေးကြေညာရန် ငြင်းဆန်နေမှုများကိုမူ ယင်းကြေညာချက်ထဲတွင် တစ်စုံတစ်ခုမျှ ဖော်ပြထားခြင်း မရှိပေ။ ထို့အပြင် ပဋိပက္ခ၏ အရင်းခံအကြောင်းတရားဖြစ်သည့် မြန်မာစစ်တပ်က ကျောထောက်နောက်ခံပေးထားသော ဗမာ-ဗုဒ္ဓဘာသာ နိုင်ငံတော်တည်ဆောက်ရေး စီမံကိန်းကြီးကိုလည်း လုံးဝ မျက်ကွယ်ပြု ဖုံးကွယ်ပေးကာ ယင်းစီမံကိန်းကြီးသည် ယခုအချိန်တွင် မြန်မာနိုင်ငံရှိ အများပြည်သူ၏ လူထုကျန်းမာရေးအပေါ် ခြိမ်းခြောက်မှုများ ပိုမို များပြားလာနေပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များရှိ ပြည်တွင်းစစ်သည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပို့ဆောင်နိုင်ရန်အတွက် "ကြီးမားသော စိန်ခေါ်မှုများ" ရှိနေသည့် အခင်းအကျင်းအဖြစ် ဖော်ပြထားပြီး ပဋိပက္ခသက်ရောက်မှုဒဏ် ခံရသော အရပ်သားပြည်သူ အသိုင်းအဝိုင်းများနှင့် ရပ်ရွာများထံသို့ အကူအညီများရောက်ရှိစေရန် ကုလသမဂ္ဂ၏ အဖွဲ့များ၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (World Food Programme – WFP)၊ နိုင်ငံတကာ ကြက်ခြေနီကော်မတီ (International Committee for Red Cross – ICRC) တို့နှင့် ၎င်းတို့၏ ဆက်စပ်ညှိနှိုင်းလုပ်ဆောင်မှုများကို "မြှင့်တင်ခဲ့သည်"ဟု ဖော်ပြထားသည်။ သို့သော်လည်း ယင်းကဲ့သို့သော ထုတ်ပြန်ကြေညာချက်များမှာ သွယ်ဝိုက်အဓိပ္ပာယ်ထွက်နိုင်ပြီး ရှင်းလင်းမှု မရှိသော စကားလုံးအသုံးအနှုန်းများ၊ ဥပမာအားဖြင့် ခရီးသွားလာခွင့် လက်မှတ်များ ထုတ်ပေးခြင်းအားဖြင့် "အဆင်ပြေချောမွေ့စေရေး" နှင့် ကူညီထောက်ပံ့မှုပေးသူများနှင့် ညှိနှိုင်းဆွေးနွေးမှုများ "လုပ်ဆောင်နေပြီ" စသည့် ဝေါဟာရများက မြန်မာနိုင်ငံအနေဖြင့် ပဋိပက္ခသက်ရောက်မှုရှိသော နယ်မြေများသို့ လူသားချင်းစာနာမှုဆိုင်ရာနှင့် ပတ်သက်သည့် ဝင်ထွက်ခွင့်၊ သွားလာခွင့် အာမခံချက်များမှာ အခြေခံအားဖြင့် ချို့တဲ့နေခြင်းနှင့် ဆန္ဒမရှိခြင်းကို သာဓကအဖြစ် ဖော်ပြနေသည်။

## COVID-19 သည် နိုင်ငံရေးပါတီ မြှင့်တင်ရေးအတွက် အခွင့်အလမ်းဖြစ်နေခြင်း

"မျိုးချစ်စိတ် အားပေးမြှင့်တင်သည်" ဟု ၎င်းတို့ကိုယ် ၎င်းတို့ သရုပ်ဖော်ထားသော The Conservative အမည်ရှိသည့် ဖေ့စ်ဘွတ်ခ်စာမျက်နှာသည် မြန်မာစစ်တပ်နှင့် ၎င်းတို့ ကျောထောက်နောက်ခံပေးထားသော USDP တို့နှင့် သက်ဆိုင်သော သတင်းများ မျှဝေမှုဖြင့် လူသိများသည်။ ဧပြီလ ၁၀ ရက်နေ့တွင် ၎င်းစာမျက်နှာ၌ USDP သည် နိုင်ငံတစ်ဝှမ်းရှိ ပြည်သူလူထုအား နှာခေါင်းစည်းအရေအတွက် (၈၂၀,၀၀၀) ကို လှူဒါန်းခဲ့သည့် ကြေညာချက်ကို ဖော်ပြခဲ့သည်။ ထိုမတိုင်မီ နှစ်ရက်ကလည်း ၎င်းစာမျက်နှာတွင် USDP၊ NLD၊ အမျိုးသားဒီမိုကရေစီအင်အားစု (National Democratic Force - NDF)၊ ပြည်သူ့ပါတီ (People's Party) နှင့် ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party – PPP) တို့ အပါအဝင် နိုင်ငံရေးပါတီများမှ COVID-19 ကာကွယ်တားဆီးရေးအတွက် ရပ်ရွာအသိုင်းအဝိုင်းများအတွင်း ပိုးသတ်ဆေးဖျန်းခြင်း လုပ်ဆောင်မှုကို ၎င်းစာမျက်နှာက ချီးမွမ်းခဲ့သေးသည်။ ယင်းရေးသားဖော်ပြချက်နှင့်အတူ နိုင်ငံရေးပါတီများ၏ ပါတီတံဆိပ်များပါဝင်သည့် အရောင်ချွတ်ဆေးထုပ်များကို ရိုက်ထားသော ဓာတ်ပုံများကိုလည်း တွေ့ရသည်။ People Media ကမူ ရန်ကုန်မြို့ ဗဟန်းမြို့နယ်တွင် NLD က ပါတီတံဆိပ်ပါ နှာခေါင်းစည်း

၁၁၂ Ministry of Foreign Affairs. "Myanmar leaves no one behind in its fight against COVID-19 in Rakhine State." Global New Light of Myanmar. 11 April 2020 (Originally posted on 10 April 2020). Available at: https://www.globalnewlightofmyanmar.com/myanmar-leaves-no-one-behind-in-its-fight-against-covid-19-in-rakhine-state/

များကို မတ်လ ၃၀ ရက်နေ့၌ တစ်ခု ၈၀၀ ကျပ်ဖြင့် ရောင်းချခဲ့ကြောင်း စွပ်စွဲထားခဲ့ပြီး ယင်းအချက်ကို NLD ပါတီ၏ ပြောရေးဆိုခွင့်ရှိသူက ယင်းလုပ်ရပ်သည် "လက်ခံနိုင်ဖွယ်မရှိ" ဟုဆိုပြီး သင့်လျော်သော အရေးယူမှုများ လုပ်ဆောင်သွားမည်ဟု တုံ့ပြန်ခဲ့သည်။ COVID-19 ကာကွယ်တားဆီးရေး ကြိုးပမ်းချက်များအတွင်း နိုင်ငံရေးပါတီသင်္ကေတများ ကပ်နိုပ်ထားခြင်းသည် အထူးသဖြင့် ရွေးကောက်ပွဲနှစ်အတွင်း အထူးထင်ရှားပေါ်လွင်နေပြီး မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲကိုလည်း လာမည့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည်ဟု မျှော်လင့်ထားဆဲဖြစ်သည်။

မြန်မာစစ်တပ်ကလည်း ၎င်း၏ COVID-19 ကာကွယ်တားဆီးရေး ကြိုးပမ်းမှုများနှင့် ပတ်သက်၍ မတ်လတစ်လျှောက်လုံးတွင် ပြည်သူ့ဆက်ဆံရေးကို ဆက်တိုက် ထိန်းထားခဲ့သည်။ ဤအထဲတွင် လှုပ်ရှားမှုအမျိုးမျိုးပါဝင်ပြီး မြန်မာစစ်သားများက ကရင်ပြည်နယ်ရှိ အငြိမ်းစားစစ်မှုထမ်းများ၏ နေအိမ်များ၊ နေပြည်တော်ရှိ အထွေထွေဆေးရုံကြီးနှင့် ဘိုးဘွားရိပ်သာတစ်ခုတို့တွင် ပိုးသတ်ဆေးဖျန်းခြင်း၊ မန္တလေးမြို့ရှိ ဘုန်းကြီးကျောင်းများနှင့် ဆေးရုံတစ်ခုတွင်လည်းကောင်း၊ ဧရာဝတီတိုင်းရှိ ပုသိမ်မြို့တွင်လည်းကောင်း မြန်မာစစ်တပ်မှ ထုတ်လုပ်သည့် ဆပ်ပြာများ၊ ပိုးသတ်လက်ဆေးရည်များနှင့် မြန်မာစစ်တပ်၏အရောင်ဖြင့် ထုတ်ထားသော အစိမ်းရောင်နှာခေါင်းစည်းများ ဝေပေးခြင်း စသည်တို့ ပါဝင်သည်။

COVID-19 နှင့် ပတ်သက်ပြီး စိုးရိမ်ဖွယ်အကောင်းဆုံးဖြစ်သော မြန်မာစစ်တပ်၏ လုပ်ဆောင်ချက်တစ်ခုမှာ ၎င်း၏ ပြည်သူ့ဆက်ဆံရေး ကမ်ပိန်းများ လုပ်ဆောင်ရာတွင် ရှမ်းပြည်တစ်ဝှမ်းနှင့် ကရင်နီပြည်နယ်၏မြို့တော်လွိုင်ကော်မြို့ရှိဆေးရုံများနှင့်မြန်မာအစိုးရချုပ်ကိုင်မှုအောက်တွင်ရှိသော တခြားနယ်စပ်ဒေသများရှိ ကျန်းမာရေးလုပ်သားများအား ကလိုရိုကွင်း (Chloroquine) ကို ကျယ်ကျယ်ပြန့်ပြန့် လှူဒါန်းနေခြင်းပင် ဖြစ်သည်။ ရှေ့ပြေးအသံအဖွဲ့မှ မြင်တွေ့ခဲ့သည့် အသေးစိတ်အချက်အလက်များ ပါဝင်သည့် စာတမ်းများတွင် ဖော်ပြထားသည်မှာ ကလိုရိုကွင်းကို " COVID-19 ကုသရေးတွင် သုံးစွဲရန်" လှူဒါန်းသည်ဟု ဖော်ပြထားသည်။ ကလိုရိုကွင်းကို ငှက်ဖျားရောဂါ တိုက်ဖျက်ရာ၌ အသုံးပြုကြသည်။ အမေရိကန် အခြေစိုက် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန၏ အဆိုအရ "COVID-19 ကာကွယ်နိုင်ရန် သို့မဟုတ် ကုသနိုင်ရန် အမေရိကန် အစားအသောက်နှင့် ဆေးဝါးဆိုင်ရာ စီမံခန့်ခွဲရေး အဖွဲ့မှ အတည်ပြုထားသည့် ဆေးဝါး သို့မဟုတ် အခြားကုသနည်းနာတစ်ခုမျှ မရှိသေးပါ" ဟု ဖော်ပြထားသည်။[၁၁၃] မကြာမီက ဘရာဇီးနိုင်ငံ၏ စမ်းသပ် လေ့လာချက်တစ်ခုတွင် COVID-19 လူနာအချို့ကို ကလိုရိုကွင်း တိုက်ကျွေးပြီး ကုသခဲ့ရာ နှလုံးနှင့် သွေးကြောဆိုင်ရာ ဘေးထွက်ဆိုးကျိုးများကြောင့် သေဆုံးကြပြီးနောက် ထိုစမ်းသပ်မှုကို ရပ်တန့်လိုက်ရသည်။[၁၁၄] ကပ်ရောဂါကာလအတွင်း လက်ခုပ်သြဘာပေး ဂုဏ်ပြုကြသည့် မြန်မာစစ်တပ်၏ တခြားသော စည်းရုံးရေးလုပ်ငန်းများနှင့် အလားတူ ကလိုရိုကွင်းပေးဝေခြင်းသည်လည်း သေချာသိရှိနားလည်မှု မရှိသောဟန်ပြ လုပ်ဆောင်ခြင်းတစ်ခုသာ ဖြစ်နေရာ စနစ်တကျ နိုင်ငံအဆင့် တုံ့ပြန်မှုအတွက် ကောင်းကျိုးသက်ရောက်မှုထက် ဆိုးကျိုးသာ ဖြစ်စေမည်ဖြစ်သည်။

မြန်မာစစ်တပ်သည် အများပြည်သူမြင်ကွင်းတွင် စေတနာရှင်၊ ကရုဏာရှင်အဖြစ် ၎င်းကိုယ်၎င်း ပုံဖော်ထားသည့် ဧပြီလ ၂၅ ရက်နေ့တွင် လုပ်ဆောင်ခဲ့သော သတင်းစာရှင်းလင်းပွဲတစ်ခု၌ ၎င်းတို့တွင် COVID-19 ရောဂါပိုး စစ်ဆေးနိုင်သည့် ကိုဘာ့စ် ၆၈၀၀ (Cobas 6800) အမျိုးအစား စက်နှစ်လုံးနှင့် စစ်ဆေးရာတွင် အသုံးပြုနိုင်သည့် ဓာတ်စမ်းပစ္စည်း အရေအတွက် (၂,၀၀၀) ရှိကြောင်း ထုတ်ပြောခဲ့ပြီး မြန်မာအစိုးရအား သုံးစွဲခွင့်ပေးမည်ဟု ဆိုသည်။[၁၁၅] မြန်မာနိုင်ငံသည် ဗဟိုချုပ်ကိုင်မှုများသည့် ကျန်းမာရေးစနစ် သဘာဝရှိသည်နှင့်အညီ COVID-19 စမ်းသပ်မှုများ လုပ်နိုင်သည့် တစ်ခုတည်းသော ဌာနမှာ ရန်ကုန်မြို့မှ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းဖြစ်ပြီး စမ်းသပ်မှုနှုန်းမှာ မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ ၀.၀၂ ရာခိုင်နှုန်းသာ ရှိသည်။ ယခုအစီရင်ခံစာ

---

၁၁၃ Centers for Disease Control and Prevention. "Information for Clinicians on Investigational Therapeutics for Patients with COVID-19." 25 April 2020. Available at: https://www.cdc.gov/coronavirus/2019-ncov/hcp/therapeutic-options.html

၁၁၄ Reuters. "True claim: Brazilian chloroquine study on COVID-19 patients was halted after 11 deaths." 18 April 2020. Available at: https://www.reuters.com/article/uk-factcheck-brazilian-chloroquine-study-idUSKBN21Z395

၁၁၅ Thiha Lwin. "Myanmar Military to Lend State-of-the-Art Machines for Public COVID-19 Testing." 27 April 2020. The Irrawaddy. Available at: https://www.irrawaddy.com/specials/myanmar-covid-19/myanmar-military-lend-state-art-machines-public-covid-19-testing.html




*USDP ပါတီ၏ အမှတ်တံဆိပ်များ ကပ်ထားသော အရောင်ချွတ် ပိုးသတ်ဆေးရည်ပုံးများ (လက်ဝဲ) နှင့် ပြည်သူ့ပါတီကို ကိုယ်စားပြုသည့် တီရှပ်အင်္ကျီများဝတ်ဆင်ကာ ပိုးသတ်လက်ဆေးရည် ဝေပေးခြင်း (လက်ယာ)၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၈ ရက်နေ့။ (ဓာတ်ပုံ - The Conservative/Facebook)*

ရေးသားနေချိန်ထိ လူဦးရေ (၅၄) သန်းရှိသော နိုင်ငံတွင် စစ်ဆေးမှု (၁၄,၀၀၀) ခန့်သာ လုပ်ခဲ့သည်။[၁၁၆] သို့ဖြစ်ရာ နိုင်ငံအတွင်း COVID-19 ရောဂါအတည်ပြုပြီး တစ်လကျော်ကြာသည့်အထိ မြန်မာစစ်တပ်သည် ၎င်းတို့ထံ၌ရှိသော အသက်ကယ်နိုင်သည့် ဆေးဝါးဆိုင်ရာ ပစ္စည်းများအကြောင်းကို ထုတ်ပြန်ခြင်းမရှိဘဲ နှုတ်ဆိတ်နေသည်မှာ အထူးအော့နှလုံးနာဖွယ် ဖြစ်နေသည်။ မြန်မာစစ်တပ်မှ ၎င်း၏ ကပ်ရောဂါတုံ့ပြန်ရေး ဦးဆောင်မှုအခန်းကို ကြွားဝါနေစဉ် တစ်ဘက်၌လည်း စမ်းသပ်ကိရိယာနှင့် အခြား ဆေးဘက်ဆိုင်ရာ ပစ္စည်းများကို အများပြည်သူ မသုံးနိုင်အောင် ထိမ်ချန်ထားခြင်းသည် ပြည်သူ့လုံခြုံရေးထက် ၎င်းတို့၏ လုံခြုံရေးကိုသာ အာမခံချက်ရှိရေး ကာလတာရှည် စွဲမြဲစွာကျင့်သုံးခဲ့သော အကျင့်အကြံကို ထင်ဟပ်နေစေသည်။

ယခု အကျပ်အတည်းကာလအတွင်း NLD ဦးဆောင်သော အစိုးရ၊ မြန်မာစစ်တပ်နှင့် ၎င်းတို့အား ထောက်ခံသူများက ဖန်တီးပြနေသော ပုံသဏ္ဍာန်မှာ ပြည်တွင်းမှ ပြည်သူများ၏ အမြင်တွင်လည်းကောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်း၏ အမြင်တွင်လည်းကောင်း အဓိကအားဖြင့် လူပြိန်းကြိုက်ဝါဒနှင့် ဥပဒေအရ ခိုင်မာမှုတို့ကို ပျိုးထောင်ရန် ကြိုးပမ်းချက်သာ ဖြစ်သည်။ အာဏာပိုင်များက နိုင်ငံအတွင်း၌ ၎င်းတို့သည် နိုင်ငံ၏




*ပိုးသတ်ဆေးဖြန်းနေသည့် အမျိုးသားတစ်ဦး၊ အမျိုးသားဒီမိုကရေစီအင်အားစု (လက်ဝဲ) နှင့် NLD (လက်ယာ) များ၏ အမှတ်တံဆိပ်များကပ်ထားခြင်း၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၈ ရက်နေ့။ (ဓာတ်ပုံ - The Conservative/Facebook)*

၁၁၆ MoHS. "Coronavirus Disease 2019 (COVID-19) Surveillance Dashboard (Myanmar)." Available at: https://doph.maps.arcgis.com/apps/opsdashboard/index.html#/f8fb4ccc3d2d42c7ab0590dbb3fc26b8/




*ပြည်သူလူထုသို့ လှူဒါန်းမည့် Mask ၈၂၀,၀၀၀ အား တိုင်းဒေသကြီး/ပြည်နယ်များသို့ ပေးပို့ပြီးဖြစ်သည်၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၈ ရက်နေ့။ (ဓာတ်ပုံ - The Conservative / Facebook)*



*တပ်မတော်စက်ရုံမှ ထုတ်ထားသော Mask များ၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၆ ရက်နေ့။ (ဓာတ်ပုံ - Khin Soe Lwin/Facebook)*

ကယ်တင်ရှင်များအဖြစ် ပုံဖော်ရန်ကြိုးစားထားပြီး ပြည်တွင်း ခြိမ်းခြောက်မှုဖြစ်သည့် "အကြမ်းဖက်ဝါဒ" မှ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေရသည့်တစ်ပြိုင်တည်းတွင် ပြင်ပခြိမ်းခြောက်မှုဖြစ်သည့် COVID-19 ထိန်းချုပ်ရေးအတွက်ကိုလည်း တာဝန်ယူထားရသည်ဟု ပုံဖော်ထားသည်။ "ရှုပ်ထွေးလှသော အခြေအနေများ" နှင့် "စွမ်းဆောင်ရည် အကန့်အသတ်" ကို သေသေချာချာ ဇာတ်လမ်းဆင်ပြခြင်းဖြင့် နိုင်ငံတကာအကူအညီနှင့် ရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံ ဗဟိုအစိုးရမှတစ်ဆင့် စီးဝင်လာစေပြီး နောက်ဆုံးတွင် မြန်မာစစ်တပ်ဘဏ္ဍာတိုက်ထဲသို့ မလွဲမသွေ ရောက်သွားစေမည်ဖြစ်ပြီး ယင်းမှာ ယခု ကပ်ရောဂါတုံ့ပြန်ရေး အမည်အောက်တွင် ဖြစ်ပေါ်နေခြင်းဖြစ်သည်။

# ၇။ ထူးမခြားနား ဗဟိုချုပ်ကိုင်မှုမြင့်မားသော ကျန်းမာရေးစနစ်နှင့် ကူညီထောက်ပံ့ရေးဆိုင်ရာ အဆောက်အအုံ၊ ဖိုင်းရပ်စ်ပိုးအသစ်

၂၀၁၆ ခုနှစ်တွင် NLD ဦးဆောင်သော အစိုးရ အာဏာရလာသည့် အချိန်မှစ၍ နိုင်ငံ၏ ကျဆင်းနေသော ဗဟိုချုပ်ကိုင်မှုစနစ်မြင့်မားသည့် ကျန်းမာရေး အခြေခံ အဆောက်အအုံကို ပြုပြင်ပြောင်းလဲရာတွင် တိုးတက်မှု အနည်းငယ်မျှ ရှိခဲ့သော်လည်း ယင်းအတွက် နိုင်ငံတော် နှစ်စဉ်ဘတ်ဂျက်၏ (၅) ရာခိုင်နှုန်းအောက်သာ ပုံမှန် ထည့်ဝင် သုံးစွဲနေခဲ့သည်။ WHO ၏ ကမ္ဘာ့ကျန်းမာရေး စနစ် နောက်ဆုံးဆန်းစစ်ချက်တွင်[၁၁၇] လူထုကျန်းမာရေး ဆိုင်ရာ စွမ်းဆောင်ရည်နှင့်ပတ်သက်၍ နိုင်ငံပေါင်း (၁၉၁) နိုင်ငံအနက် မြန်မာနိုင်ငံကို အဆင့် (၁၉၀) သတ် မှတ်ပေးထားခဲ့ပြီး ကမ္ဘာပေါ်တွင် ကျန်းမာရေးအတွက် "မမျှတဆုံးသော ငွေကြေးထောက်ပံ့မှု" ရှိနေသည်ဟု ဖော်ပြထားသည်။[၁၁၈] မြန်မာနိုင်ငံသည် အစိုးရ ရွေးချယ် သတ်မှတ်ထားသည့် မြို့ပြနယ်မြေများမှလွဲ၍ WHO ၏ အနိမ့်ဆုံး စံသတ်မှတ်ချက် ဖြစ်သော လူဦးရေ (၁,၀၀၀) လျှင် ဆရာဝန် (၁) ဦးနှုန်း ဆိုသည့် စံနှုန်းကို ပြည့်မီစေရေး ဆောင်ရွက်ရန် ပျက်ကွက်နေပါသည်။[၁၁၉] ထို့အပြင် ကျန်း မာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ လျစ်လျူရှုမှု အမြစ် တွယ်နေခြင်းကြောင့် ပြဿနာရှိနေသည့် ကျန်းမာရေး ဆိုင်ရာ အခြေအနေများကို အချိန်ကာလ ကြာမြင့်စွာ ကတည်းကပင် ဒေသခံပြည်သူများက ထုတ်ဖော် ပြောပြခဲ့ ကြပြီး အထူးသဖြင့် တိုင်းရင်းသားပြည်နယ်များရှိ ကျေး လက်ဒေသများတွင် အစိုးရ၏ ကျန်းမာရေးဆိုင်ရာ ဝန် ဆောင်မှုများ ချို့တဲ့နေခြင်း၊ အစိုးရဆေးခန်းများ ဆောက် လုပ်ထားပြီး ဝန်ထမ်း၊ ဆေးဝါး သို့မဟုတ် ဆေးဝါးပစ္စည်း ကိရိယာများ မထားရှိပေးဘဲ စွန့်ပစ်ထားခြင်းကဲ့သို့သော ဖြစ်ရပ်များကို ထုတ်ဖော်ပြောဆိုထားကြသည်။[၁၂၀]

သို့ရာတွင် ယင်းကျန်းမာရေးစနစ်က ပြည်သူ လူထုများအပေါ် ထိရောက်သော ဝန်ဆောင်မှုများ မည် သည့်အချိန်ကမျှ မပေးခဲ့သော်လည်း ယခုအချိန်တွင် ကပ်ရောဂါဖြစ်ပွားမှု လျော့ချနိုင်ရေးအတွက် ကျန်းမာရေး ဆိုင်ရာ ဝန်ဆောင်မှုများ လုံလောက်စွာ ဆောင်ရွက်ပေး ရေးတာဝန်ကို အပ်နှင်းခြင်း ခံထားရသည်။ ထို့အပြင် တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်း (Ethnic Health Organization - EHO) များနှင့် လူထုအခြေ ပြု လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ရေးအဖွဲ့အစည်း များမှာလည်း ထိုကျန်းမာရေးစနစ်၏ ကျန်းမာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံအဆင့် COVID-19 တုံ့ပြန် ရေးဆိုင်ရာလုပ်ငန်းများနှင့် ကပ်ရောဂါတိုက်ဖျက်ရေးဆိုင် ရာ နိုင်ငံတကာ အကူအညီထောက်ပံ့မှုများမှ သိသာ ထင်ရှားစွာ ဖယ်ထုတ်ခြင်း ခံထားရသည်။ ထိုအဖွဲ့အစည်း များသည် ဆယ်စုနှစ်များစွာကပင် ပဋိပက္ခသက်ရောက်မှု ဒဏ် ခံနေရသော ဒေသများနှင့် အစိုးရ၏ အုပ်ချုပ်ရေး ပြင်ပတွင်ရှိသော နယ်မြေများမှ ထိခိုက်အလွယ်ဆုံးသော ပြည်သူလူထု (၁,၀၀၀,၀၀၀) နီးပါးကို ကျန်းမာရေးအခြေခံ စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေခဲ့ကြသည်။

၁၁၇ "လုပ်ငန်း ရှုပ်ထွေးလှမှုကြောင့်" ယခု WHO က အဆိုပါ ကမ္ဘာ့အဆင့် သတ်မှတ်ချက်များ မထုတ်ပြန်တော့ပါ။

၁၁၈ World Health Organization. "WHO World Health Report 2000 – Health Systems: Improving Performance." June 2000. Available at: https://www.who.int/whr/2000/en/

၁၁၉ Yu Mon Saw, Thet Mon Than, et al. "Myanmar's human resources for health: current situation and its challenges." Heliyon Vol. 5,3 e01390. 27 March 2019. Available at: https://www.ncbi.nlm.nih.gov/pmc/articles/PMC6441837/

၁၂၀ Kantarawaddy Times. "Centralization a Major Cause of Burma's Healthcare Woes, Ethnic Health Providers Say." 15 April 2020. Burma News International. Available at: https://www.bnionline.net/en/news/centralization-major-cause-burmas-healthcare-woes-ethnic-health-providers-say

# 'လုံလောက်စွာ ပြည့်ဆည်းပေးထားခြင်း' သို့မဟုတ် 'လိုအပ်ချက်များကို လျစ်လျူရှုခြင်း'

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကရင်နီပြည်နယ်မှ တိုင်းရင်းသားကျန်းမာရေးကွန်ရက်တစ်ခုတို့၏ ပြောရေးဆိုခွင့်ရှိသူများကို ပြည်တွင်းသတင်းမီဒီယာတစ်ခုက COVID-19 ဖြစ်ပွားချိန် မြန်မာ့ကျန်းမာရေးစနစ်၏ စွမ်းဆောင်ချက်နှင့် ပတ်သက်၍ ဧပြီလအတွင်း အင်တာဗျူး လုပ်ဆောင်ခဲ့သည်။

**မြန်မာနိုင်ငံသည် COVID-19 ကိုတိုက်ဖျက်ရန် လူအင်အား၊ စက်အင်အား၊ ဆေးဝါး အလုံအလောက်ရှိဟု ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြော**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာသာထွန်းကျော်နှင့် အမေးအဖြေကဏ္ဍမှ ကောက် နုတ်ချက်များ။
Myanmar Now ၏ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၅ ရက်နေ့ထုတ် တွင် ဖော်ပြခဲ့သည်။[၁၂၀]

**ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်သည် မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုတွင် ဒုက္ခများ၏ အဓိက အကြောင်းတရားဖြစ်သည်ဟု တိုင်းရင်းသားကျန်းမာရေးစောင့်ရှောက်သူများက ပြော**

ကရင်နီပြည်နယ် တိုင်းရင်းသား ကျန်းမာရေးကွန်ရက် ဒါရိုက်တာ ခွန်းဖီလစ်နှင့် အမေးအဖြေမှ ကောက်နုတ်ချက်များ။
၂၀၂၀ ခုနှစ် ဧပြီလ ၁၅ ရက်နေ့ထုတ် ကန္တာရဝတီတိုင်းမ်သတင်းတွင် ဖော်ပြခဲ့သည်။[၁၂၂]

"ကျန်းမာရေးဝန်ကြီးဌာနက အသွားအလာ ကန့်သတ်မှုတွေနှင့် သက်ဆိုင်တဲ့ နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်တွေ ပေးမယ်၊ ပြီးရင် ဒေသခံ အာဏာပိုင်တွေနှင့် အုပ်ချုပ်ရေးဌာနတွေက အကောင်အထည်ဖော် လုပ်ဆောင်ရမှာဖြစ်ပါတယ်။"

VS

"[မြန်မာနိုင်ငံမှာ] ဗဟိုထိန်းချုပ်မှု အရမ်းများတဲ့ အခါကျတော့ ဗဟိုက ဆုံးဖြတ်ချက်နဲ့ လုပ်တဲ့ဟာတွေက၊ ဘယ်လို ပြောရမလဲ၊ အသုံး မတည့်တာမျိုးပေါ့။ ဥပမာ ကပ်ရောဂါ Outbreak တစ်ခုဖြစ်တယ်ဆိုပါစို့၊ ကပ်ရောဂါတစ်ခုဖြစ်ပြီဆိုရင် သူ့လုပ်ထုံးလုပ်နည်းအရ ဆင့်ကဲဆင့်ကဲ တင်ပြရမယ်။ ပြီးရင် [အလုပ်မလုပ်ခင်] ဗဟိုညွှန်ကြားချက်ကို စောင့်ပြီးမှ ဆင့်ကဲဆင့်ကဲပြန်လုပ်ရတယ်။"

"ပိုးတွေ့တဲ့ လူနာများလာခဲ့ရင် အဲ့ဒီလူနာတွေကို ဆေးရုံတွေမှာ တင်ပြီး ကုသနိုင်ဖို့ တိုးချဲ့စီမံထားပါတယ်။ လူနာအနေအထားပေါ်ကြည့်ပြီး ဝေဘာဂီဆေးရုံ သို့မဟုတ် တောင်ဥက္ကလာပဆေးရုံမှာ ထားပါမယ်။ မန္တလေးမှာဆိုရင် ကန်တော်နဒီဆေးရုံပေါ့။ တခြားတိုင်းနဲ့ ပြည်နယ်တွေမှာလည်း လူနာတွေကို ပြည်သူ့ဆေးရုံကြီးတွေမှာ လက်ခံ ကုသနိုင်အောင် စီမံ ဆောင်ရွက်ထားပါတယ်။"

VS

"မြို့မှာကတော့ လူနေစိပ်လို့ လူဦးရေ အရ ဆေးခန်းတွေ အများကြီးရှိပြီး တော့မှ တောင်ပေါ်မှာက လူနေကျဲလို့ သူတို့ကို လူဦးရေများ မပြည့်လို့ ချန်ထားလိုက်မယ်ဆိုရင် ... ဒါဆိုလို့ရှိရင် ဒီတောင်ပေါ်မှာနေတဲ့ သူတွေက ကျန်းမာရေးအရ လျစ်လျူရှု ခံထားရတာမျိုး ဖြစ်နေတယ်။ အဲဒါကြောင့် အစိုးရရဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို လက်လှမ်းမမီဘဲ ဖြစ်နေတယ်။"

---

၁၂၀ Nyan Hlaing Lin. "Myanmar well-equipped to battle Covid-19, says health ministry spokesperson." Myanmar Now. 5 April 2020. Available at: https://myanmar-now.org/en/news/myanmar-well-equipped-to-battle-covid-19-says-health-ministry-spokesperson

၁၂၂ Kantarawaddy Times. "Centralization a Major Cause of Burma's Healthcare Woes, Ethnic Health Providers Say." 15 April 2020. Burma News International. Available at: https://www.bnionline.net/en/news/centralization-major-cause-burmas-healthcare-woes-ethnic-health-providers-say

**မြန်မာနိုင်ငံသည် COVID-19 ကိုတိုက်ဖျက်ရန် လူအင်အား၊ စက်အင်အား၊ ဆေးဝါး အလုံအလောက်ရှိဟု ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြော**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာသာထွန်းကျော်နှင့် အမေးအဖြေကဏ္ဍမှ ကောက်နုတ်ချက်များ။
၂၀၂၀ ပြည့်နှစ် ဧပြီလ ၅ ရက်နေ့ထုတ် Myanmar Now တွင် ဖော်ပြခဲ့သည်။

**ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်သည် မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုတွင် ဒုက္ခများ၏ အဓိက အကြောင်းတရားဖြစ်သည်ဟု တိုင်းရင်းသား ကျန်းမာရေးစောင့်ရှောက်သူများက ပြော**

ကရင်နီပြည်နယ် တိုင်းရင်းသား ကျန်းမာရေးကွန်ရက် ဒါရိုက်တာ ခွန်းဖီလစ်နှင့် အမေးအဖြေမှ ကောက်နုတ်ချက်များ။
၂၀၂၀ ပြည့်နှစ် ဧပြီလ ၁၅ ရက်နေ့ထုတ် ကန္တာရဝတီတိုင်းမ်သတင်းတွင် ဖော်ပြခဲ့သည်။

"နိုင်ငံတော်အစိုးရက ဒုသမ္မတ (မြင့်ဆွေ) ဦးဆောင်တဲ့ ကော်မတီ တစ်ဖွဲ့ဖွဲ့စည်းထားပြီး နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်တဲ့ ဗဟို ကော်မတီကိုလည်း ဖွဲ့စည်းထားတယ်။ ကော်မတီနှစ်ခုစလုံးက ကျနော်တို့ အပါအဝင် ဝန်ကြီးဌာနတွေ အားလုံးနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်။"

VS

"ဝန်ထမ်းတွေက ဗဟိုကနေ လေ့ကျင့်သင်ကြားပေးထားတဲ့သူတွေ ဖြစ်တယ်။ အောက်ခြေမှာ သူတို့က ဒေသခံတွေရဲ့ဘာသာစကားတွေ၊ ဓလေ့ထုံးတမ်းယဉ်ကျေးမှုတွေကို နားမလည်ဘူးဆိုရင် လူထုနဲ့ အဆင်မပြေဘူး။"

"ဆေးပညာရှင်တွေနဲ့ ပတ်သက်လို့ အခက်အခဲ မရှိဘူးလို့ပဲ ပြောချင်ပါ တယ်။ စက်ပစ္စည်းပိုင်းရော၊ ဆေးဝါးပိုင်း ရော၊ ပညာရှင်ပိုင်းရော အားလုံး လုံလုံလောက်လောက် ရှိပါတယ်။"

VS

"[အစိုးရက] အဆောက်အဦးပဲ ဆောက်ထားပေးတယ်။ လိုအပ်တဲ့ ဝန်ထမ်းအင်အားတွေ၊ ဆေးဘက်ဆိုင်ရာပစ္စည်းတွေ မထားပေးဘူးလေ။ တကယ်လို့ ဖျားနာလို့ လာမယ်ဆိုရင် သူနာပြုဆရာမ ရှိရင်တောင်မှ အဆောက်အဦးပဲ ရှိပြီး အထောက်အကူ ပစ္စည်း မရှိတဲ့ အခါကျတော့ သူလည်း ဘာမှ မလုပ်ပေးနိုင်ဘူး။"

COVID-19 ကာကွယ်တားဆီးရေးအတွက် မြန်မာနိုင်ငံသို့ဝင်လာသော နိုင်ငံတကာအကူအညီများမှာ နေပြည်တော်ရှိ ဗဟိုအစိုးရထံမှတစ်ဆင့်သာ ဆက်လက်စီးဝင်နေပြီး အစိုးရကမူ နိုင်ငံ၏အပစ်ပယ်ခံရဆုံးသူများထံ ရောက်မည်ဟုဆိုသည်။ ၂၀၁၉ ခုနှစ်တွင် 3MDG ရန်ပုံငွေကို ဆက်ခံခဲ့သည့် ကျန်းမာရေးလက်လှမ်းမီမှုအဖွဲ့ (Access to Health - A2H) သည် နိုင်ငံအတွင်း အရေးပါဆုံးသော ကျန်းမာရေးဆိုင်ရာ ရန်ပုံငွေဖြစ်ပြီး စုပေါင်း နိုင်ငံခြားအကူအညီ ဒေါ်လာ(၂၁၅) သန်း ရှိနေသည်။ ယင်းကို ကုလသမဂ္ဂစီမံကိန်း ဝန်ဆောင်မှုများရုံးက စီမံခန့်ခွဲပြီး မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ်အထိ (၅) နှစ်တာ သုံးစွဲသွားမည် ဖြစ်သည်။[၁၂၃] ယခုအစီရင်ခံစာ ရေးနေချိန်တွင် A2H ၏ အထူးသတ်မှတ်ထားသော COVID-19 တုံ့ပြန်ရေးဆိုင်ရာ ရန်ပုံငွေ ဒေါ်လာ (၇.၂) သန်းအနက် ဒေါ်လာ (၃၀၀,၀၀၀) ကိုသာ EHO များအတွက် သီးသန့်ခွဲပေးထားပြီး နောက်ထပ်သော ဒေါ်လာ (၁၀၀,၀၀၀) ကို ရှမ်းပြည်နယ်တောင်ပိုင်းတွင် လှုပ်ရှားနေသော ဒေသခံကျန်းမာရေးအဖွဲ့များသို့ ချပေးခဲ့သည်။ ယင်းပမာဏမှာ COVID-19 တုံ့ပြန်ရေးဆိုင်ရာ ရန်ပုံငွေစုစုပေါင်း၏ (၆) ရာခိုင်နှုန်းမျှပင် မရှိပေ။[၁၂၄]

---

၁၂၃ Access to Health. "About: Governance." Copyright 2020. Available at: https://www.accesstohealthfund.org/en/about

၁၂၄ Access to Health. "Covid19 Response Dashboard." Copyright 2020. Available at: https://www.

သို့ရာတွင် A2H ၏ COVID-19 တုံ့ပြန်ရေးဆိုင်ရာ ရန်ပုံငွေမှ ဒေါ်လာ (၃) သန်းကျော်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တိုက်ရိုက် ခွဲပေးလိုက်ပြီး ဒေါ်လာ (၁) သန်းမှာမူ ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် COVID-19 တုံ့ပြန်ရေးအတွက် ကုလသမဂ္ဂ OCHA က ခန့်ခွဲသည့် ရန်ပုံငွေထဲ ဝင်သွားမည် ဖြစ်သည်။[၁၂၅] တစ်ဘက်တွင် ယင်းပဋိပက္ခဒဏ် ခံနေရသော ဒေသများသို့ နိုင်ငံတကာအဖွဲ့များ ဝင်ထွက်သွားလာနိုင်ခွင့်အပေါ် အစိုးရမှ ကြီးမားသော ကန့်သတ်မှုများ ထားရှိနေဆဲ ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၀ ရက်နေ့တွင် ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကျန်းမာရေးစနစ်ဆိုင်ရာ COVID-19 ကုသရေးနှင့် ကာကွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာများ ဝယ်ယူရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဝန်ထမ်းအရည်အသွေး မြှင့်တင်ရန်တို့အတွက် "အမြန်လမ်းကြောင်းဖြင့် ဘဏ္ဍာငွေထောက်ပံ့ပေးသည့်စနစ်" အားဖြင့် ဒေါ်လာငွေ သန်း (၅၀) "ချေးယူမှု" ကို အတည်ပြုပေးခဲ့သည်။[၁၂၆] ထူးခြားချက်တစ်ခုအနေဖြင့် ကပ်ရောဂါကာလအတွင်း ရန်ပုံငွေထောက်ပံ့မှုကို ပေးအပ်ရာ၌ ကမ္ဘာတွင် အန္တရာယ်အရှိဆုံးဟု ယူဆရသည့် လူဦးရေ အလွန်ထူထပ်သိပ်သည်းသော နယ်မြေများ၌ ကျန်းမာရေး အထောက်အကူများ ပေးအပ်ရေး ဖြစ်သော်လည်း မြန်မာနိုင်ငံအတွက်မူ ဝေးလံခေါင်ဖျားသော ဒေသများရှိ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှု အနည်းဆုံးနှင့် အပစ်ပယ်ခံရဆုံး၊ အခွင့်အရေးအမဲ့ဆုံး လူထုအသိုင်းအဝိုင်းများအား ကူညီထောက်ပံ့ပေးရေး ဖြစ်မည်ဟု ဆိုနိုင်ပေသည်။

ထိုကဲ့သို့သော ကြီးမားသည့် ရန်ပုံငွေများကို ဗဟိုအစိုးရမှတစ်ဆင့်သာ လွှဲပြောင်းလုပ်ဆောင်နေပြီး တိုင်းရင်းသားကျန်းမာရေးဝန်ဆောင်မှု ကြိုးပမ်းချက်များအား မျှမျှတတပေးအပ်မှု မရှိခြင်းတို့ကြောင့် COVID-19 နှင့်ပတ်သက်သော အကူအညီများ ဖြန့်ဝေပေးရေး လုပ်ငန်းစဉ်တွင် နိုင်ငံတကာ၏ ပဋိပက္ခတုံ့ပြန်ရေးဆိုင်ရာ အခြေခံမူများ ဖြစ်သည့် "မည်သူ့မျှ မထိခိုက်စေရေး" မူကို ချိုးဖောက်ရာ ရောက်၊ မရောက် မေးခွန်းထုတ်စရာ ဖြစ်လာသည်။ ယခု ဆက်လက်ဖြစ်ပွားနေသော ပြည်တွင်းစစ်နှင့် လူပ်ရှားလည်ပတ်မှု မရှိသည့် အခြေခံ လူမှုအဆောက်အအုံတို့က တိုင်းရင်းသား လူထုအသိုင်းအဝိုင်းများကို ထိခိုက်လွယ်သည့် အခြေအနေသို့ တွန်းပို့နေပြီး ယင်းတိုင်းရင်းသား လူထုအသိုင်းအဝိုင်းများကို ကာကွယ်စောင့်ရှောက်ပေးရန် နိုင်ငံတကာအသိုင်းအဝိုင်းမှ မြန်မာအစိုးရအား နောက်တစ်ကြိမ် ထပ်မံအပ်နှင်းထားပြန်ရာ ယခုအကြိမ်တွင်မူ ကပ်ရောဂါမှ ကာကွယ်တားဆီးရေးအတွက်ဖြစ်ပြီး ယင်းမှာ တိုင်းရင်းသားတို့အတွက် ၎င်းတို့၏အသက်ကို အန္တရာယ်ဖြစ်စေသည့် ခြိမ်းခြောက်မှုများစွာထဲမှ တစ်ခုသာ ဖြစ်နေပါသည်။

---

accesstohealthfund.org/en/COVID19-dashboard

၁၂၅ Ibid.

၁၂၆ The World Bank. "Myanmar: $50 Million in Fast-Track Financing for National COVID-19 Emergency Response." 20 April 2020. Available at: https://www.worldbank.org/en/news/press-release/2020/04/20/myanmar-50-million-in-fast-track-financing-for-national-covid-19-coronavirus-emergency-response

# နိဂုံး

COVID-19 အကျပ်အတည်းကာလအတွင်း NLD အုပ်ချုပ်ရေးပိုင်းမှ မြန်မာစစ်တပ်အား နိုင်ငံရေးလက်တွဲလုပ်ဆောင်ခြင်းအားဖြင့် စနစ်ကျစွာနှင့် မဟာဗျူဟာကျကျ အာဏာပေးအပ်ခဲ့ရာ နှစ်လမကြာမီမှာပင် အရပ်သားပြည်သူများ၏လူသားလုံခြုံခွင့်၊ သတင်းအချက်အလက် ရယူပိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များ ပိုမိုလျော့ကျလာခဲ့သည်။ ယင်းလက်တွဲလုပ်ဆောင်မှုက ပဋိပက္ခသက်ရောက်မှုဒဏ် ခံရသော ရပ်ရွာလူထုအသိုင်းအဝိုင်းများအတွင်း အရပ်သားပြည်သူများ၏ အသက်အိုးအိမ်များကို ထိခိုက်စေခဲ့ပြီး ဖြစ်သကဲ့သို့ ဆက်လက် ထိခိုက်စေလိမ့်မည် ဖြစ်သည်။

ဤအချက်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၁ ရက်နေ့၌ ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ကြေညာချက်ထဲတွင်[၁၂၇] COVID-19 တုံ့ပြန်ရေးကြိုးပမ်းချက်များကို တိုင်းရင်းသား "အကြမ်းဖက်သမားများ" က ဖျက်ဆီးနှောင့်ယှက်နေသည်ဟု စွပ်စွဲကာ မြန်မာစစ်တပ်သည် အကြမ်းဖက်သမားများ၏ ရန်မှ နိုင်ငံတော်ကို ကာကွယ်ပေးနေသူအဖြစ် ချီးကျူးဂုဏ်ပြုခဲ့သည်။

**Coronavirus Disease 2019 (COVID-19) ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် နိုင်ငံတစ်ဝှမ်းလုံးရှိ အစိုးရ၊ ပြည်သူ၊ စေတနာ့ဝန်ထမ်းများက အလေးထား ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ULA/AA အကြမ်းဖက်အုပ်စုက ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်း အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသဖြင့် ပြည်သူလူထု၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် အသက်စွန့်၍ ရှပ်ရှပ်ချွံချွံတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားအရာရှိ စစ်သည်များအားလုံးကို အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုပါသည်"**

နိုင်ငံတော်အတိုင်ပင်ခံရုံး၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၁ ရက်နေ့

အကယ်၍ ယခု မြန်မာနိုင်ငံအနေဖြင့် စွပ်စွဲခံထားသည့် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အား ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုတို့က မြန်မာပြည်သူများအပေါ် ထားရှိသော မြန်မာစစ်တပ်၏ စိတ်ရင်းအမှန်ကို ပေါ်လွင်ထင်ရှားစေခြင်း မရှိသေးပါက COVID-19 ကာလအတွင်း လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးနှင့်ပစ်ခတ်မှုများ၊ အရမ်းကာရော ဖမ်းဆီးမှုများ၊ မတရား ညှဉ်းပန်းနှိပ်စက်မှုများ၊ ဥပဒေမဲ့ သတ်ဖြတ်မှုများက ပေါ်လွင်စေမည် ဖြစ်သည်။ ဆိုးရွားလှသော ရာဇဝတ်မှုများ ကျူးလွန်ထားခြင်းကြောင့် ICC နှင့် ICJ တို့တွင် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ပတ်သက်၍ ဖြေရှင်းနေရသည့် လက်ရှိ တရားစစ်ဆေးမှုများ ရှိနေသော်လည်း မြန်မာစစ်တပ်သည် COVID-19 ကပ်ရောဂါကို အကာအကွယ်ယူပြီး ပြစ်ဒဏ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်ကာ ဆိုးဝါးလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေကြောင်း ဧပြီလ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်ဟောင်း မစ္စယန်းဟီးလီ၏ ပွင့်လင်းသော ထုတ်ပြန်ကြေညာချက်တွင် "ဆယ်စုနှစ်

၁၂၇ Office of the State Counsellor. “Office of the State Counsellor releases statement expressing sadness over civilian casualties in Rakhine, Chin states.” 22 April 2020 (Originally published on 21 April 2020). Global New Light of Myanmar. Available at: https://www.globalnewlightofmyanmar.com/office-of-the-state-counsellor-releases-statement-expressing-sadness-over-civilian-casualties-in-rakhine-chin-states/

များစွာချို၍ [မြန်မာစစ်တပ်၏] နည်းနာများက အရပ်သားပြည်သူများကို ဒုက္ခများ ခံစားရစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် အဆိုးဆုံးအထိ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်" ဟု ဖော်ပြထားသည်။[၁၂၈] အကယ်၍ မြန်မာအစိုးရသည် မြန်မာစစ်တပ်နှင့် အမြီးချင်း လိမ်ယှက်နေခြင်းကို အမှန်တကယ် ခွဲထွက်လိုပါက နိုင်ငံတကာမှ တာဝန်ယူမှု၊ တာဝန်ခံမှုယန္တရားများကို မြန်မာနိုင်ငံအတွင်းသို့ အဟန့်အတားမရှိ ဝင်ထွက်ခွင့်ပေးရမည်ဖြစ်ပြီး လက်ရှိမတရားချိုးဖောက်မှုများကို စုံစမ်းဖော်ထုတ်ရန်သာမက ယခင်က ဖြစ်ခဲ့သည့် အကြမ်းဖက်မှု လှိုင်းလုံးများကိုပါ စုံစမ်းစစ်ဆေးရမည် ဖြစ်သည်။ သို့ရာတွင် မြန်မာအစိုးရသည် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် အင်တာနက်ပိတ်ဆို့ထားမှု၊ သတင်းထောက်များအပေါ် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုမှုများနှင့် EAO များအား "အကြမ်းဖက်အဖွဲ့" အဖြစ် တံဆိပ်ကပ်ခြင်းတို့ အပါအဝင် ၎င်းတို့၏ ဖိနှိပ်သည့်အမိန့်များကိုလည်း ရုပ်သိမ်းရမည် ဖြစ်သည်။

ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ဖွဲ့စည်းပုံပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှုများ ဆယ်စုနှစ်များစွာ ခံစားလာခဲ့ရသည့် နိုင်ငံတစ်နိုင်ငံတွင် COVID-19 သည် ရှိနှင့်ပြီးသား ဖိနှိပ်ရေးပုံစံများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အသုံးချခံနေရပြီး အပြန်အလှန် ချိတ်ဆက်မှုရှိနေသည့်အပြင် ပြည်တွင်းစစ် အရှိန်မြင့်လာနေသော ယခုကဲ့သို့ကာလအတွင်း COVID-19 ထိန်းချုပ်နိုင်ရန်သို့မဟုတ် နှိမ်နင်းနိုင်ရန်မှာ လွယ်ကူလှမည် မဟုတ်ပေ။ COVID-19 က မြန်မာစစ်တပ်၏ ရေရှည် ဗိုလ်ကျလွှမ်းမိုးနေနိုင်ခြင်းအပေါ် ခြိမ်းခြောက်သူဟု မြန်မာစစ်တပ်မှ ယူဆခံရသူများကို နှုတ်ဆိတ်သွားစေရေး လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းကို ပေးခဲ့ပြီး ခြိမ်းခြောက်သူများဟု ယူဆခံရသူများထဲတွင် EAO များနှင့် ၎င်းတို့၏ မဟာမိတ်ဟု ယူဆခံရသူများ၊ သတင်းထောက်များနှင့် ယခု အစီရင်ခံစာ ရေးသားနိုင်ရန်အတွက် သတင်းအချက်အလက် အများအပြားကို စုစည်းတင်ပြပေးခဲ့သော သတင်းမီဒီယာဌာနများ ပါဝင်နေသည်။ ယင်းလုပ်ရပ်ကို အထိန်းအကွပ်မရှိ လွှတ်ထားပါက HRD များနှင့် အခြားခုခံတော်လှန်သူများသည် NLD အုပ်ချုပ်ရေးပိုင်း၏ ဖိနှိပ်ရေးညွှန်ကြားချက်များနှင့် ယင်းတို့ကို ကြပ်မတ်အကောင်အထည်ဖော်သည့်မြန်မာစစ်တပ်၏လုပ်ဆောင်မှုတို့မှ ပစ်မှတ်ထား နှိပ်ကွပ်မှုများ ခံရမည့် အလားအလာရှိနေသည်။ ထိုအလားအလာများသည် အခိုင်အမာ ရှိနေပြီးသားဖြစ်ရာ မြန်မာနိုင်ငံအတွက် ဒီမိုကရေစီ အခြေခံသော အနာဂတ်ဖော်ဆောင်ရေးကို အားပေးထောက်ခံပြီး နိုင်ငံ၏ အပစ်ပယ်အခံရဆုံးသူများနှင့် သွေးစည်းညီညွတ်စွာ ရပ်တည်မည်ဆိုသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လှုပ်ရှားသူများအနေဖြင့် ထိုခြိမ်းခြောက်နေသော အလားအလာများကို ဆန့်ကျင်စိန်ခေါ်မှု လုပ်ဆောင်ခြင်းမပြုဘဲ မနေသင့်ပေ။

၁၂၈ UN OHCHR. "Myanmar: "Possible war crimes and crimes against humanity ongoing in Rakhine and Chin States" – UN Special Rapporteur Yanghee Lee."29 April 2020. Available at: https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=25838&LangID=E

# အကြံပြုတိုက်တွန်းချက်များ

## မြန်မာစစ်တပ်နှင့် မြန်မာအစိုးရသို့

- CSO များ၊ EAO များနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများမှ တောင်းဆိုထားသကဲ့သို့ အဓိပ္ပာယ်ပြည့်ဝပြီး ပြည့်စုံခြုံငုံမှုရှိသည့် တစ်နိုင်ငံလုံး အပစ်အခတ်တိုက်ခိုက်မှုရပ်စဲရေးကို ချက်ချင်းကြေညာရန်နှင့် အကောင်အထည် ဖော်ဆောင်ရန်၊
- တိုင်းရင်းသားလူမျိုးများအပေါ် အကြမ်းဖက်မှုများအားလုံး ချက်ချင်းရပ်တန့်ရန်နှင့် နိုင်ငံတစ်ဝှမ်းမှ အထူးသဖြင့် ပဋိပက္ခသက်ရောက်မှုဒဏ် ခံရသော တိုင်းရင်းသားနယ်မြေများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်နေခြင်းကို ချက်ချင်းရပ်တန့်ရန်၊
- လူသားချင်းစာနာမှုဆိုင်ရာ ကန့်သတ်ချုပ်ချယ်မှုများအားလုံး အဆုံးသတ်ပြီး ဒေသများအားလုံး အထူးသဖြင့် တိုင်းရင်းသားကျေးလက်ဒေသများနှင့် ပဋိပက္ခသက်ရောက်မှုဒဏ် ခံနေရသော ဒေသများကို အထူးအလေးပေး ထည့်သွင်းစဉ်းစားခြင်းအားဖြင့် လူသားချင်းစာနာမှုဆိုင်ရာ ကူညီထောက်ပံ့မှုများနှင့် လိုအပ်သော COVID-19 တုံ့ပြန်ရေးဆိုင်ရာ အထောက်အကူများ လွတ်လပ်စွာ ပို့ဆောင်နိုင်ရေး သေချာစွာ လုပ်ဆောင်ရန်၊
- EAO များ၏ COVID-19 ကာကွယ်တားဆီးရေးဆိုင်ရာ ကြိုးပမ်းချက်များအပေါ် ခြိမ်းခြောက်မှုများနှင့် ဟန့်တား နှောင့်ယှက်မှုများအားလုံး ချက်ချင်း ရပ်တန့်ရန်၊
- ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခအား ငွေကြေးထောက်ပံ့နေခြင်းကြောင့် လူသားချင်းစာနာမှုဆိုင်ရာ ကူညီထောက်ပံ့ခြင်းအပေါ် လိုအပ်ချက်များကို ဖြစ်ပေါ်စေမည့်အစား မြန်မာစစ်တပ်၏ များပြားလှသော (ရသုံးမှန်းခြေငွေစာရင်း) ဘတ်ဂျက်ကို လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့မှုများအတွက် ပြန်လည်ပြင်ဆင်သတ်မှတ်ရန်၊
- အကြီးစားရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝသယံဇာတ တူးယူထုတ်ဖော်နေမှု ရှေ့ဆောင်ရှေ့ရွက်လုပ်ငန်းများအား တရားဝင် ဆိုင်းငံ့ထားရေး ကြေညာရန်နှင့် အနာဂတ်တွင် ယင်းစီမံကိန်းများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက် ချပိုင်ခွင့်အာဏာကို ဒေသခံ လူထုအသိုင်းအဝိုင်းများထံသို့ လွှဲပြောင်းပေးအပ်ခြင်းအားဖြင့် ၎င်းတို့မှ ယင်းလုပ်ငန်းများနှင့်ပတ်သက်၍ မည်သို့ ရှေ့ဆက်လုပ်ဆောင်မည်ကို ပိုင်းခြားဆုံးဖြတ်စေရန်၊
- တိုင်းရင်းသားဒေသများအားလုံးရှိ မြန်မာစစ်တပ်မှ ကျောထောက်နောက်ခံပေးထားသော ဖွံ့ဖြိုးရေး စီမံကိန်းများအပါအဝင် တိုင်းရင်းသားနယ်မြေများရှိ မြန်မာစစ်တပ်၏ တပ်ဖွဲ့များကို ရုပ်သိမ်းရေးနှင့် စစ်ရေးအင်အား တိုးချဲ့မှုများ ရပ်တန့်ရေးကို ချက်ချင်းလုပ်ဆောင်ရန်၊
- EAO များနှင့် လက်နက်ကိုင်ပဋိပက္ခတို့အပေါ် "အကြမ်းဖက်ဝါဒ" ဆိုသည့် စကားလုံး သုံးစွဲခြင်းကို ရပ်တန့်ပြီး လက်ရှိပျက်ပြားနေသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများအစား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို လေးစားလိုက်နာသည့် အားလုံးပါဝင်မှုရှိသော နိုင်ငံရေးဆွေးနွေးပွဲ ဖြစ်မြောက်ရေးကို စိတ်ရင်းအမှန်ဖြင့် လုပ်ဆောင်ရန်၊
- သတင်းထောက်များ၊ အနုပညာဖန်တီးသူများနှင့် HRD များကို တရားစွဲဆိုခြင်းနှင့် နှောင့်ယှက် စော်ကားခြင်းများ ရပ်တန့်ပြီး တိုင်းရင်းသား သတင်းမီဒီယာ ဝက်ဘ်ဆိုက်များအား ပိတ်ပင်ထားမှုများကို အဆုံးသတ်ရန်၊

- ဖိနှိပ်ရေး ဥပဒေများကို ဖျက်သိမ်းပြီး စာနယ်ဇင်းလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များကို လေးစားလိုက်နာမည့် ဥပဒေများ ပြဋ္ဌာန်းပေးရန်၊
- ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ ဒေသခံအသိုင်းအဝိုင်းများမှ ၎င်းတို့၏ ဘေးကင်းလုံခြုံရေးအတွက် လိုအပ်သော သတင်းအချက်အလက်များ လွတ်လပ်စွာရယူနိုင်ရန်နှင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် ပြင်ပရှိ ပြည်သူများကို ၎င်းတို့၏ အခြေအနေနှင့်ပတ်သက်၍ သတင်းပေးပို့ အသိပေးနိုင်ရန်အတွက် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် အင်တာနက် လက်လှမ်းမီမှု အပြည့်အဝ ပြန်လည်ပေးအပ်ရန်နှင့် အခြေအနေများ ဖန်တီးပေးရန်၊
- တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းများ (EHO) ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုသည့်အနေဖြင့် သက်ဆိုင်ရာ EAO နယ်မြေများတွင် COVID-19 နှင့်ဆက်စပ်သော ကျန်းမာရေးဝန်ဆောင်မှုများ ပေးနေသော EHO များကို ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ရင်းမြစ်များနှင့် ငွေကြေးပိုင်းဆိုင်ရာထောက်ပံ့မှုများကို ဖက်ဒရယ်ဒီမိုကရေစီ အခြေခံမှုများနှင့်အညီ ကူညီထောက်ပံ့ပေးရန်၊ နှင့်
- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပြီး ဗဟိုချုပ်ကိုင်မှုထက် ဒေသဆိုင်ရာအား စီမံခန့်ခွဲစေသည့် အားလုံးပါဝင်မှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ထောက်ပံ့စီမံမှုများကို ပေးဆောင်ရာ၌ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်အား ပြဋ္ဌာန်းရန်။

## နိုင်ငံတကာ အလှူရှင်များ၊ NGO များ၊ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများနှင့် အစိုးရများသို့

- မြန်မာအစိုးရနှင့် မြန်မာစစ်တပ်တို့အနေဖြင့် ၎င်းတို့လိုက်နာရမည့် နိုင်ငံတကာ တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်စေရန်၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများ၊ အခြေခံမှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေများ လိုက်နာမှု ရှိလာစေရန်အတွက် အောက်ပါအချက်များကို တိုက်တွန်းတောင်းဆိုရန် -
  - အဓိပ္ပာယ်ပြည့်ဝပြီး ပြည့်စုံခြုံငုံမှုရှိသော တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်၊
  - တိုင်းရင်းသားနယ်မြေများရှိ ဆိုးဝါးလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခြင်းကို ရပ်တန့်ရန်၊
  - အင်တာနက်ပိတ်ဆို့ထားမှုနှင့် တိုင်းရင်းသား သတင်းမီဒီယာများအား ပိတ်ဆို့ထားမှုများကို အဆုံးသတ်ရန်၊
  - လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများကို အဟန့်အတားမရှိဘဲ လွတ်လပ်စွာ ပို့ဆောင်နိုင်ရေး သေချာစွာ လုပ်ဆောင်ရန်၊
  - သတင်းထောက်များ၊ HRD များ၊ တက်ကြွလှုပ်ရှားသူများနှင့် အနုပညာ ဖန်တီးသူများအား တရားစွဲဆိုမှုများနှင့် နှောင့်ယှက်စော်ကားမှုများကို အဆုံးသတ်ရန်၊
- မြန်မာနိုင်ငံအခြေအနေကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးသို့မဟုတ် လိုအပ်ချက်နှင့်အညီ အထူးခုံရုံးတစ်ခုသို့ လွှဲပြောင်းပေးခြင်းအားဖြင့် ဆိုးဝါးလှသည့် နိုင်ငံတကာ ရာဇဝတ်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိလာစေရေး လုပ်ဆောင်ရန်၊
- အကြီးစားရင်းနှီးမြှုပ်နှံမှုနှင့် သဘာဝသယံဇာတများထုတ်ဖော်တူးယူမှုရှေ့ဆောင်ရွေ့ရှက်လုပ်ငန်းများအား တရားဝင် ဆိုင်းငံ့ထားရေးနှင့် ရုပ်သိမ်းနုတ်ထွက်ခြင်းကို အားပေးရန်နှင့် ယင်းစီမံကိန်းများနှင့်ပတ်သက်၍ အနာဂတ်အတွက် ဆုံးဖြတ်ချက် ချပိုင်ခွင့်အာဏာကို ဒေသခံလူထုအသိုင်းအဝိုင်းများသို့ လွှဲပြောင်းပေးရေးအတွက် မြန်မာအစိုးရအား တောင်းဆိုသွားရန်၊
- စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အား ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုအတွက် မြန်မာနိုင်ငံအပေါ် ခိုင်လုံသည့် အလေးအနက်ထား တရားစွဲဆိုမှုများ ရှိနေချိန်တွင် နိုင်ငံတကာ အလှူရှင်

များအနေဖြင့် ၎င်းတို့၏ ငွေကြေးများကို တိုင်းရင်းသားလူမျိုးများအပေါ် ဆက်လက်လုပ်ဆောင်နေသည့် ထိုးစစ်ဆင်မှုများ၏ ကုန်ကျစားရိတ်အတွက် ဖြည့်ဆည်းပံ့ပိုးပေးမှုမျိုးကဲ့သို့သော တလွဲ အသုံးပြုမှုများ မဖြစ်ပွားစေရေး သေချာစွာ လုပ်ဆောင်ရမည့် တာဝန်ရှိနေသည်။ ယခုကဲ့သို့သော အလွန်အမင်း ထိရှလွယ်သည့် နိုင်ငံရေးအခင်းအကျင်းတွင် ဗဟိုအစိုးရသည် ကြားနေသူ မဟုတ်သည်ကို နားလည်ထား ရမည်ဖြစ်ပြီး ရန်ပုံငွေထောက်ပံ့မှုများကို နေပြည်တော်သို့သာ တိုက်ရိုက်သွားစေခြင်းသည် လက်နက်ကိုင် ပဋိပက္ခကို ပိုမိုဆိုးဝါးလာစေနိုင်သည့် အလားအလာများ ရှိနေသည့်အပြင် တိုင်းရင်းသားများ၏ အခွင့် အရေးများနှင့် တိုင်းရင်းသားများ၏ ရှိနှင့်ပြီးသော ကျန်းမာရေး အခြေခံအဆောက်အအုံများကို ပျက်စီးစေ နိုင်ကြောင်း နားလည်ထားရမည် ဖြစ်သည်။ ထို့ကြောင့် COVID-19 တုံ့ပြန်ရေးဆိုင်ရာ ကြိုးပမ်းမှုများကို ကူညီပံ့ပိုးနေသော နိုင်ငံတကာမှ လုပ်ရှားသူများသည် –

- ပဋိပက္ခသက်ရောက်မှုဒဏ် ခံနေရသော နိုင်ငံ၏ အပစ်ပယ်ခံရဆုံး ရပ်ရွာလူထု အသိုင်းအဝိုင်း များထံသို့ ကူညီထောက်ပံ့မှုများ ရောက်ရှိစေရေးအတွက် ကူညီရေးလမ်းကြောင်းမျိုးစုံမှတစ်ဆင့် ပဋိပက္ခသက်ရောက်မှုဒဏ် ခံရသူများအားလုံး ရရှိစေရေးကို သေချာစွာ လုပ်ဆောင်ရမည်ဖြစ် သည်။ ထိုအထဲတွင် –
- COVID-19 တုံ့ပြန်ရေးအတွက် နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ရသူများနှင့် အခြားသော ပဋိပက္ခဒဏ် ခံနေရသည့် ဒေသများတွင် မရှိမဖြစ် အခြေခံဝန်ဆောင်မှုများ ပေးနေသော EHO များနှင့် တိုင်းရင်းသား လူထုအခြေပြုအဖွဲ့အစည်းများအား သာတူညီမျှမှုရှိသော နယ်စပ် ဖြတ်ကျော် တိုက်ရိုက်ကူညီထောက်ပံ့မှုများ လက်လှမ်းမီရရှိရေး လုပ်ဆောင်ပေးခြင်းတို့ ပါဝင်ပါ သည်။

ရှေ့ပြေးအသံအဖွဲ့

www.progressivevoicemyanmar.org

info@progressive-voice.org